ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ (28-4-2004) (၄၂၁၇)

ယနေ့ထုတ်စောင်ရေ ၁၉၅၉၃၈

တပေါ စ တော် မင်္ဂလ မုတ္တမံ။	ငြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

စုစည်းပူးပေါင်း အကောင်အထည်ဖော်

☆ မိမိတို့နိုင်ငံ၌ ဖြစ်ပေါ်နေသော အစစ မပြည့်စုံသေးသည့် အခြေအနေများနှင့် လက်ငင်းရင်ဆိုင်ကြုံတွေ့ရသည့် အခြေအနေများကြားမှ မိမိတို့ကြိုးစား၍ ယခုကဲ့သို့ လျှပ်စစ်စီမံကိန်း လုပ်ငန်းများကို အကောင်အထည်ဖော်သည့်အခါ သက်ဆိုင်ရာဌာနအားလုံး စုစည်းပူးပေါင်း အကောင်အထည်ဖော်ရန် လိုအပ်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

မိမိတို့အကောင်အထည်ဖော်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းအချို့မှာ ပြီးစီးတော့မည်ဖြစ်
၂၀၀၄ခုနှစ်ကုန်ခန့်တွင် တိုင်းပြည်၏ ဓာတ်အားလိုအပ်ချက် အထိုက်အလျောက်အဆင်ပြေသွားမည်
တိုးတက်ရရှိလာသော လျှပ်စစ်ဓာတ်အားကို အဖြုန်းအတီးမရှိရအောင် ခြိုးခြံချွေတာသုံးစွဲ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဧပြီ ၂၇

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီခွဲတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) စစ်ဆင်ရေးအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘို၊ ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦး၊ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်းနှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်၊

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

၂၈-၄-၂၀၀၄
(ဗုဒ္ဓဟူးနေ့)

စေတနာ့ဝန်ထမ်းလုပ်ငန်းများ ဖန်တီးဖော်ဆောင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဆက်လက်ကြိုးပမ်း

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားပြည်သူများအားလုံး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု၏ အကျိုးရလဒ်ကောင်းများ ပြည့်ပြည့်ဝဝ ရရှိခံစားနိုင်စေရန် လူမှုရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှု အခြေခံကောင်းများကို အကောင်အထည်ဖော် တည်ဆောက်ပေးလျက်ရှိသည်။

နိုင်ငံတော်ကြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရေး ကြိုးပမ်းတည်ဆောက်လျက်ရှိရာတွင် လူမှုရေးအသိစိတ်ဓာတ် ထက်သန်ပြင်းပြစွာဆောင်ရွက်နေကြသည့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ၏ ကြိုးပမ်းစွမ်းဆောင်မှုအခန်းကဏ္ဍသည် အရေးပါလျက်ရှိသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက စေတနာ့ဝန်ထမ်း လူမှုရေးအသင်းအဖွဲ့များ ရှင်သန်ဖြစ်ထွန်းနေစေရေးအတွက် အားပေးကူညီလျက်ရှိသည်။ နိုင်ငံတော်တွင် လူဦးရေအများဆုံးဖြစ်သည့် မိခင်နှင့်ကလေးများအား ပြုစုစောင့်ရှောက်ပေးနေသည့် လူမှုရေးအသင်းအဖွဲ့တစ်ရပ်ဖြစ်သော မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကို သီးခြားဥပဒေတစ်ရပ်ပြဋ္ဌာန်းပြီး ဖွဲ့စည်းထူထောင်ပေးထားသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ယခုအခါ ဗဟိုကောင်စီဝင် ၆၁ဦး၊ ဗဟိုအလုပ်အမှုဆောင် ၁၅ ဦး၊ မြို့နယ်အသင်း ၃၂၄ သင်း၊ ကျေးရွာ၊ ရပ်ကွက်အဆင့်နှင့် စက်ရုံ၊ အလုပ်ရုံ၊ တပ်ရင်းတပ်ဖွဲ့များ၌ အသင်းခွဲ ၁၄၄၀၀ တို့ကို ဖွဲ့စည်းထားသည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းလုပ်ငန်းများကို ရာသက်ပန်အသင်းဝင် ၈၆၄၀၀၀ ကျော်၊ သာမန်အသင်းသား ၂ ဒသမ ၉ သန်းကျော်ဖြင့် စည်းရုံးလှုပ်ရှားလျက်ရှိသည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း (၁၄)ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ဖွင့်ပွဲအခမ်းအနားကို ဧပြီလ ၂၄ ရက်နေ့က တောင်ဥက္ကလာပမြို့နယ်ရှိ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘက်စုံအဆောက်အအုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားကျန်းမာရေးကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ အမှာစကားပြောကြားသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် **စီးပွားရေး၊ လူမှုရေးဘဝတိုးတက်မြင့်မားမှု၊ ကလေးသူငယ်များ၊ လူငယ်လူရွယ်များနှင့်တကွ သက်ကြီးရွယ်အိုများအပါအဝင် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတစ်ရပ်လုံး၏ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်မှုစသော အကျိုးပြုစေတနာ့ဝန်ထမ်း ကရုဏာရှင်လုပ်ငန်းများစွာကို ဖန်တီးဖော်ဆောင်ပေးနိုင်လျက်ရှိသည်ကို နားလည်သဘောပေါက်ခံယူပြီး မိမိတို့အသင်းကြီး၏ မွန်မြတ်မြင့်မားသော လူမှုစောင့်ရှောက်ရေးလုပ်ငန်းတာဝန်များ အရှိန်အဟုန်မပျက် ဆက်လက်အောင်မြင်ဖြစ်ထွန်းစေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြပါ** ဟု တိုက်တွန်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းသည် ကျန်းမာရေးကဏ္ဍတွင် သားဖွားခန်းများဖွင့်လှစ်ပြီး ကိုယ်ဝန်စောင့်ရှောက်မှုနှင့် အန္တရာယ်ကင်းစွာ မွေးဖွားပေးမှုများအတွက် ကူညီလျက်ရှိသည်။ ထို့အပြင် ကလေးသူငယ်များ ရှင်သန်ဖွံ့ဖြိုးစေရန် အာဟာရပြုစုပျိုးထောင်ရေး၊ သက်ကြီးရွယ်အိုများ စောင့်ရှောက်ရေး၊ ပြည်သူများ ရောဂါတားဆီးကာကွယ်နိုင်ရေးအတွက် အနာကြီးရောဂါ တိုက်ဖျက်ရေး၊ အဆုတ်တီဘီရောဂါတိုက်ဖျက်ရေးလုပ်ငန်းများတွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

ပညာရေးကဏ္ဍတွင် ဝင်ငွေနည်းသည့် မိသားစုများ၏ ကျောင်းနေအရွယ် ကလေးများ ပညာသင်ကြားနိုင်ရေးအတွက် အားပေးကူညီဖြည့်ဆည်းပေးလျက်ရှိရာ ၁၉၉၆ ခုနှစ်မှ ၂၀၀၃ ခုနှစ်အထိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသူ၊ ကျောင်းသား ဆယ်သိန်းကျော်ကို ပညာသင်စရိတ်များ ထောက်ပံ့ပေးနိုင်ခဲ့ကြောင်း သိရသည်။

ယနေ့အချိန်အခါသည် မြန်မာအမျိုးသမီးထုကြီး၏ ကောင်းမြတ်သော သမိုင်းအစဉ်အလာနှင့် ထက်မြက်သော စွမ်းရည်တို့ကို စုစည်းပြီး တိုင်းကျိုးပြည်ဆောင် အမျိုးသားရေးစွမ်းအားစုကြီးအဖြစ် ဖော်ဆောင်ပေးနိုင်ရန် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က စည်းရုံးဦးဆောင်လျက်ရှိသည့် အချိန်အခါဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဆင့်ဆင့်အနေဖြင့် နိုင်ငံတော်၏ အားပေးကူညီမှုများနှင့်အတူ ကလေးသူငယ်၊ လူငယ်လူရွယ်နှင့် သက်ကြီးရွယ်အိုများအတွက် စေတနာ့ဝန်ထမ်း အကျိုးပြုလုပ်ငန်းများကို ဖန်တီးဖော်ဆောင်ရင်း စီးပွားရေး၊ လူမှုရေး ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဓာတ်မြေသြဇာစက်ရုံများ ကုန်ထုတ်လုပ်မှုတိုးတက်စေရန် ကြိုးပမ်း ပြည်တွင်းသုံးစွဲမှုဖူလုံစေရန် ရေနံနှင့်ဓာတ်ငွေ့ တိုးတက်ထုတ်လုပ်

ရန်ကုန် ဧပြီ ၂၇

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီသည် ယမန်နေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ၂၀၀၄-၂၀၀၅ခုနှစ် ပထမသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ၂၀၀၄-၂၀၀၅ခုနှစ် ပထမသုံးလပတ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက် အဖွင့်အမှာစကားပြောကြားစဉ်။ (စွမ်းအင်)

ညှိနှိုင်းဆွေးနွေး

ယင်းအစည်းအဝေးတွင် ပြီးခဲ့သည့် စတုတ္ထသုံးလပတ် ကာလအတွင်း ဓာတ်မြေသြဇာထုတ်လုပ်နိုင်မှု အခြေအနေများကို ပြန်လည်သုံးသပ်၍ လာမည့် ဒုတိယသုံးလပတ်ကာလအတွက် ဓာတ်မြေသြဇာစက်ရုံများ ချောမွေ့စွာ လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော သဘာဝဓာတ်ငွေ့နှင့် လျှပ်စစ်ဓာတ်အား ပြည့်ဝစွာရရှိရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးကြပြီး စက်ရုံအလိုက် ဓာတ်မြေသြဇာတိုးတက်ထုတ်လုပ်ရမည့် လျာထားချက်များကို ချမှတ်သည်။

ထို့နောက်ဝန်ကြီးက ကုန်ထုတ်လုပ်မှု တိုးတက်ရေး၊ အလေအလွင့် ထိန်းသိမ်းရေးနှင့် မသမာမှု လျော့နည်းပပျောက်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အဖွင့်အမှာစကား

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၏ ၂၀၀၄-၂၀၀၅ခုနှစ် ပထမသုံးလပတ်လုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို ယင်းနေ့ မွန်းလွဲ ၁နာရီတွင် အဆိုပါအစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

အစည်းအဝေးတွင် ပြီးခဲ့သည့် စတုတ္ထသုံးလပတ်အတွင်း ရေနံမြေအလိုက် ရေနံနှင့် သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်နိုင်ခဲ့မှု အခြေအနေများကို ပြန်လည်သုံးသပ်ပြီး လာမည့် ဒုတိယသုံးလပတ် ကာလအတွက် ရေနံမြေအလိုက် ရေနံနှင့်သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်ရမည့် အစီအစဉ်များကို ချမှတ်သည်။

တိုးတက်ထုတ်လုပ်

ထို့နောက် ဝန်ကြီးက ပြည်တွင်းသုံးစွဲမှုဖူလုံစေရန် ရေနံနှင့် သဘာဝဓာတ်ငွေ့များကို အားကြိုးမာန်တက် တိုးတက်ထုတ်လုပ်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အစည်းအဝေးများသို့ စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံမှူးများ၊ ရေနံမြေ အထွေထွေမန်နေဂျာများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (သတင်းစဉ်)

ချင်းတိုင်းရင်းသားလေ့လာရေးအဖွဲ့ဝင်များ ရွှေတိဂုံစေတီတော်ဖူးမြော်၊ အမျိုးသားပြတိုက်လေ့လာ

ရန်ကုန် ဧပြီ ၂၇

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ၏ ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီ၏အစီအစဉ်ဖြင့် တန်ခိုးကြီးဘုရားများဖူးမြော်ရန်နှင့် နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို ကြည့်ရှုလေ့လာရန် ရန်ကုန်မြို့၌ ရောက်ရှိနေကြသော ချင်းပြည်နယ် ရေဇွာဒေသမှ ချင်းတိုင်းရင်းသား၊ တိုင်းရင်းသူ လေ့လာရေးအဖွဲ့ဝင် ၅၀တို့သည် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သန်း လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး အလှူငွေများ ထည့်ဝင်လှူဒါန်းကြသည်။

ရှင်းလင်းပြသ

ဆက်လက်၍ မဟာဝိဇယစေတီတော်သို့ သွားရောက်ဖူးမြော်ကြည်ညိုကြသည်။ ထိုမှတစ်ဆင့် လေ့လာရေးအဖွဲ့ဝင်များသည် အမျိုးသားပြတိုက်သို့ သွားရောက် ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား လက်တွေ့ရိုက်ကူးထုတ်လွှင့်မှုများကို တာဝန်ရှိသူများက ရှင်းလင်းပြသသည်။ ဆက်လက်၍ လေ့လာရေးအဖွဲ့ဝင်များသည် ညနေပိုင်းတွင် သမ္မတအဆင့်မြင့် ရုပ်ရှင်ရုံ၌ ရုပ်ရှင်ကြည့်ရှု အပန်းဖြေကြသည်။

အဆိုပါလေ့လာရေးအဖွဲ့ဝင်များအား ယမန်နေ့ညနေပိုင်းတွင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးသန်းဆွေသည် ယင်းတို့ တည်းခိုနေထိုင်ရာ အမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း ဘုရင့်နောင်၌ သွားရောက်တွေ့ဆုံနှုတ်ဆက်၍ လိုအပ်သည်များကို စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်

ဧပြီ ၂၇ရက်က နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဝင်းအောင်နှင့် ဇနီးတို့ အစ္စရေးနိုင်ငံ၏ လွတ်လပ်ရေးနေ့ အထိမ်းအမှတ် ညစာစားပွဲသို့ တက်ရောက်လာရာ မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Yaacov Avrahamy **နှင့် ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။** (သတင်းစဉ်)

ကျူးကျော်သူများကို အီရတ်ပြည်သူများစုစည်းမောင်းထုတ်

နာဂျက်ဖ်ကို ကန်တပ်ဖွဲ့ဝင်များ တိုက်ခိုက်လျှင် အသေခံဗုံးဖောက်ခွဲ၍ ပြန်တိုက်မည်

ကူဖာ(အီရတ်) ဧပြီ ၂၆

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံ၏ ဘာသာရေးမြို့တော်နာဂျက်ဖ်အား တိုက်ခိုက်လာခဲ့ပါက မိမိက အသေခံဗုံးဖောက်ခွဲသူများစေလွှတ်၍ ဖောက်ခွဲနိုင်းမည်ဖြစ်ကြောင်း အီရတ်နိုင်ငံ၏ ရှီးယိုက်ခေါင်းဆောင် အယ်လ်ဆာဒါးက သောကြာနေ့တွင် ပြောကြားလိုက်ပြီး တစ်နိုင်ငံလုံးရှိ ပြည်သူများအနေဖြင့် ကျူးကျော်သူများအား မောင်းထုတ်ရန်အတွက် စုစည်းကြရန်ကိုလည်း တိုက်တွန်းဆော်ဩလိုက်သည်။

အမေရိကန် တပ်ဖွဲ့ဝင်များက နာဂျက်ဖ်မြို့ပြင်ဘက်တွင် တပ်ဖြန့်ကြက်ထားပြီး ဆာဒါးအား ဖမ်းဆီးရန် သို့မဟုတ် သတ်ဖြတ်ရန်နှင့် ၎င်း၏ လက်နက်ကိုင်တပ်ဖွဲ့အား ဖျက်သိမ်းရန် သန္နိဋ္ဌာန်ချမှတ်ထားသည်။

— ညှိနှိုင်းချိန်ပေး —

မည်သို့ပင်ဖြစ်စေကာမူ အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်နိုင်ငံသား ညှိနှိုင်းရေးသမားများအား လိပ်ခဲတည်းလည်း ဖြစ်နေသည့် အခြေအနေအဆုံးသတ်ရေးအတွက် ညှိနှိုင်းချိန်ပေးထားသည်။ ရှီးယိုက်ခေါင်းဆောင် ဆာဒါးအား ဆန့်ကျင်သည့် မည်သည့်လုပ်ရပ်မျှ လတ်တလော ပေါ်ပေါက်လာခြင်း မရှိသေးပေ။

နာဂျက်ဖ်မြို့ရှိ ထောင်ချီရှိသည့် ရှီးယိုက်များအနေဖြင့် အီရတ်နိုင်ငံ သိမ်းပိုက်ရေးသမားများ၏ လက်တွင်းသို့ မည်သည့်အချိန်အခါမျှ မသက်ဆင်းနိုင်ကြောင်း ဆာဒါးက ကူဖာမြို့တွင် သောကြာနေ့က ပြောကြားသည်။

— ခွင့်ပြုချက်တောင်းခံ —

နာဂျက်ဖ်မြို့အား သွေးမြေကျသည်အထိ ကာကွယ်စောင့်ရှောက်ကြမည်ဖြစ်ကြောင်း၊ ယုံကြည်မှုရှိသူ ယောကျ်ားမိန်းမများ မိမိထံလာရောက်ကာ အာဇာနည်အဖြစ် လာရောက်ကြရန်နှင့် အာဇာနည်တစ်ဦး စွန့်လွှတ်ဆောင်ရွက်ရမည့်လုပ်ငန်းတို့ ဆောင်ရွက်နိုင်ရန်အတွက် ခွင့်ပြုချက်တောင်းခံကြရန် ဆာဒါးက ဆော်ဩသည်။

— ရပ်ဆိုင်းမည်မဟုတ် —

မိမိအားယုံကြည်သူများအား အာဇာနည်အဖြစ် စွန့်လွှတ်ဆောင်ရွက်ရမည့် လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် စောင့်ဆိုင်းကြရန် မိမိကပြောကြားနေရကြောင်း၊ သို့ရာတွင် မိမိတို့ ဘာသာရေး မြို့များနှင့် ဘာသာရေးခေါင်းဆောင်များအား တိုက်ခိုက်လာခဲ့ပါက မိမိတို့သည် ချိန်ကိုက်ဗုံးများအဖြစ် ရောက်ရှိလာကြမည်ဖြစ်ပြီး ရန်သူတပ်ဖွဲ့ဝင်များ မပျက်မစီးမချင်း မိမိတို့အတိုက်အခိုက် ရပ်ဆိုင်းမည်မဟုတ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

စစ်ဆေး

ဧပြီ ၂၅ ရက်က ဖော်လူဂျာမြို့တွင် သိမ်းဆည်းရမိသည့် ဒုံးပစ်လောင်ချာများကို အမေရိကန် မရိန်းတပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အာရှနိုင်ငံများ ကမ္ဘာနှင့်ဆက်ဆံရာတွင်နှစ်ဦးနှစ်ဖက်အကျိုးရှိရေး စည်းလုံးညီညွတ်မှုရှိကြရန် လိုအပ်

ပီနန် ဧပြီ ၂၅

အာရှတိုက်အနေဖြင့် ကမ္ဘာနှင့်ဆက်ဆံရာတွင် ယခုထက်ပိုမိုဖွင့်ပေးရန်နှင့် နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် ရလဒ်များရရှိအောင် ရှာကြံကြိုးပမ်းရန် မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသာမိုဟာမက်က စနေနေ့တွင် တိုက်တွန်းလိုက်သည်။

တိုက်တွန်း

မလေးရှား ဝန်ကြီးချုပ်ဟောင်း မဟာသာမိုဟာမက်က အာရှဆိုင်ရာ ပီနန်ဖိုရမ်၏ ၂၀၀၄ ခုနှစ်နှစ်ပတ်လည် အစည်းအဝေး ဖွင့်ပွဲအခမ်းအနားတွင် အထက်ပါအတိုင်း တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

"ကမ္ဘာနှင့် ရင်းနှီးပွင့်လင်းစွာ ဆက်ဆံ၊ နှစ်ဦးနှစ်ဖက်အကျိုးရှိမည့် ရလဒ် အာရှဖော်ဆောင်"ဟူသော အကြောင်းအရာနှင့် စပ်လျဉ်းသည့် ၎င်း၏ မိန့်ခွန်းတွင် ဝန်ကြီးချုပ်ဟောင်း မဟာသာမိုဟာမက်က "တံခါးဖွင့်ဆက်ဆံရန် အာရှတိုက်အပေါ် ဖိအားပေးမှုမှာ ယခုတိုင် ဆက်လက်တည်ရှိဆဲဖြစ်ကြောင်း၊ အာရှတိုက်အနေဖြင့် နောက်တစ်ကြိမ် နစ်နာဆုံးရှုံးမှုနှင့် ထပ်မတွေ့စေရန် အနာဂတ် ကမ္ဘာ့ကုန်သွယ်ရေး လက္ခဏာဖော်ဆောင်ရေးတွင် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားလိုက်သည်။

အာရှနိုင်ငံများသည် သဘောထားကွဲလွဲမှုများကို ဘေးဖယ်ထားပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် ရလဒ်ကို လက်တွဲရှာကြံရမည်ဖြစ်ကြောင်း၊ ထို့ပြင် အာရှတိုက်အနေဖြင့် မဖြစ်မနေ ကျော်လွှားရမည့် အတားအဆီးမှာ တစ်သွေးတစ်သံတည်း ပြောဆိုနိုင်ခြင်း မရှိခြင်းပင်ဖြစ်ကြောင်း မဟာသာမိုဟာမက်က ပြောကြားလိုက်သည်။

အာရှနိုင်ငံများအနေဖြင့် စည်းလုံးညီညွတ်သည့် အသွင်သဏ္ဌာန်ဖြင့် ပြောဆိုလျှင် အာရှတိုက်အတွက် နှစ်ဦးနှစ်ဖက် အကျိုးရှိမည့် ရလဒ်ရရန် ပိုမိုထိရောက် အောင်မြင်လာမည်ဖြစ်ကြောင်း မလေးရှားဝန်ကြီးချုပ်ဟောင်း မဟာသာမိုဟာမက်က ပြောကြားလိုက်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဘဂ္ဂဒက် အနောက်ပိုင်းတွင် တိုက်ခိုက်မှု ဖြစ်ပွားခဲ့

ကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၆

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တော်အနောက်ပိုင်းဒေသတွင် လွန်ခဲ့သည့် ၁၀ရက်ခန့်က တိုက်ခိုက်မှုဖြစ်ပွားခဲ့ရာ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး ထိခိုက်ဒဏ်ရာရရှိပြီး သေဆုံးသွားခဲ့ကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် ပြောကြားသည်။

အဆိုပါမရိန်းတပ်ဖွဲ့ဝင်သည် အမှတ်(၁) မရိန်းနိုင်ငံခြားတပ်ဖွဲ့မှဖြစ်ပြီး အယ်လ်အန်ဘာပြည်နယ်တွင် အမေရိကန်ဆန့်ကျင်ရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်နေစဉ် ဧပြီ၁၄ရက်က ထိခိုက် ဒဏ်ရာရရှိခဲ့ပြီး ယင်းဒဏ်ရာဖြင့် ကြာသပတေးနေ့ကသေဆုံးခဲ့ခြင်းဖြစ်ကြောင်း စစ်ဘက်က ပြောကြားသည်။ အယ်လ်အန်ဘာမြို့သည် ဖော်လူဂျာနှင့် ရာမာဒီမြို့ကဲ့သို့ တည်ငြိမ်မှုမရှိသော မြို့များတွင်ပါဝင်သည်။

ရှင်းရှင်းလင်းလင်းမရှိ

လမ်းဘေးဗုံးကြောင့် သောကြာနေ့က ယင်းမရိန်းတပ်ဖွဲ့ဝင်၏ သေဆုံးမှုကို အမေရိကန်စစ်ဌာနချုပ်က ယင်းနေ့တွင် ထုတ်ပြန်သည်။ သေစာရင်းတွင် ထည့်တွက်ခြင်း ရှိ၊မရှိမှာ ရှင်းရှင်းလင်းလင်း မရှိသေးပေ။ အီရတ်စစ်ပွဲ လွန်ခဲ့သည့်နှစ် မတ်လမှ စတင်ဖြစ်ပွားခဲ့ပြီးသည့်နောက် တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ၅၀၉ဦး ရှိသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဌာနချုပ်က ထုတ်ပြန်ခဲ့သည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဧပြီ ၂၂ ရက်က အီရတ်နိုင်ငံတောင်ပိုင်း ဘာဆာရာမြို့တွင် ကင်းလှည့်နေသည့် ဗြိတိသျှတပ်ဖွဲ့ဝင် တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အီရတ်နိုင်ငံမြောက်ပိုင်း တီကရစ်မြို့၌ ကားဗုံးပေါက်ကွဲသဖြင့် အီရတ်သုံးဦး သေဆုံး

တီကရစ်(အီရတ်) ဧပြီ ၂၅

အီရတ်နိုင်ငံမြောက်ပိုင်း တီကရစ်မြို့ရှိ အဓိက အမေရိကန် အခြေစိုက်စခန်းအနီးတွင် စနေနေ့က ကားဗုံးတစ်လုံးပေါက်ကွဲကြောင်း အမေရိကန်တာဝန်ရှိပုဂ္ဂိုလ်တစ်ဦးက ပြောကြားသည်။ ယင်းပေါက်ကွဲမှုကြောင့် အီရတ်သုံးဦးထက် မနည်း သေဆုံးသည်။

ဖောက်ခွဲ

အသေခံဗုံးဖောက်ခွဲသူတစ်ဦးသည် ကားမောင်းလာစဉ် ဖော်ပြပါအခြေစိုက်စခန်း၏ နံရံအပြင်ဘက်တွင် ဖောက်ခွဲသွားခဲ့ခြင်းဖြစ်ကြောင်း အမှတ်(၁) ခြေလျင်တပ်မမှ တပ်ကြပ်ကြီး ရောဘတ်ပါဝဲလ်က ပြောကြားသည်။

အဆိုပါ ကားဗုံးသည် ယင်းစစ်အခြေစိုက်စခန်းအပြင်ဘက်ရှိ ဆိုင်တန်းများအနီးတွင် ပေါက်ကွဲခြင်း ဖြစ်သည်ဟု ပါဝဲလ်ကပြောကြားသည်။ သူနာပြုကားများနှင့် မီးသတ်ကားများ အခင်းဖြစ်ပွားရာသို့ အလျင်အမြန် သွားရောက်ကြကြောင်း ပါဝဲလ်က ထပ်လောင်းပြောကြားသည်။

ထုတ်လွှင့်ပြသ

အေပီရုပ်မြင်သံကြား သတင်းဌာနက တွန့်လိမ်ကောက်ကွေးနေသည့် မော်တော်ယာဉ် အပျက်အစီးများနှင့် လူသုံးဦး၏ အလောင်းတို့ကို ထုတ်လွှင့်ပြသခဲ့သည်။

အဆိုပါ ပေါက်ကွဲမှုသည် တီကရစ်မြို့ရှိ မြို့ဝန်၏ရုံးသို့ ဦးတည်သွားသော အီရတ်နိုင်ငံသားတာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါစီးနင်းသည့် မော်တော်ယာဉ်တန်းကို ပစ်မှတ်ထား ဖောက်ခွဲတိုက်ခိုက်ခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ***အင်တာနက်။***

အီရတ်နိုင်ငံ မိုဆူးလ်မြို့ ဒုံးကျည်များဖြင့်ပစ်ခတ်ခံရ၊ ဆေးရုံ၊ ဟိုတယ်နှင့် ရဲစခန်းတို့ထိမှန်

မိုဆူးလ်(အီရတ်) ဧပြီ ၂၆

အီရတ်နိုင်ငံမြောက်ပိုင်း မိုဆူးလ်မြို့တွင် ရက္ကတီယူရှာ ရော့ကက်ဒုံးကျည်များဖြင့် ပစ်ခတ်မှုကြောင့် ဆေးရုံတစ်ရုံ၊ ဟိုတယ်တစ်ခုနှင့် ရဲစခန်းအဆောက်အအုံတစ်ခုတို့ ထိမှန်ကာ ဆေးရုံဝန်ထမ်းနှစ်ဦးနှင့် ဟိုတယ်လုပ်သားနှစ်ဦးတို့သေဆုံးသွားပြီး လူ ၁၃ ဦးထိခိုက်ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ဘဂ္ဂဒက်မြို့တော်မြောက်ပိုင်း မိုင် ၂၄၀ အကွာမှ မိုဆူးလ်မြို့ရှိ ငြိမ်းချမ်းရေးအမည်ရှိဆေးရုံတစ်ရုံအား ရော့ကက်ဒုံးကျည်ဖြင့်ပစ်ခတ်ခံရမှုကြောင့် အမျိုးသမီးဝန်ထမ်းနှစ်ဦးသေဆုံးပြီး အခြား ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိသွားသည်ဟု ရဲတပ်ဖွဲ့က ပြောကြားသည်။ တစ်နာရီမရှိသည့်အချိန်အတွင်း ဒုတိယမြောက် ရော့ကက်ဒုံးကျည်တစ်စင်းသည် အဆိုပါမြို့လယ်ကောင်ရှိ အက်ရှောဟိုတယ်အားထိမှန်ကာ အဆောက်အအုံအကြီးအကျယ်ပျက်စီးပြီး လူသုံးဦးထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ဟိုတယ်လုပ်သားနှစ်ဦးဖြစ်သည့် ထိခိုက်ဒဏ်ရာရသူနှစ်ဦးမှာ ဆေးရုံတွင် သေဆုံးသွားသည်။

တတိယမြောက် ရော့ကက်ဒုံးကျည်သည် မိုဆူးလ်မြို့တောင်ပိုင်း ဝါဒီယာဂျာခရိုင် ရဲဌာနချုပ်အနီးရှိ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းရေးဌာနကို ထိမှန်ကာ ရဲတပ်ဖွဲ့ဝင်နှစ်ဦး ထိခိုက်ဒဏ်ရာရရှိသွားခဲ့သည်။ အမေရိကန်ဆန့်ကျင်ရေး ပြောက်ကျားများသည် အမေရိကန်စစ်အခြေစိုက်စခန်းများနှင့် ရဲဌာနများအား ပုံမှန်အားဖြင့် ရော့ကက်ဒုံးကျည်များနှင့် စိန်ပြောင်းများဖြင့် ပစ်ခတ်လျက်ရှိကြရာ ရံဖန်ရံခါ ပစ်မှတ်လွဲချော်နေပြီး လူနေရပ်ကွက် သို့ ထိမှန်သည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီလဆန်းမှ ယနေ့အထိသေဆုံးသည့် ကန်တပ်ဖွဲ့ဝင် ၁၁၁ဦးရှိပြီ

ဘဂ္ဂဒက် ဧပြီ ၂၅

အီရတ် ရေနံအရောင်းဌာနအနီး အသေခံဗုံးခွဲမှုတစ်ရပ် ယမန်နေ့က ဖြစ်ပွားပြီးနောက် အမေရိကန်ရေတပ်သားနှစ်ဦး သေဆုံးခဲ့ပြီး ယနေ့ တတိယမြောက် အမေရိကန် ဖြစ်သည့် ကမ်းခြေစောင့် လုံခြုံရေးတစ်ဦး တနင်္ဂနွေနေ့က သေဆုံးသွားခဲ့သည်။

ရှာဖွေရေးရေယာဉ်

အီရတ် ရေနံအရောင်းဌာန ကမ်းလွန်တွင် သင်္ကာမကင်းဖွယ် ရေယာဉ်တစ်စင်း တွေ့ရှိသဖြင့် လိုက်လံဖမ်းဆီးရန် အမေရိကန်ရေတပ်သားများ၊ ကမ်းစောင့်လုံခြုံရေး တပ်သားများ ပါဝင်သော အဖွဲ့တစ်ဖွဲ့ကို ယမန်နေ့က စေလွှတ်လိုက်ရာ အဆိုပါ ရေယာဉ် အနီးသို့ ရှာဖွေရေးရေယာဉ် ရောက်ရှိ သွားသည်နှင့် တစ်ပြိုင်နက် ရေယာဉ်ကို ဖောက်ခွဲပစ်လိုက်သဖြင့် အမေရိကန်သုံးဦး ယင်းသို့ သေဆုံးသွားကြ ခြင်းဖြစ်သည်။

သေဆုံး

သေဆုံးသူ အမေရိကန်သုံးဦး အပါအဝင် ဧပြီလဆန်းမှစ၍ ယနေ့အထိ သေဆုံးသည့် အမေရိကန် ဦးရေမှာ စုစုပေါင်း ၁၁၁ ဦးရှိသွားပြီဖြစ်သည်။

အင်တာနက်။

ဧပြီ ၂၄ ရက်က တိုက်ပွဲဖြစ်ပွားမှုကြောင့် ဖော်လူဂျာမြို့ကို စွန့်ခွာလာသော ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အယ်လ်ဆာဗေဒိုတပ်ဖွဲ့ဝင်များ ဆက်ထားရေး၊ မထားရေးကိစ္စ မဆုံးဖြတ်ရသေး

ဆန်ဆာဗေဒိုး(အယ်လ်ဆာဗေဒိုး) ဧပြီ ၂၆

အယ်လ်ဆာဗေဒိုနိုင်ငံက အနည်းငယ်သာရှိသော ၎င်းနိုင်ငံမှတပ်ဖွဲ့ဝင်များကို ဇွန်လ နောက်ပိုင်းတွင် အီရတ်နိုင်ငံတွင် ဆက်လက်ထားရှိ၊ မထားရှိနှင့် ပတ်သက်၍ မဆုံးဖြတ်ရသေးကြောင်း သမ္မတ ဖရန်စစ္စကိုဖလိုရီ၏ ပြောကြားချက်ကို တနင်္ဂနွေနေ့က ထုတ်ပြန်ကြေညာလိုက်သည်။

ဇွန်လ ၃၀ ရက်မတိုင်မီထိ အီရတ်နိုင်ငံရှိ အယ်လ်ဆာဗေဒိုတပ်ဖွဲ့ဝင်များသည် တာဝန်ဝတ္တရားများ ဆက်လက်ဆောင်ရွက်နေမည်ဖြစ်ပြီး ဆက်လက်ထားရှိရေးမှာ ပြန်လည်သုံးသပ်ရမည့်ကိစ္စဖြစ်ကြောင်း အယ်လ်ဆာဗေဒို သတင်းစာများက ၎င်းအား ကိုးကား၍ ရေးသားကြသည်။

အယ်လ်ဆာဗေဒိုတပ်ဖွဲ့ဝင် ၃၈၀ သည် အီရတ်နိုင်ငံတွင် စပိန်ဌာနချုပ် လက်အောက်တွင်ရှိပြီး တာဝန်များ ထမ်းဆောင်နေသည်။ သို့ရာတွင် စပိန်နိုင်ငံက ၎င်း၏ တပ်ဖွဲ့ဝင်များကို မေလကုန်တွင် ပြန်လည်ရုပ်သိမ်းတော့မည်ဖြစ်သည်။

အီရတ်နိုင်ငံတွင် တပ်ဖွဲ့ဝင် ၂၀၀၀ စီရှိသည့် နော်ဝေ၊ နယ်သာလန်နှင့် အယ်လ်ဆာဗေဒို ကဲ့သို့သော နိုင်ငံအများအပြား မှ တပ်ဖွဲ့ဝင်များအနေဖြင့် ယာယီအစိုးရအဖွဲ့က ဇွန် ၃၀ ရက်တွင် အုပ်ချုပ်ရေးအာဏာရယူပြီးသည့်နောက် အချိန်အထိ အီရတ်နိုင်ငံတွင် ဆက်လက်နေထိုင်မည်ဟု မိမိမျှော်လင့်ထားကြောင်းဖြင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ကောလင်းပါဝဲက သောကြာနေ့တွင် ပြောကြားသည်။

သမ္မတ ဖရန်စစ္စကိုဖလိုရီ၏ ရာထူးသက်တမ်းသည် ဇွန်လ ၁ ရက်တွင် ကုန်ဆုံးမည်ဖြစ်ပြီး ၎င်း၏ ရာထူးကို ဆက်ခံမည့် လက်ယာယိမ်း အရီနာပါတီမှ တိုနီဆာကာက အယ်လ်ဆာဗေဒိုတပ်ဖွဲ့ဝင်များ အီရတ်တွင် မည်သည့်အချိန်အထိ နေရန် ပြောကြားခြင်း မရှိသေးပေ။

အယ်လ်ဆာဗေဒိုနိုင်ငံ၏ ကနဦးအစီအစဉ်သည် အီရတ်နိုင်ငံတွင် ၎င်း၏ တပ်ဖွဲ့ဝင်များကို ဩဂုတ်လမတိုင်မီအထိ ဆက်လက်ထားရှိရန်ဖြစ်သည်။ သို့ရာတွင် နော်ဝေကဲ့သို့သော အပေါင်းပါနိုင်ငံက ဇွန်လကုန်တွင် ၎င်းတို့၏ တပ်ဖွဲ့ဝင်များ ရုပ်သိမ်းရန်စဉ်းစားနေပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်မှ ကန်ဦးဆောင်သည့်တပ်များ ရုပ်သိမ်းရန် ယီမင်သမ္မတ ဆာလက် တောင်းဆို

ဆာနာ ဧပြီ ၂၅

အမေရိကန်ဦးဆောင်သည့်တပ်များ အီရတ်မှ ချက်ချင်းဆုတ်ခွာပေးရန် ယီမင်သမ္မတ အလီအဗ္ဗဒူလာဆာလက်က တောင်းဆိုလိုက်ပြီး အာရပ်-အစ္စရေးပဋိပက္ခတွင် အစ္စရေးဘက်မှထောက်ခံခြင်းဖြင့် အာရပ်တို့၏ မုန်းတီးမှုကို ခံရလိမ့်မည်ဖြစ်ကြောင်း အမေရိကန်အစိုးရအား သတိပေးလိုက်သည်။

ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ တရားမျှတမှု၊ လွတ်လပ်ရေးနှင့် ဒီမိုကရေစီ ရရှိစေရမည်ဟူသော သိမ်းပိုက်ရေးတပ်များ၏ အာမခံချက်များမှာ တစ်နှစ်သာ ကုန်လွန်ခဲ့သော်လည်း အကောင်အထည် ပေါ်မလာကြောင်း အာရပ်နှင့် အာဖရိက ပါလီမန်အဖွဲ့အစည်းများ ညီလာခံ အဖွင့်မိန့်ခွန်းတွင် ယီမင်သမ္မတက ပြောကြားလိုက်သည်။

အီရတ်တွင် လူအစုအပြုံလိုက် သေစေနိုင်သည့် လက်နက်များလည်း မရှိကြောင်းဖြင့် အမေရိကန်နှင့် ဗြိတိန်တို့၏ အီရတ်အား ကျူးကျော်ပြီး ဆက်ဒမ်ဟူစိန်အား ဖြုတ်ချရသည့် အကြောင်းပြချက်ကို ၎င်းက ရည်ညွှန်းပြောကြားလိုက်သည်။

မိမိတို့သည် အီရတ်၌ ယခုထက်တိုင် သွေးထွက်သံယိုဖြစ်မှုကို မလိုလားကြောင်း၊ ထို့ကြောင့် ပြည်ပမှ ကျူးကျော်ရေး တပ်များ အီရတ်မှ ချက်ချင်း ဆုတ်ခွာသွားစေလိုကြောင်း ၎င်းကပြောဆိုသည်။

အင်တာနက်။

အသေခံတိုက်ခိုက်မှုနှင့် ခုခံတွန်းလှန်မှုတို့ကြောင့် အီရတ်၌ ကန်တပ်ဖွဲ့ဝင် ကိုးဦးသေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၅

ပါရှန်ပင်လယ်ကွေ့အတွင်း အီရတ်ရေနံအရောင်းဌာနအနီး အသေခံတိုက်ခိုက်ရေးသမားများက စနေနေ့တွင် ရေယာဉ်များကို ဖောက်ခွဲဖျက်ဆီးလိုက်သည့်အတွက် အမေရိကန်ရေတပ်သားနှစ်ဦး သေဆုံးသွားသည်။

အီရတ်နိုင်ငံ အခြားနေရာများတွင် စနေနေ့က ခုခံတွန်းလှန်ရေးသမားများ၏ တိုက်ခိုက်မှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်ခုနစ်ဦး သေဆုံးသွားပြီး အနည်းဆုံး အီရတ် ၃၃ ဦး သေဆုံးရသည်။

ခြောက်ဦးဒဏ်ရာရ

အမေရိကန်တပ်ဖွဲ့ဝင်များ အဆိုးရွားဆုံး တိုက်ခိုက်ခံရမှုမှာ တာဂျီရှိ စစ်စခန်းကို ဒုံးကျည်ဖြင့် ပစ်ခတ်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိသွားခြင်းဖြစ်သည်။

ရှီးယိုက်တို့ကြီးစိုးသည့် ကွတ်မြို့တောင်ဘက် ၂၅ မိုင်ခန့်အကွာ လမ်းမကြီးပေါ်တွင် အမေရိကန်တပ်ဖွဲ့ဝင်များ လိုက်ပါလာသည့် ယာဉ်တန်းကို ဒုံးပစ်လောင်ချာဖြင့် ပစ်ခတ်တိုက်ခိုက်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦး သေဆုံးသွားကြောင်း ရဲတပ်ဖွဲ့မှူးက ကြေညာသည်။

အင်တာနက်။

ဧပြီ ၂၂ ရက်က တောင်ကိုရီးယားနိုင်ငံ မြို့တော်ဆိုးလ်ရှိ အမေရိကန်သံရုံးအနီးတွင် အီရတ်စစ်ပွဲဆန့်ကျင်ရေး ဆန္ဒပြနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်၌ အုပ်ချုပ်ရေးလွှဲပြောင်းပေးမှုတွင် ကုလသမဂ္ဂ အဓိကအခန်းကဏ္ဍမှပါဝင်ရန် ဘူဂေးရီးယားလိုလား

ဆိုဖီယာ ဧပြီ ၂၄

အီရတ်ဒေသန္တရ တာဝန်ရှိပုဂ္ဂိုလ်များထံ အုပ်ချုပ်ရေးလွှဲပြောင်းမှုနှင့်အတူ ရွေးကောက်ပွဲဆင့်ခေါ်ရေးကိစ္စများတွင် အီရတ်နိုင်ငံနှင့် ပတ်သက်၍ ကုလသမဂ္ဂအနေဖြင့် အဓိကအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်နိုင်ခွင့်ပေးရေးကို ဘူဂေးရီးယား နိုင်ငံခြားရေးဝန်ကြီး ဆော်လမွန်ပက်စီက စနေနေ့က တိုက်တွန်းပြောကြားလိုက်သည်။

ပထမအချက်အနေဖြင့် အီရတ်ပဋိပက္ခတွင် ကုလသမဂ္ဂအနေဖြင့် အဓိကအခန်းကဏ္ဍမှပါဝင်ရန် သတ်မှတ်ပေးမည့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ ဆုံးဖြတ်ချက်အသစ်တစ်ရပ်ရရှိစေရန် ကြိုးပမ်းရမည်ဖြစ်ပြီး အီရတ်နိုင်ငံသို့ နိုင်ငံတကာမှ ကျယ်ပြန့်သည့် အကူအညီများရရှိစေရန် တံခါးဖွင့်ထားရမည်ဖြစ်ကြောင်း ပက်စီက ပြောကြားသည်။

ဒုတိယအချက်မှာ စစ်ဘက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများမှ အီရတ်ခေါင်းဆောင်များထံသို့ အုပ်ချုပ်ရေး အာဏာလွှဲပြောင်းရေးဖြစ်ကြောင်း၊ ယင်းလွှဲပြောင်းရေးကိစ္စသည် မြို့တစ်မြို့မှတစ်မြို့ ဆောင်ရွက်သွားသင့်ပြီး တစ်ချိန်တည်းကျင်းပရန် မဟုတ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

တတိယအချက်မှာ အီရတ်နိုင်ငံတွင် လွတ်လပ်ပြီး ဒီမိုကရေစီကျသည့် ရွေးကောက်ပွဲများကျင်းပရန်ဖြစ်ကြောင်း ပက်စီက ပြောကြားသည်။

အင်တာနက်။

စပိန်တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံသို့ စေလွှတ်မှု မူလကပင် မဆောင်ရွက်သင့်သည့်ကိစ္စဟု စပိန်ဝန်ကြီး ပြောကြား

မဒရစ် ဧပြီ ၂၆

စပိန်သည် ၎င်း၏တပ်ဖွဲ့များကို မကြာမီအချိန်တွင် ပြန်လည်ရုပ်သိမ်းတော့မည်ဖြစ်သည်။ ထို့အပြင် စပိန်တပ်ဖွဲ့များ စေလွှတ်ရေးကိစ္စမှာ မူလကပင် မဆောင်ရွက်သင့်သောကိစ္စဖြစ်သည်ဟု စပိန်ကာကွယ်ရေးဝန်ကြီး ဂျိုဆေးဘိုနိုက ပြောကြားသည်။

အီရတ်နိုင်ငံသို့ စေလွှတ်ထားသော စပိန်တပ်ဖွဲ့ဝင်များသည် ဌာနေသို့ ပြန်လည် ရောက်ရှိကြတော့မည်ဖြစ်သည်။ စပိန်ဝန်ကြီးချုပ်မှာလည်း လာမည့် သီတင်းပတ်တွင် ၎င်း၏ ရုပ်တည်ချက်နှင့် ပတ်သက်သည်များကို စပိန်လွှတ်တော်၌ ရှင်းလင်းတင်ပြသွားမည်ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဘိုနိုက ဆိုသည်။

စပိန်တပ်ဖွဲ့ဝင်များသည်ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတာဝန်ကို ထမ်းဆောင်ကြမည်ဖြစ်သည်။ ထိုသို့ ထမ်းဆောင်ရာ၌ နိုင်ငံတကာ ဥပဒေများနှင့်အညီသာ ထမ်းဆောင်သွားမည် ဖြစ်ကြောင်း ဘိုနိုက ဆက်လက်ပြောကြားသည်။

အီရတ်သို့ ရောက်နေသော စပိန်တပ်ဖွဲ့ဝင်အများစုမှာ မေလ ၃၀ ရက်ခန့်တွင် နေရင်းဒေသသို့ ပြန်လည်ရောက်ရှိနေကြမည်ဖြစ်သည်။

ယခုကဲ့သို့ စပိန်တပ်ဖွဲ့ဝင်များကို အီရတ်မှ ပြန်လည်ရုပ်သိမ်းသော လုပ်ရပ်သည် ဝန်ကြီးချုပ်က မဲဆွယ်စဉ်အခါက ပြောကြားခဲ့သည့် တပ်ဖွဲ့များ ပြန်ခေါ်ယူမည်ဆိုသော ကတိကဝတ်ကို ဖြည့်ဆည်းပေးခြင်းပင်ဖြစ်သည်။ စပိန်ဝန်ကြီးချုပ်အသစ်မှာ ဂျိုဆေး လူဝစ် ရိုဒရိုကွစ် ဇာပါတီရိုဖြစ်သည်။

စပိန်တို့သည် အီရတ်နိုင်ငံ တောင်ပိုင်းနှင့် အလယ်ပိုင်းဒေသများတွင် တပ်ဖွဲ့ဝင် ၁၃၀၀ တို့ကို ဖြန့်ကြက်ချထားသည်ဟုဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဧပြီ ၂၄ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် ကင်းလှည့်ပျံသန်းလာသော အမေရိကန် စစ်ရဟတ်ယာဉ်များကို တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် ပျောက်ဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသွားပြီဟု စစ်ဘက်က အတည်ပြု

ရီလေး ဧပြီ ၂၅

အီရတ်နိုင်ငံတွင် ဧပြီ ၉ ရက်က အမေရိကန်စစ်ယာဉ်တန်းတစ်ခု တိုက်ခိုက်ခံရချိန်မှစ၍ ပျောက်ဆုံးလျက်ရှိသော အမေရိကန်အရန်တပ်ဖွဲ့ဝင်တစ်ဦးသည် သေဆုံးသွားပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်က စနေနေ့တွင် အတည်ပြုပြောကြားသည်။ ယင်းချုံခိုတိုက်ခိုက်မှုအတွင်း ပြန်ပေးဆွဲခံခဲ့ရသော အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် ကန်ထရိုက်အလုပ်သမားတစ်ဦးတို့၏ ကံကြမ္မာကိုမူ မသိရှိရသေးပေ။ ပျောက်ဆုံးနေသော အရန်တပ်ဖွဲ့ဝင်မှာ တပ်ကြပ်ကြီး အယ်လ်မာကရောက်စ် ဆိုသူဖြစ်ပြီး ၎င်း၏ရုပ်အလောင်းကို သောကြာနေ့က ရှာဖွေတွေ့ရှိရကြောင်း ကာကွယ်ရေးဌာနမှ ထုတ်ပြန်သောကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

တပ်ကြပ်ကြီး အယ်လ်မာကရောက်စ်သည် ၎င်း၏ဆန္ဒနှင့်အညီ အီရတ်နိုင်ငံသို့ သွားရောက်ခြင်းဖြစ်ပြီး ခေါင်းမာသူတစ်ဦးဖြစ်ကြောင်း ၎င်း၏အစ်ကိုတော်စပ်သူ ဂျင်က ကယ်လီဖိုးနီးယားပြည်နယ် ဖဲဖီးလ်ဒ်မြို့ရှိ ထရာဗစ်လေတပ်စခန်း အဝင်ဂိတ်တွင် သတင်းထောက်များအား ပြောကြားသည်။ ***အင်တာနက်။***

ဘဂ္ဂဒက်အနီး လမ်းဘေးဗုံးပေါက်ကွဲ၊ အီရတ် ၁၄ ဦး သေဆုံး

ဟက်စ်ဝါ ဧပြီ ၂၅

အီရတ်နိုင်ငံ ဟက်စ်ဝါမြို့တွင် လမ်းဘေးထောင်ထားသော ဗုံးတစ်လုံး စနေနေ့က ပေါက်ကွဲ သွားသည့်အတွက် ဘဂ္ဂဒက်မြို့သို့ ဘတ်စ်ကားဖြင့် ခရီးထွက်လာကြသူ ၁၄ ဦး သေဆုံးသွားပြီး အခြား လူ ၁၂ ဦးတို့ ဒဏ်ရာရရှိသွားကြကြောင်း ဒေသခံဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။

အထက်ပါ သတင်းများကိုပေးသူ ဆရာဝန်မှာ အစ္စကန်းဒရီးယားဆေးရုံမှ ဆရာဝန်တစ်ဦးဖြစ်သည်။ ၎င်း၏အမည်မှာ အဘစ်ဝီဆန်အလ်ရှာမရီ ဖြစ်၏။ ထိုမြို့မှာ ဘဂ္ဂဒက်မြို့၏ တောင်ဘက် ၃၀ မိုင်အကွာတွင် တည်ရှိသည်။

ခရီးသည်များကို သယ်ဆောင်လာသည့် ဘတ်စ်ကားသည် ယာဉ်ခြောက်စီး ပါဝင်သော အမေရိကန်ယာဉ်တန်း၏ အရှေ့မှ မောင်းနှင်လာစဉ် ယခုကဲ့သို့ ပေါက်ကွဲခဲ့သည်ကို မြင်တွေ့ကြရကြောင်း မျက်မြင်တွေ့လိုက်ရသူများက ပြောကြားကြသည်။

ဗုံးပေါက်ကွဲရာဒေသမှ ပြည်သူအများသည် ထွက်လာကြပြီး ဒဏ်ရာရ၊ သေကျေနေကြသော ဗုံးထိမှန်ခံထားရသူများကို ဝိုင်းဝန်းကူညီခဲ့ကြသည်ကို တွေ့မြင်ခဲ့ရသည်ဟု မျက်မြင်ကိုယ်တွေ့ သိရှိရသူများက ဆိုကြသည်။ အမေရိကန်တပ်ဖွဲ့များကမူ အခင်းဖြစ်ပွားရာဒေသ အနီးတစ်ဝိုက်ကို ပိတ်ဆို့ထားခဲ့ကြသည်ဟု ဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အမေရိကန်တွင် စက်ရုံတစ်ခု၌ ပေါက်ကွဲမှုဖြစ်၍ လူနှစ်ဦး သေဆုံး

ဝါရှင်တန် ဧပြီ ၂၆

အမေရိကန်နိုင်ငံ အီလီနွိုက်ပြည်နယ် အလယ်ပိုင်းရှိ ပလတ်စတစ်စက်ရုံတစ်ခုတွင် သောကြာနေ့ ညပိုင်းက ပေါက်ကွဲမှုများ ဆက်တိုက်ဖြစ်ပွားရာ အနည်းဆုံး လူနှစ်ဦး သေဆုံးသွားကြောင်း စနေနေ့၌ ထွက်ပေါ်လာသော သတင်းများက ဆိုသည်။

ဒေသဆိုင်ရာ အာဏာပိုင်များ၏ အဆိုအရ စနေနေ့ စောစောပိုင်းက လူနှစ်ဦးတို့၏ အလောင်းများကို တွေ့ရှိရပြီး အခြား လူနှစ်ဦးမှာလည်း ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သိရသည်။ သေဆုံးသူနှင့် ဒဏ်ရာရသူများမှာ အခင်းဖြစ်ပွားချိန်က စက်ရုံတွင် ရှိနေကြသော တာဝန်ကျလုပ်သား ၁၈ ဦးတို့ ဖြစ်ကြသည်။

နေရာရွှေ့ပြောင်း

ပေါက်ကွဲမှုများ ဖြစ်ပွားပြီးနောက်ပိုင်းတွင် စက်ရုံအနီး ဝန်းကျင်တွင် နေထိုင်သူ လူ၁၀၀၀ ခန့်တို့ကို နေရာရွှေ့ပြောင်း ထားခဲ့သော်လည်း စနေနေ့ နံနက်ပိုင်းသို့ ရောက်သောအခါ အများစုကို နေအိမ်သို့ ပြန်ခွင့်ပြုခဲ့သည်။

ပေါက်ကွဲမှုကြောင့် အင်တာစတိတ်အမှတ်(၇၂) လမ်းမကြီးကို ပိတ်ထားလိုက်သော်လည်း စနေနေ့ စောစောပိုင်းတွင် ပြန်လည်ဖွင့်လှစ်ခဲ့သည်။

ထုတ်လုပ်

ထိုပလတ်စတစ်စက်ရုံသည် ပီဗွီစီဟု လူသိများသော ပေါ်လီဗီနိုင်းကလိုရိုဒ်ခေါ် ပလတ်စတစ်မျိုးကို ထုတ်လုပ်သည်။ ပီဗွီစီရေပိုက်များ၊ ဆောက်လုပ်ရေး ပစ္စည်းများ၊ ဆေးဝါးဆိုင်ရာ ပစ္စည်းများနှင့် မော်တော်ယာဉ် အစိတ်အပိုင်းများကို ထုတ်လုပ်ပေးသည်။

စုံစမ်းနေဆဲ

ယခုအချိန်အထိ ပေါက်ကွဲရသည့် အကြောင်းအရင်းကို မသိရသေးဘဲ ဆက်လက် စုံစမ်းနေကြဆဲဖြစ်ကြောင်း သတင်းများက ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ။

ချုံခိုတိုက်ခိုက်ခံရ၍ အမေရိကန်နှစ်ဦးပျောက်ဆုံးနေ

လေဂို့စ် ဧပြီ ၂၆

နိုင်ဂျီးရီးယားနိုင်ငံတွင် စနေနေ့က ချုံခိုတိုက်ခိုက်မှုတစ်ခု ဖြစ်ပွားခဲ့သည့်အတွက် အမေရိကန် ရေနံကုမ္ပဏီ ချက်ဗရွန်တက်ဆကိုမှ အမေရိကန်လူမျိုး ကန်ထရိုက်သမားနှစ်ဦး ပျောက်ဆုံးနေကြောင်း သိရသည်။

နိုင်ဂျီးရီးယား စစ်ဘက်သတင်းများက ပျောက်ဆုံးနေသော အမေရိကန် နှစ်ဦးမှာ သေဆုံးသွားပြီဟု သတင်းပေးသော်လည်း ချက်ဗရွန်တက်ဆကိုကုမ္ပဏီက ထိုသတင်းကို အတည်မပြုဟု ဆိုသည်။

အမ်အင်အေ၊ရိုက်တာ။

ကန်တပ်ဖွဲ့၏ မဆင်မခြင် ပစ်ခတ်မှုကြောင့် ၁၂ နှစ်အရွယ် အီရတ်ကလေးငယ်လေးဦး သေဆုံး

ဘဂ္ဂဒက် ဧပြီ ၂၆

အမေရိကန် စစ်ဘက်ယာဉ်တစ်စီး လမ်းဘေးဗုံး ထိမှန်ခံရပြီးနောက် မဆင်မခြင် ပစ်ခတ်မှုကြောင့် ကလေးငယ်လေးဦး ဘဂ္ဂဒက်မြို့တော်တွင် စနေနေ့က သေဆုံးသွားခဲ့ကြောင်း မျက်မြင်သက်သေများက ပြောကြားသည်။

သေဆုံး

ဘဂ္ဂဒက်မြို့တော် အရှေ့ပိုင်းဒေသ ကျုံးကြီးလမ်းတွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များက မဆင်မခြင် ဦးတည်ရာမဲ့ ပစ်ခတ်ကြရာ အသက် ၁၂ နှစ်အရွယ်ခန့်ရှိ ကျောင်းသူ၊ ကျောင်းသားများ သေဆုံးခဲ့ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ လူငါးဦးထက် မနည်းလည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြသည်။

ကျောင်းမှလာခဲ့ကြ

အဆိုပါ ကလေးငယ်များက မီးလောင်နေသော ဟမ်းဗီးထရပ်ကားကို ကြည့်ရှုရန် အနီးအပါးရှိကျောင်းမှ လာခဲ့ကြကြောင်းဖြင့် မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

ယင်းကလေးငယ်များနှင့် ဖြတ်သန်းသွားလာသူအချို့က အမေရိကန်စစ်သုံးယာဉ် အနီးတွင် တိုက်ခိုက်မှုအတွက် ဂုဏ်ယူကာ အောင်ပွဲခံနေကြစဉ် အမေရိကန်တပ်ဖွဲ့ဝင်များက ပစ်ခတ်ခြင်းဖြစ်သည်။

အတည်ပြုပြောကြား

အမေရိကန်စစ်ဘက်က ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ ထုတ်ဖော်ပြောကြားမှုမရှိပေ။ အနီးရှိဆေးရုံတစ်ရုံက သေနတ်ဒဏ်ရာများနှင့် ကလေးငယ် လေးဦး၏ အလောင်းများကို လက်ခံရရှိကြောင်း အတည်ပြု ပြောကြားသည်။ ပစ်မှတ်ထား တိုက်ခိုက်ခံရသော ဟမ်းဗီးကားသည် လမ်းတစ်လျှောက်မောင်းနှင်လာသော အမေရိကန်စစ်ယာဉ်တန်း၏ မော်တော်ယာဉ်တစ်စီးဖြစ်သည်။

ပြောင်းရွှေ့ပေးခဲ့

အမေရိကန်ဆေးတပ်ဖွဲ့က ဟမ်းဗီးကားပေါ်မှ တပ်ဖွဲ့ဝင်နှစ်ဦးအား အခင်းဖြစ်ပွားရာမှ ပြောင်းရွှေ့ပေးခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ဧပြီ ၂၄ ရက်က အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက် ဆင်ခြေဖုံး ဆာဒါးစီးတီးတွင် တိုက်ခိုက်မှုဖြစ်ပွားသဖြင့် ဒဏ်ရာရရှိသွားသော အီရတ်တစ်ဦးကို ဆေးရုံ၌တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ရွှေထီးတော်၊ စိန်ဖူးတော်နှင့် ငှက်မြတ်နားတော် တင်လှူမည်

ရန်ကုန် ဧပြီ ၂၇

ကျေးဇူးတော်ရှင် ကလေးဝ ဆရာတော်ကြီး ဦးစီးတည်ထားကိုးကွယ်ခဲ့သော ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ်ရှိ ရေးဟောင်းသမိုင်းဝင် နာဂလိုဏ်ဂူ အောင်ချမ်းသာ စေတီတော်မြတ်ကြီးအား ဘက်စုံပြုပြင် တည်ဆောက်ရေး ဇဟို အဖွဲ့မှ ကြီးမှူး၍ ရွှေထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော် တင်လှူပွဲကို မေ ၁ ရက်နှင့် ၂ ရက်များတွင် တင်လှူမည်ဖြစ်သည်။ (က-ပ)

ပြိုးခြံချွေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

ရွှေပြည်သစ်ဆီသို့

ခေါင်ရျေ(ဖောင်းဆိုင်)

ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရဲ့ တောင်ပေါ်မြို့လေးဖြစ်တဲ့ ကွတ်ခိုင်မြို့မှ ကချင်အဆိုတော် လဖိုင်ဇော်ခမ်းသီဆိုထားတဲ့ **စိတ်သဘောထားတွေ ညီညွတ်ဖို့လိုပြီ** ဆိုတဲ့ သီချင်းတစ်ပုဒ်ရှိပါတယ်။ အဲဒီသီချင်းရဲ့ စာသားတွေကို စာရေးသူ အင်မတန်နှစ်သက်မိပါတယ်။ စာရေးသူတို့ အဇီးဘာသာစကားနဲ့ ဆိုထားတာ ဖြစ်တော့ အဓိပ္ပာယ်နားလည်မှုအပြင် ခံစားမှုကို မျှဝေရရှိနေပါတယ်။ စာဖတ်သူများကိုလည်း မျှဝေခံစားစေလိုတဲ့အတွက် အနည်းငယ် ဘာသာပြန် ဖော်ပြလိုပါတယ်။

အမှောင်ထုထဲက တိုင်းရင်းသား ညီအစ်ကိုတစ်တွေ၊
ယနေ့အချိန် လင်းအရုဏ်တန်းလာပြီ၊
ယနေ့ တို့တစ်တွေ စည်းလုံးညီညွတ်ဖို့လိုပြီ၊
တိုင်းရင်းသားတို့ ညီအစ်ကိုတွေ စိတ်သဘောညီညွတ်ပြီး၊
စည်းလုံးညီညွတ်စွာ လက်တွဲနေထိုင်သွားရင်၊
မနက်ဖြန်မှာ ပိုပြီးသာယာမှုကို ရရှိမည်၊
တိုင်းရင်းသား တို့တစ်တွေ ညီညွတ်ရင်၊
နောင်မှာ ပိုမိုကြီးပွားတိုးတက်လာမည်၊
အနာဂတ်အတွက် မျှော်မှန်းချက်ထားဖို့လိုပြီ၊
တိုင်းရင်းသား ညီအစ်ကိုတွေ ညီညွတ်ကြပြီး၊
လက်တွဲခိုင်မြဲနေကြရင်၊
သာယာပျော်ရွှင်သော ပြည်သစ်ကို ရရှိမည်မှာ မလွဲဧကန်အမှန်ဖြစ်ပေသည်၊
လွန်ခဲ့သော အချိန်များမှာ
သံသယစိတ်ဝင်ပြီး၊ စိတ်ဝမ်းကွဲခဲ့ကြလို့၊
ညီအစ်ကိုချင်း ရန်သူသဖွယ် တိုက်ကြခိုက်ကြ၊
တကွဲတပြား နေထိုင်ခဲ့ကြတဲ့၊
အချိန်တွေ ကုန်လွန်ခဲ့ပြီ၊
တိုင်းရင်းသားတွေ သာယာပျော်ရွှင်လာဖို့၊
သံသယစိတ် ကင်းရှင်းစွာဖြင့် ဝိုင်းဝန်းညီနှိုင်းတိုင်ပင်၍
ကြိုးစားအားထုတ်သွားရင် ဒို့တိုင်းရင်းသားတွေ သာယာပျော်ရွှင်မယ်။

ဆိုပြီး လဖိုင်ဇော်ခမ်းက ကချင်မျိုးနွယ်စု ဇိုင်ဝါး(အဇီး)အသံနဲ့ သီဆိုထားတဲ့ စာသား အဓိပ္ပာယ်ဖြစ်ပါတယ်။

တစ်နိုင်ငံလုံး စိတ်ဝင်တစား ကြည့်ရှုအားပေးခဲ့ကြတဲ့ မြဝတီရုပ်မြင်သံကြားမှ အခန်းဆက် ထုတ်လွှင့်ပေးခဲ့သော ပြည်သူ့တရားရှင်(ပေါင်ချိန်) ဇာတ်လမ်းတွဲ တေးသွားသံစဉ်ကိုယူပြီး သီဆိုခဲ့တဲ့သီချင်း ဖြစ်ပါတယ်။ ဒီသီချင်းဟာ စာသားအဓိပ္ပာယ်လည်း ကောင်းသလို သံစဉ်လည်း အများပြည်သူ အမှတ်ရနေဦးမယ့်အတိုင်း မြူးကြွကောင်းမွန်ပါတယ်။ အထက်က ပြောခဲ့သလိုပဲ ဒီသီချင်းရဲ့ အဓိပ္ပာယ်ကို စာရေးသူ အလွန်ပဲနှစ်သက်ပါတယ်။ အဆိုတော် ကိုဇော်ခမ်းအနေနဲ့ ဇိုင်ဝါး(အဇီး)မျိုးနွယ်စုအတွက် ရည်ရွယ်သီဆိုထားပေမယ့် စာရေးသူတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ရဲ့ လွန်ခဲ့သော အချိန်များက ဖြစ်ပျက်ခဲ့တဲ့ နိုင်ငံအခြေအနေ၊ ယနေ့ ဖြစ်ပေါ်လာသော အခြေအနေ နှစ်ရပ်စလုံးကို ရည်ရွယ်စပ်ဆိုထားတဲ့ သီချင်းတစ်ပုဒ်လို ဖြစ်နေပါတယ်။

ဒီသီချင်းနဲ့ဆက်စပ်ပြီး အနည်းငယ် ဆက်လက်တင်ပြလိုပါတယ်။ စာရေးသူရဲ့ မွေးရပ်ဇာတိဟာ ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့နယ်၊ တရုတ်ပြည်နဲ့ အနီးကပ်ဆုံး ထောင့်စွန်း ဖောင်းဆိုင်ဒေသ ဖြစ်ပါတယ်။ အစိုးရရုံးစိုက်ရာ မြို့နဲ့ဝေးကွာပြီး အလွန်ချောင်ကျလှတဲ့ ဒေသ ဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးစကာလမှာ စာရေးသူရဲ့ အဘိုးဟာ ဖောင်းဆိုင်ကျေးရွာတစ်ဝိုက်က လူထုကို စည်းရုံးခေါင်းဆောင်ပြီး ကိုယ့်နယ်မြေ၊ ကိုယ့်ဒေသ လုံခြုံရေးတပ် ဖွဲ့စည်းခဲ့ပါတယ်။ ၁၉၅၀ ပြည့်နှစ်ဝန်းကျင်မှာ တရုတ်ပြည်နဲ့ ချောင်းသာခြားတဲ့ စာရေးသူတို့ ဖောင်းဆိုင်ဒေသကို တရုတ်ဖြူတပ်များ ဝင်ရောက်ခဲ့ပါတယ်။ စာရေးသူရဲ့အဘိုး ခေါင်းဆောင်တဲ့ ကျေးရွာကာကွယ်ရေးတပ်များနဲ့ နယ်မြေခံလူထုရဲ့ စုပေါင်းတိုက်ခိုက်မှုကြောင့် တရုတ်ဖြူတွေ ကြာရှည်တပ်စွဲမနေနိုင်ခဲ့ပါဘူး။ ရှမ်းပြည်နယ်မြောက်ပိုင်းမှာ ရောင်စုံသောင်းကျန်းသူများ ပေါ်ပေါက်လာတဲ့အခါမှာလည်း စာရေးသူတို့ ဖောင်းဆိုင်၊ မုံးကိုး၊ ဟောမိုးလုံဒေသ ကျေးရွာကာကွယ်ရေးအဖွဲ့များဟာ တပ်မတော်နဲ့ လက်တွဲပြီး ကာကွယ်တိုက်ခိုက်ခဲ့ကြပါတယ်။ ၁၉၆၈ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှာ စာရေးသူတို့ဒေသကို ဗမာပြည်ကွန်မြူနစ်ပါတီ အရှေ့မြောက်စစ်ဒေသအဖွဲ့များ စတင်ဝင်ရောက်လာခဲ့ပါတယ်။ ဗကပ ဝင်လာတော့လည်း စာရေးသူတို့ ကျေးရွာကာကွယ်ရေးများဟာ တတ်စွမ်းသမျှ ခုခံကာကွယ်ခဲ့ကြပါတယ်။ ၎င်းတို့က အင်အားကြီးမားတဲ့အတွက် ရပ်ရွာကို စွန့်ခွာခဲ့ရပါတယ်။ အဲဒီအချိန်ကစပြီး ၁၉၈၉ ခုနှစ်အထိ ဗကပရဲ့ လက်အောက်မှာ ကျရောက်ခဲ့ရပါတယ်။ ပြန်တွေး ကြည့်တဲ့အခါ လွတ်လပ်ရေးရပြီး မကြာမီမှာပဲ တရုတ်ဖြူ ကျူးကျော်မှု၊ တရုတ်ဖြူပြီးတော့ ရောင်စုံလက်နက်ကိုင်အဖွဲ့များနဲ့ ဗကပများကြောင့် လွတ်လပ်ရေးဆိုတာ ဘာပါလိမ့်လို့ မေးရမယ့်သဘောရှိပါတယ်။

ပြည်ပကျူးကျော်သူ တရုတ်ဖြူနဲ့ ဗကပအပါအဝင် ရောင်စုံသောင်းကျန်းသူများကို စာရေးသူ တင်ပြခဲ့တဲ့အတိုင်း စာရေးသူရဲ့ အဘိုးခေါင်းဆောင်ခဲ့တဲ့ ကျေးရွာကာကွယ်ရေးများဟာ တပ်မတော်နဲ့အတူ လက်တွဲကာကွယ်တိုက်ခိုက်ကြတာ နောက်ဆုံး ငြိမ်းချမ်းရေးရတဲ့အထိပါပဲ။ ကာကွယ်တိုက်ခိုက်ကြရင်းနဲ့ စာရေးသူရဲ့အစ်ကိုရင်း သုံးဦးနဲ့ ကျေးရွာသား ၁၉ ဦး အသက်ပေးလှူခဲ့ရပါတယ်။ သို့ပေမယ့် ယနေ့အချိန်အထိလည်း သစ္စာရှိစွာနဲ့ တပ်မတော်နဲ့လက်တွဲပြီး ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်လျက်ရှိကြဆဲ ဖြစ်ပါတယ်။ စာရေးသူတို့ ဖောင်းဆိုင်၊ မုံးကိုးဒေသဟာ ရောင်စုံသောင်းကျန်းသူများရဲ့ ရွာလုံးကျွတ် မီးရှို့ဖျက်ဆီးခံရလို့ ကိုယ့်ရွာ၊ ကိုယ့်မြေမှာ မနေရကြလို့ မူဆယ်၊ ကွတ်ခိုင်၊ လားရှိုးမြို့နယ်များကို အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ပြောင်းရွှေ့နေတဲ့သူ နေရ၊ တထိတ်ထိတ်တလန့်လန့် ဆွေတကွဲမျိုးတကွဲ ဒုက္ခသုတ်ခများကို နှစ်ပေါင်းများစွာ ခံစားခဲ့ကြရပါတယ်။ ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို ခါးစည်းခံခဲ့ရတဲ့ စာရေးသူတို့ဒေသက ပြည်သူများဟာ တပ်မတော်အစိုးရ လက်ထက်မှာ ငြိမ်းချမ်းရေးရရှိတဲ့အခါ အလွန်ကို ဝမ်းမြောက်ဝမ်းသာရှိခဲ့ကြပါတယ်။ ခုမှပဲ လွတ်လပ်ရေးရဲ့အရသာ အပြည့်အဝခံစားကြရပြီလို့ ဆိုကြပါတယ်။ စာရေးသူတို့ဒေသက ပြည်သူများကတော့ နှစ်ရှည်လများ ခါးသီးတဲ့ ပြည်တွင်းသောင်းကျန်းမှုဒဏ်ကို ခါးစည်းပြီးခံခဲ့ရပြီမို့ ဘယ်တော့မှ ဒီအဖြစ်မျိုးကို မကြုံတွေ့လိုကြတော့ပါဘူး။ အေးချမ်းသာယာတဲ့ ဒီအခြေအနေကို နည်းနည်းလေးမှ မထိခိုက်မပျက်ပြား စေချင်ကြပါဘူး။ ငြိမ်းချမ်းရေးကို မထိခိုက်မပျက်ပြားအောင် ဝိုင်းဝန်းကာကွယ်ကြဖို့နဲ့ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာမှာ ကျရာအခန်းကဏ္ဍကပါဝင်ကြဖို့ သန္နိဋ္ဌာန်ချထားကြပါတယ်။

စာရေးသူ တွေးမြင်မိသလောက် ယခုအခါမှာ တစ်နိုင်ငံလုံး ငြိမ်းချမ်းပြီလို့ ဆိုရမယ့် အခြေအနေရောက်နေပါပြီ။ တစ်နိုင်ငံလုံး ငြိမ်းချမ်းဖို့လည်း အချိန်ကျရောက်နေပါပြီ။ ငြိမ်းချမ်းရဲ့သာမက ရွှေပြည်သစ်ဆီကို ဦးတည်တဲ့ လမ်းကိုလည်း သိရပြီမို့ တိုင်းရင်းသားအားလုံး ညီညီနှိုင်းနှိုင်း တိုင်တိုင်ပင်ပင် လက်တွဲလျှောက်လှမ်းကြဖို့ မေတ္တာရပ်ခံ တိုက်တွန်းအပ်ပါတယ်။ ။

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံရုံး စီးပွားရေးဌာန (KOTRA)က ကြီးမှူးကျင်းပသည့် မြန်မာ-ကိုရီးယား စီးပွားရေးအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Kyung-Woo က နှစ်နိုင်ငံ စီးပွားရေးလုပ်ငန်းရှင်များကို တွေ့ဆုံနှုတ်ဆက်စဉ်။ (သတင်းစဉ်)

မြန်မာ-ကိုရီးယား စီးပွားရေးအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၇

မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံး စီးပွားရေးဌာန (KOTRA) က ကြီးမှူးကျင်းပသည့် မြန်မာနိုင်ငံရှိ ပြည်တွင်းကုမ္ပဏီများမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကိုရီးယားသမ္မတနိုင်ငံ Kyungsan Trade Mission မှ စီးပွားရေးလုပ်ငန်းရှင်များ၏ မြန်မာ-ကိုရီးယား စီးပွားရေး အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဆွေးနွေးပွဲကို ဧပြီ ၂၆ ရက် နံနက် ၁၀ နာရီခွဲတွင် ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ ကုန်သည်ကြီးများဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Lee Kyung-Woo၊ စီးပွားရေးသံမှူး Mr. Choi Yong-Tae နှင့် စီးပွားရေးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရှိ ပြည်တွင်းကုမ္ပဏီ ၅၀ တို့မှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ကိုရီးယားသမ္မတနိုင်ငံ Kyungsan Trade Mission မှ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ပြသဆွေးနွေး

ဆွေးနွေးပွဲတွင် ကိုရီးယားသမ္မတနိုင်ငံ Kyungsan Trade Mission မှ Han Joong Tooling Inc က ကျောက်ခွဲစက်သုံး စက်အမျိုးမျိုးနှင့် စက်အရန်ပစ္စည်းများ၊ Namseo Precision Co., Ltd. က ဆွယ်တာလုပ်ငန်းသုံး စက်ချုပ်အပ်များ၊ Ta- esung Ind., Co က ကျောင်းသုံး ရောင်စုံခဲတံများ၊ ကာလာပင်များ (Crayons) နှင့် ကွန်ပက်စ်များ (Compass)၊ Korea Insam Hana Won က ဂျင်ဆင်းဆေးဝါးများနှင့် ဆေးဝါးသုံး ကုန်ကြမ်းပစ္စည်းများ၊ Karma Cosmetic Industry က အလှကုန်ပစ္စည်းများ၊ Wooshin Industrial က လုံခြုံရေးဆိုင်ရာလုပ်ငန်းသုံး ဒစ်ဂျစ်တယ် ဗီဒီယိုကင်မရာများ၊ Tae Youn Textile Co., Ltd.၊ Sung Hwa Textile နှင့် Genieworks တို့က စပန့်၊ ဝါဂွမ်းနှင့် ပိုလီအက်စတာတို့ဖြင့် ရက်လုပ်ထားသည့် အထည်အလိပ်အမျိုးမျိုးတို့ကို မြန်မာနိုင်ငံတွင် ဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် ပါဝင်ပြသဆွေးနွေးကြသည်။

(သတင်းစဉ်)

မြန်မာဂူရှူးအဖွဲ့ တရုတ်သို့ ထွက်ခွာ

ရန်ကုန် ဧပြီ ၂၇

၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၆)ကြိမ်မြောက် အာရှဝူရှူးတံခွန်စိုက်ပြိုင်ပွဲတွင် အောင်မြင်မှုရရှိရေးအတွက် မြန်မာ့လက်ရွေးစင် ဝူရှူးအားကစားသမားများအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ပူးတွဲလေ့ကျင့်ပေးလျက်ရှိရာ မြန်မာဝူရှူးလက်ရွေးစင် ဆွေဆွေသန့် ခေါင်းဆောင်သော မြန်မာဝူရှူးအဖွဲ့သည် တရုတ်နိုင်ငံ နန်းလင်မြို့တွင် လေ့ကျင့်ရန် ယမန်နေ့ ညနေပိုင်းက ထွက်ခွာသွားရာ မြန်မာနိုင်ငံ ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးခင်မောင်လေး၊ တွဲဖက်အတွင်းရေးမှူး ဦးအေးချိုတူး၊ တာဝန်ရှိသူများက လိုက်ပါပို့ဆောင်နှုတ်ဆက်ကြသည်။

လိုက်ပါသွား

လေ့ကျင့်ရန် ထွက်ခွာသွားသော မြန်မာဝူရှူးအဖွဲ့တွင် ဆွေဆွေသန့်၊ ပြည့်ဝေဖြိုး၊ အောင်စည်သူ၊ ဇိုခိုမန်း၊ အိခိုင်ထွေးနှင့် နှင်းယုဇံတို့ခြောက်ဦး လိုက်ပါသွားကြသည်။ **(အောက်ပုံ)**

အဆိုပါ မြန်မာဝူရှူးအဖွဲ့သည် ရန်ကုန်မှ မန္တလေးသို့ ရထားဖြင့်လည်း ကောင်း၊ မန္တလေးမှ ကူမင်းသို့ လေယာဉ်ဖြင့် လည်းကောင်း၊ ကူမင်းမှ နန်းလင်သို့ ရထားဖြင့်လည်းကောင်း သွားရောက်မည်ဖြစ်သည်။ (ကြေးမုံ)

နံနက်ပိုင်း

၇:၀၀	၁။ မြဝတီအဖွင့်
၇:၀၅	၂။ အဖွင့်သီချင်း
၇:၁၀	၃။ မျိုးချစ်တပ်မတော်
၇:၂၀	၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀	၁။ မြဝတီအဖွင့်
၄:၀၅	၂။ အဖွင့်သီချင်း

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၈-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

၄:၁၀	၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅	၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၀	၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀	၆။ မျိုးချစ်တပ်မတော်
၄:၄၀	၇။ ကျန်းမာခြင်းသည်နိုင်ငံ့ခွန်းအား
၄:၅၀	၈။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၅:၀၀	၉။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** - Graphical Presentation (စီးပွားရေး၊စီးပွားစီမံ၊အိမ်တွင်းစီးပွား)
၅:၃၀	၁၀။ မြတ်နိုးကြစေ အမျိုးသားအမွေ
၅:၄၅	၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀	၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀	၁၃။ နိုင်ငံတကာသတင်း
၆:၂၀	၁၄။ မိုးလေဝသသတင်း
၆:၂၅	၁၅။ မြန်မာ့ရှုခင်း
၆:၄၀	၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀	၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဝင်းပပလှသူလေးရယ်"(အပိုင်း-၃)**
၈:၀၀	၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
	၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
	၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းမင်းသားလေးနှင့်ရွှေမင်းသမီး" (ဒုတိယတွဲ) (အပိုင်း-၁၁)**
	၂၃။ သင့်အတွက်မနက်ဖြန်
	၂၄။ အပိတ်နှုတ်ဆက်စကား
	၂၅။ ပြီးပါပြီ။

ဆွေးနွေးမှာကြား

မြန်မာ–တရုတ်နှစ်နိုင်ငံစီးပွားရေးဆိုင်ရာသဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင် ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မြန်မာ–တရုတ်နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

ပြီးခဲ့သည့်မတ်လက မြန်မာ–တရုတ် နှစ်နိုင်ငံအကြား စာချွန်လွှာ၊ စာချုပ် ၂၁ ခု ရေးထိုးချုပ်ဆိုခဲ့

နှစ်နိုင်ငံ သဘောတူညီချက်များ မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်လာရေးအတွက် မိမိတို့ဘက်က ဆောင်ရွက်ဖွယ်ရာများကို သွက်သွက်လက်လက် စတင်ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၇

မြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၄နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

တက်ရောက်

အစည်းအဝေးသို့ မြန်မာ–တရုတ် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌများဖြစ်ကြသော နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဦးဆောင်ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

လက်မှတ်ရေးထိုးခဲ့

ရှေးဦးစွာ မြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာသဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့်မတ်လအတွင်းက မြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီ၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံအကြား စာလွှာခုနစ်ခုနှင့် နားလည်မှုစာချွန်လွှာ သဘောတူစာချုပ် ၁၄ ခု စုစုပေါင်း စာချွန်လွှာ သဘောတူစာချုပ် စုစုပေါင်း၂၁ခုကို လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ကြောင်း။

ယဉ်ကျေးမှုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေး၊ စွမ်းအင်ကဏ္ဍ၊ ရေအားလျှပ်စစ်ကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ မြန်မာ့ရထားကဏ္ဍ၊ ဆက်သွယ်ရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ သတ္တုကဏ္ဍ၊ စီးပွားရေးတိုးမြှင့် ပူးပေါင်းဆောင်ရွက်ရေး၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံရေး စသည့် ကဏ္ဍစုံတွင် နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်ကြရန် သဘောတူညီမှုများ လက်မှတ်ရေးထိုးနိုင်ခဲ့ကြောင်း။

အဆိုပါ နှစ်နိုင်ငံသဘောတူချက်များ မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်လာရေးအတွက် မိမိတို့ဘက်က ဆောင်ရွက်ဖွယ်ရာများကို သွက်သွက်လက်လက် စတင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မြန်မာ–တရုတ် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေးဦးဆောင်ကော်မတီဒုတိယဥက္ကဋ္ဌ၊နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးစိုးဝင်း မြန်မာ–တရုတ် နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေးညှိနှိုင်းအစည်းအဝေးတွင် မြန်မာ–တရုတ်နှစ်နိုင်ငံ သဘောတူညီချက်များ အကောင်အထည်ဖော်ရေး အစီအစဉ်အရ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မြန်မာ–တရုတ် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုသည် အရှိန်အဟုန်ဖြင့် တိုးမြှင့်လျက်ရှိနေကြောင်း၊ ထို့ပြင် သဘောတူစာချုပ်များနှင့် စာလွှာပါ လုပ်ငန်းစဉ်များအပြင် နှစ်နိုင်ငံ စိတ်ဝင်စားသည့်အကျိုးတူလုပ်ငန်းများ ဆောင်ရွက်သွားရန်လည်း ဆွေးနွေး ညှိနှိုင်းခဲ့ကြကြောင်း။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီ၏ ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၏ စီးပွားရေးအခွင့်အလမ်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရန် အကြံပြုဆွေးနွေးမှုများလည်း ရရှိခဲ့ကြောင်း။

ဆွေးနွေးတင်ပြ

ထို့ကြောင့် အဆိုပါ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံသဘော တူညီချက်များ၊ ဆွေးနွေးအကြံပြုချက်များ မြန်မြန်ဆန်ဆန် အကောင်အထည်ပေါ်လာရေးအတွက် မိမိတို့ဝန်ကြီးဌာနအလိုက်ဆောင်ရွက်မှုများကို ဆွေးနွေးတင်ပြကြရန်ပြောကြားသည်။

ထို့နောက် ဦးဆောင်ကော်မတီ အတွင်းရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဒုတိယဝန်ကြီးချုပ် မဒမ်ဝူရီမြန်မာနိုင်ငံသို့လာရောက်ခဲ့သည့် ခရီးစဉ်အတွင်း နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် မဒမ်ဝူရီတို့အကြားနှစ်ဦးနှစ်ဖက်ဆွေးနွေးချက်များနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ဒုတိယဝန်ကြီးများနှင့်ကော်မတီဝင်များကမြန်မာ–တရုတ် နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာ သဘောတူညီချက်များ အကောင်အထည်ဖော်ရေးအစီအစဉ်အရ ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ပြန်လည်ရှင်းလင်း

ထို့နောက် မြန်မာ–တရုတ်နှစ်နိုင်ငံ စီးပွားရေးဆိုင်ရာသဘောတူညီချက်များ အကောင်အထည်ဖော်ရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)



မြန်မာ – တရုတ် နှစ်နိုင်ငံ စီးပွားရေး ဆိုင်ရာသဘောတူညီချက်များ အကောင် အ ထည် ဖော် ရေး ဦးဆောင် ကော်မတီ အတွင်းရေးမှူး၊နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီးဦးဝင်းအောင် မြန်မာ – တရုတ် နှစ်နိုင်ငံ အကောင် အ ထည် ဖော် မည့် စီးပွားရေး လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ညောင်ရေသွန်းပွဲတော် သောက်ရေသန့်ဒါနပြုနိုင်

ရန်ကုန် ဧပြီ ၂၇

၁၃၆၆ခုနှစ်(ကဆုန်လပြည့်နေ့) မေ ၃ရက်တွင် ရွှေတိဂုံစေတီတော် အလယ်ပစ္စယာ သောကြာထောင့် မြောက်ဘက်မုခ်စောင်းတန်းအနီးရှိ ဝေနေယျသုခ မဏ္ဍာရုံနှင့် ရွှေတိဂုံစေတီတော် အလယ် ပစ္စယာ စောင်းတန်းလေးသွယ်အနီးမှ နေ၍ ဝေနေယျသုခ ရေချမ်းစင်အသင်း (၉၉)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် သောက်ရေသန့်ဘူးများ၊ သောက်ရေအေးများကို တစ်နေကုန် စတုဒိသာ ဒါနပြုလှူဒါန်းမည်ဖြစ်သည်။ရေသက်ပန် သောက်ရေသန့် ရေပဒေသာပင် တစ်ပင်လျှင် အနည်းဆုံး ငွေကျပ်တစ်သောင်းဖြင့် ဖုန်း–၃၈၁၇၃၆သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

(သတင်းစဉ်)

မဟာဓာတ်အားလိုင်းအတွင်း ထည့်သွင်းရန် လျှပ်စစ်စီမံကိန်းကြီး ၁၁ခု တည်

မုန်းချောင်း၊ ပေါင်းလောင်းနှင့် တီကျစ်စီမံကိန်းတို့မှာ မကြာမီ တည်

❀ ကျောဖုံးမှ

မောင်းနှင်အားကဲ့သို့သော အဓိကကျသည့် ကဏ္ဍဖြစ်ကြောင်း၊ လျှပ်စစ်စွမ်းအားတိုးတက်ဖွံ့ဖြိုးမှုနှင့် နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်မှုတို့သည် ဆက်စပ်ဆက်နွှယ်လျက်ရှိကြောင်း။

အဆင့်ဆင့်အကောင်အထည်ဖော်

လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ တိုင်းပြည်၏ တည်ရှိနေသော သဘာဝသယံဇာတ စွမ်းအားအခြေအနေနှင့် အခြားဖြစ်ပေါ်နေသော အခြေအနေများအပေါ် တည်မှီ၍ အဆင့်ဆင့် အကောင်အထည်ဖော်သွားကြရမှာ ဖြစ်ကြောင်း။

ယင်းသို့ အကောင်အထည်ဖော်ရာ၌ မဟာဓာတ်အားလိုင်းအတွင်း အကျုံးဝင်သည့် လျှပ်စစ်စီမံကိန်းလုပ်ငန်းကြီးများရှိသကဲ့သို့ နယ်မြေဒေသအလိုက် ဒေသတွင်း သုံးစွဲရန်အတွက် အကောင်အထည်ဖော်မည့် လျှပ်စစ်စီမံကိန်း လုပ်ငန်းများဟူ၍ နှစ်ပိုင်းရှိကြောင်း။

မဟာဓာတ်အားလိုင်းစနစ်

မဟာဓာတ်အားလိုင်း စနစ်အတွင်း အကျုံးဝင်သည့် လျှပ်စစ်စီမံကိန်းလုပ်ငန်းကြီးများသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်ပြီး အချက်အချာကျသည့် နယ်မြေဒေသများနှင့် အဓိကစက်မှုနယ်မြေများကို လျှပ်စစ်ဓာတ်အားပေးနိုင်ရန်ဖြစ်ကြောင်း။

ဒေသတွင်းသုံးစွဲရန် တည်ဆောက်သည့် လျှပ်စစ်စီမံကိန်းများသည် ဒေသအလိုက် စီးပွားဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းတည်ဆောက်ခြင်းဖြစ်ကြောင်း။

ယင်းလုပ်ငန်းနှစ်ပိုင်းလုံးကို ဟန်ချက်ညီညီ အကောင်အထည်ဖော်နိုင်ရန် Integrated Plan ရေးဆွဲရမည်ဖြစ်ကြောင်း၊ သို့မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်ကို ပီပြင်စွာ အမြန်အကောင်အထည်ဖော်နိုင်မှာဖြစ်ကြောင်း။

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လျှပ်စစ်စီမံကိန်းများ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဝင်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်က ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံတော် လျှပ်စစ်
နိုင်ငံတော် လျှပ်စစ်စွမ်းအ
စွမ်းအင်ဝန်ကြီးဌာန ဝန်

ပူးပေါင်းအကောင်အထည်ဖော်

မိမိတို့နိုင်ငံ၌ ဖြစ်ပေါ်နေသော အစစ မပြည့်စုံသေးသည့် အခြေအနေများနှင့် လက်ငင်း ရင်ဆိုင်ကြုံတွေ့ရသည့် အခြေအနေများကြားမှ မိမိတို့ ကြိုးစား၍ ယခုကဲ့သို့ လျှပ်စစ်စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်သည့်အခါ သက်ဆိုင်ရာဌာနအားလုံး စုစည်းပူးပေါင်း အကောင်အထည်ဖော်ရန် လိုအပ်ကြောင်း။

ထိထိမိမိပံ့ပိုးထောက်ကူ

စီမံကိန်းလုပ်ငန်းများ အပါအဝင် အခြေအနေအရပ်ရပ်ကို တညီတညွတ်တည်း နားလည်သဘောပေါက်ပြီး တာဝန်ခံဌာနများက ဖိဖိစီးစီး ကြိုးကြိုးစားစား အကောင်အထည်ဖော်ရမှာဖြစ်သကဲ့သို့ ပံ့ပိုးအထောက်အကူပြုရမည့် ဝန်ကြီးဌာနများကလည်း လိုအပ်သည်များကို ထိထိမိမိ ပံ့ပိုးအထောက်အကူပြုရမှာဖြစ်ကြောင်း။

သို့မှသာ လျှပ်စစ်ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများသည် လေးနှစ်၊ ငါးနှစ်အတွင်း အကောင်အထည်ဖော်ပြီးစီးပြီး ဖွံ့ဖြိုးသွားမှာဖြစ်၍ မိမိတို့တိုင်းပြည်သည် အရှိန်အဟုန်ဖြင့် ဆက်လက် ဖွံ့ဖြိုးတိုးတက်တော့မှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က မဟာဓာတ်အားလိုင်းအတွင်းထည့်သွင်းရန် လက်ရှိ တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းကြီးများ၊ မဟာဓာတ်အားလိုင်းအတွင်း ထည့်သွင်းရန် လာမည့် လေးနှစ်ကာလအတွင်း တည်ဆောက် အကောင်အထည်ဖော်မည့် အနာဂတ် လျှပ်စစ်စီမံကိန်းကြီးများ၊ ဒေသတွင်း သုံးစွဲရန် အကောင်အထည် ဖော်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းများ၊ ဒေသတွင်း သုံးစွဲရန် ဆက်လက်အကောင်အထည်ဖော်သွားမည့် လျှပ်စစ်စီမံကိန်းများ၊ မဟာဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံများ၊ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများနှင့် စပ်လျဉ်း၍ အသေးစိတ် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နိုင်ငံတော် လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးရေးစီမံကိန်း လုပ်ငန်းကော်မတီဝင်များဖြစ်ကြသည့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ညွန့်တင်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

အထိုက်အလျောက်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး မိမိတို့ အကောင်အထည်ဖော်လျက်ရှိသော လျှပ်စစ်စီမံကိန်းအချို့မှာ ပြီးစီးတော့မည်ဖြစ်၍ ၂၀၀၄ခုနှစ်ကုန်ခန့်တွင် တိုင်းပြည်၏ လျှပ်စစ်ဓာတ်အားလိုအပ်ချက်မှာ အထိုက်အလျောက် အဆင်ပြေသွားမှာဖြစ်ကြောင်း။

ခြိုးခြံချွေတာသုံးစွဲ

သို့ရာတွင် တိုးတက်ရရှိလာသော လျှပ်စစ်ဓာတ်အားကို အဖြုန်းအတီး မရှိရအောင် ခြိုးခြံချွေတာ သုံး
ဖြစ်ကြောင်း၊တစ်ဖက်ကလည်
စီမံကိန်းလုပ်ငန်းသစ်များကို
ပြီးစီးအောင် အားထုတ်ကြိုးပမ
ရန်ဖြစ်ကြောင်းဖြင့် မှာကြား
အစည်းအဝေးကို ရုပ်သိမ်းလို

ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်ရှိ မဂ္ဂါဝပ် ၁၂၀ရရှိမည့် တီကျစ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံ စီမံကိန်းတည်ဆောက်နေသည်ကို ဤသို့တွေ့ရသည်။ (ဓာတ်ပုံ-ကြေးမုံ)

နိုင်ငံတော် လျှပ်စစ် စွမ်းအား ဖွံ့ဖြိုးရေး ညှိနှိုင်း အစည်းအဝေးတွင်နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီး ဖေငြိမ်းက အခမ်းအနားမှူး အဖြစ်ဆောင်ရွက်စဉ်။ (သတင်းစဉ်)

မကြာမီ တည်ဆောက်ပြီးစီးဖွင့်လှစ်မည့် လျှပ်စစ်စီမံကိန်းများ

စဉ်	စီမံကိန်း	တည်နေရာ	ရရှိမည့်လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ်
၁။	မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်း	မကွေးတိုင်း၊စေတုတ္တရာမြို့နယ်	၇၅မဂ္ဂါဝပ်
၂။	ပေါင်းလောင်းလျှပ်စစ်စီမံကိန်း	မန္တလေးတိုင်း၊ပျဉ်းမနားမြို့နယ်	၂၈၀မဂ္ဂါဝပ်
၃။	တီကျစ်ကျောက်မီးသွေးသုံးဓာတ်အားပေးစက်ရုံစီမံကိန်း	ရှမ်းပြည်နယ်၊ပင်လောင်းမြို့နယ်	၁၂၀မဂ္ဂါဝပ်
		စုစုပေါင်းရရှိမည့်လျှပ်စစ်ဓာတ်အား	၄၇၅မဂ္ဂါဝပ်

မဟာဓာတ်အားလိုင်းအတ
လာမည့်လေးနှစ်ကာလအတွင်း တည်ဆော
အနာဂတ် လျှပ်စစ်စီမံ

စဉ်	စီမံကိန်းအမည်	တည်
၁။	ထမံသီစီမံကိန်း	စစ်ကိုင်းတိုင်း၊ဟု
၂။	မော်လိုက်စီမံကိန်း	စစ်ကိုင်းတိုင်း၊မေ
၃။	ရွှေစာရေးစီမံကိန်း	စစ်ကိုင်းတိုင်း၊ဘု
၄။	အထက်ပေါင်းလောင်းစီမံကိန်း	မန္တလေးတိုင်း၊ပျဉ်
၅။	နန်ချိုစီမံကိန်း	မန္တလေးတိုင်း၊ပျဉ်
၆။	အထက်ဆည်တော်ကြီးစီမံကိန်း	မန္တလေးတိုင်း၊မ
၇။	ကြီးအုံကြီးဝစီမံကိန်း	မကွေးတိုင်း၊စေ
၈။	ဘူးရွာ(မုန်း)စီမံကိန်း	မကွေးတိုင်း
၉။	နမ္မတူစီမံကိန်း	ရှမ်းပြည်နယ်၊နမ္မ
၁၀။	တာဆန်း(သံလွင်)စီမံကိန်း	ရှမ်းပြည်နယ်
၁၁။	ပြောင်ရှိုစီမံကိန်း	ရှမ်းပြည်နယ်၊နေ
၁၂။	နမ့်လန်စီမံကိန်း	ရှမ်းပြည်နယ်၊နေ
၁၃။	ဘီလူးချောင်း(၃)စီမံကိန်း	ကယားပြည်နယ်
၁၄။	ဘောဂတစီမံကိန်း	ပဲခူးတိုင်း၊ကျော
၁၅။	သောက်ရေခပ်စီမံကိန်း	ကရင်ပြည်နယ်၊သ
၁၆။	ဟတ်ကြီးစီမံကိန်း	ကရင်ပြည်နယ်၊က
၁၇။	ဘီးလင်းစီမံကိန်း	မွန်ပြည်နယ်၊ဘီး
၁၈။	တနင်္သာရီစီမံကိန်း	တနင်္သာရီတိုင်း
၁၉။	မြစ်ဆုံစီမံကိန်း	ကချင်ပြည်နယ်၊

၁ခု တည်ဆောက်အကောင်အထည်ဖော်လျက်ရှိ
ာမီ တည်ဆောက်ပြီးစီးဖွင့်လှစ်တော့မည်

နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော် လျှပ်စစ်စွမ်းအားဖွံ့ဖြိုးရေး စီမံကိန်းလုပ်ငန်းကော်မတီဝင်၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီက ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

မရှိရအောင် ခြိုးခြံချွေတာ သုံးစွဲကြရမှာ ဖြစ်ကြောင်း၊တစ်ဖက်ကလည်း လျှပ်စစ် စီမံကိန်းလုပ်ငန်းသစ်များကို အမြန်ဆုံး ပြီးစီးအောင် အားထုတ်ကြိုးပမ်းသွားကြ ရန်ဖြစ်ကြောင်းဖြင့် မှာကြားပြီး ညှိနှိုင်း အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

စီမံကိန်းကြီး ၁၁ခု

မဟာဓာတ်အားလိုင်းအတွင်း ထည့်သွင်းရန် လက်ရှိတည်ဆောက် အကောင်အထည်ဖော်လျက် ရှိသည့် လျှပ်စစ်စီမံကိန်းကြီးများမှာ ၁၁ခု

ဖြစ်ပြီး ယင်းတို့မှာ လျှပ်စစ်ဓာတ်အား ၇၅မဂ္ဂါဝပ်ရရှိမည့် မကွေးတိုင်း စေတုတ္တရာမြို့နယ်မှ မုန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ၂၈၀မဂ္ဂါဝပ် ရရှိမည့် မန္တလေးတိုင်း ပျဉ်းမနား မြို့နယ်မှ ပေါင်းလောင်းရေအား လျှပ်စစ်စီမံကိန်း၊ ၁၂၀မဂ္ဂါဝပ်ရရှိမည့် ရှမ်းပြည်နယ် ပင်လောင်းမြို့နယ်မှ တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အား ပေးစက်ရုံ စီမံကိန်း၊ ၂၅မဂ္ဂါဝပ်ရရှိမည့် ပဲခူးတိုင်း ကျောက်တံခါးမြို့နယ်မှ ရဲနွယ် ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၄၀၀ ရရှိမည့် ရှမ်းပြည်နယ် နမ့်ခမ်းမြို့နယ်မှ ရွှေလီရေအား လျှပ်စစ်စီမံကိန်း၊ ၅၄မဂ္ဂါဝပ်ရရှိမည့် ရှမ်းပြည်နယ် မိုးနဲမြို့နယ်မှ ကျိုင်း တောင်း ရေအားလျှပ်စစ်စီမံကိန်း၊ မဂ္ဂါဝပ် ၄၀ ရရှိမည့် ပဲခူးတိုင်း ဖြူး မြို့နယ်မှ ဖြူးချောင်းရေအားလျှပ်စစ် စီမံကိန်း၊ မဂ္ဂါဝပ် ၃၀ရရှိမည့် ပဲခူးတိုင်း တောင်ငူမြို့နယ်မှ ခပေါင်းရေအား လျှပ်စစ်စီမံကိန်း၊ ၆၀မဂ္ဂါဝပ် ရရှိမည့် ပဲခူးတိုင်း ဖြူးမြို့နယ်မှ ကွန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ၇၅မဂ္ဂါဝပ် ရရှိမည့် ပဲခူးတိုင်း ရွှေကျင်မြို့နယ်မှ ရွှေကျင် ရေအားလျှပ်စစ်စီမံကိန်းနှင့် မဂ္ဂါဝပ် ၇၉၀ ရရှိမည့် မန္တလေးတိုင်း ကျောက်ဆည်မြို့နယ်မှ ရဲရွာရေအား လျှပ်စစ်စီမံကိန်းတို့ဖြစ်သည်။

မကြာမီပြီးစီးမည်

အဆိုပါ စီမံကိန်းများအနက် မုန်းချောင်း ရေအားလျှပ်စစ်စီမံကိန်း၊ ပေါင်းလောင်း ရေအားလျှပ်စစ်စီမံ ကိန်းနှင့် တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းတို့မှာ မကြာမီကာလအတွင်း တည်ဆောက် ပြီးစီးဖွင့်လှစ်နိုင်မည့် စီမံကိန်းများ ဖြစ်ပြီး ယင်းစီမံကိန်းသုံးခုမှ လျှပ်စစ် ဓာတ်အား မဂ္ဂါဝပ်စုစုပေါင်း ၄၇၅ မဂ္ဂါဝပ် ရရှိမည်ဖြစ်သည်။

အနာဂတ်လျှပ်စစ်စီမံကိန်းကြီးများ

မဟာဓာတ်အားလိုင်းအတွင်း ထည့် သွင်းရန် လာမည့်လေးနှစ်ကာလ အတွင်း တည်ဆောက်အကောင်အထည် ဖော်မည့် အနာဂတ် လျှပ်စစ်စီမံကိန်း ကြီးများမှာ မဂ္ဂါဝပ် ၁၂၀၀ ရရှိမည့် စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ်မှ ထမံသီစီမံကိန်း၊ မဂ္ဂါဝပ် ၄၀၀ရရှိမည့် စစ်ကိုင်းတိုင်း မော်လိုက်မြို့နယ်မှ မော်လိုက်စီမံကိန်း၊ မဂ္ဂါဝပ် ၆၆၀ ရရှိမည့် စစ်ကိုင်းတိုင်း ဘုတလင် မြို့နယ်မှ ရွှေစာရေးစီမံကိန်း၊ ၈၄ မဂ္ဂါဝပ် ရရှိမည့် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်မှ အထက် ပေါင်း လောင်းစီမံကိန်း၊ ၄၈မဂ္ဂါဝပ်ရရှိမည့် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်မှ နန်ချိုစီမံကိန်း၊ ၆၅မဂ္ဂါဝပ်ရရှိမည့် မန္တလေးတိုင်း မတ္တရာမြို့နယ်မှ အထက် ဆည်တော်ကြီးစီမံကိန်း၊ ၆၀မဂ္ဂါဝပ် ရရှိမည့် မကွေးတိုင်း စေတုတ္တရာ မြို့နယ်မှ ကြီးအုံကြီးဝစီမံကိန်း၊ ၆၀မဂ္ဂါဝပ်ရရှိမည့် မကွေးတိုင်းမှ ဘူးရွာ(မုန်း)စီမံကိန်း၊ ၃၆မဂ္ဂါဝပ် ရရှိမည့် ရှမ်းပြည်နယ် နမ္မတူမြို့နယ်မှ နမ္မတူစီမံကိန်း၊ ၇၁၁၀မဂ္ဂါဝပ် ရရှိမည့် ရှမ်းပြည်နယ်မှ တာဆန်း (သံလွင်) စီမံကိန်း၊ ၆၀မဂ္ဂါဝပ် ရရှိမည့် ရှမ်းပြည်နယ် နောင်ချို မြို့နယ်မှ ပြောင်ရှိုစီမံကိန်း၊ ၁၆၀ မဂ္ဂါဝပ်ရရှိမည့် ရှမ်းပြည်နယ် နောင်ချို မြို့နယ်မှ နမ့်လန်စီမံကိန်း၊ ၄၈ မဂ္ဂါဝပ်ရရှိမည့် ကယားပြည်နယ် လွိုင်ကော်မြို့နယ်မှ ဘီလူးချောင်း(၃) စီမံကိန်း၊ ၁၆၀မဂ္ဂါဝပ်ရရှိမည့် ပဲခူး တိုင်း ကျောက်ကြီးမြို့နယ်မှ ဘောဂတ စီမံကိန်း၊ ၁၅၀ မဂ္ဂါဝပ်ရရှိမည့် ကရင် ပြည်နယ် သံတောင်မြို့နယ်မှ သောက် ရေခပ်စီမံကိန်း၊ ပထမအဆင့်တွင် မဂ္ဂါဝပ် ၄၀၀၊ ဒုတိယအဆင့်တွင် မဂ္ဂါဝပ် ၂၀၀ရရှိမည့် ကရင်ပြည်နယ် ကမာမောင်းရွာမှ ဟတ်ကြီးစီမံကိန်း၊ ၂၈၀ မဂ္ဂါဝပ် ရရှိမည့် မွန်ပြည်နယ်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ *

မဟာဓာတ်အားလိုင်းအတွင်းထည့်သွင်းရန် လက်ရှိတည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းကြီး(၁၁)ခု

စဉ်	စီမံကိန်းအမည်	တည်နေရာ	ရရှိမည့်လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ်
၁။	မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်း	မကွေးတိုင်း၊ စေတုတ္တရာမြို့နယ်	၇၅ မဂ္ဂါဝပ်
၂။	ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်း	မန္တလေးတိုင်း၊ပျဉ်းမနားမြို့နယ်	၂၈၀ မဂ္ဂါဝပ်
၃။	တီကျစ်ကျောက်မီးသွေးသုံး ဓာတ်အားပေးစက်ရုံစီမံကိန်း	ရှမ်းပြည်နယ်၊ပင်လောင်းမြို့နယ်	၁၂၀ မဂ္ဂါဝပ်
၄။	ရဲနွယ်ရေအားလျှပ်စစ်စီမံကိန်း	ပဲခူးတိုင်း၊ ကျောက်တံခါးမြို့နယ်	၂၅ မဂ္ဂါဝပ်
၅။	ရွှေလီရေအားလျှပ်စစ်စီမံကိန်း	ရှမ်းပြည်နယ်၊ နမ့်ခမ်းမြို့နယ်	၄၀၀ မဂ္ဂါဝပ်
၆။	ကျိုင်းတောင်းရေအားလျှပ်စစ်စီမံကိန်း	ရှမ်းပြည်နယ်၊ မိုးနဲမြို့နယ်	၅၄ မဂ္ဂါဝပ်
၇။	ဖြူးချောင်းရေအားလျှပ်စစ်စီမံကိန်း	ပဲခူးတိုင်း၊ ဖြူးမြို့နယ်	၄၀ မဂ္ဂါဝပ်
၈။	ခပေါင်းရေအားလျှပ်စစ်စီမံကိန်း	ပဲခူးတိုင်း၊ တောင်ငူမြို့နယ်	၃၀ မဂ္ဂါဝပ်
၉။	ကွန်းချောင်းရေအားလျှပ်စစ်စီမံကိန်း	ပဲခူးတိုင်း၊ ဖြူးမြို့နယ်	၆၀ မဂ္ဂါဝပ်
၁၀။	ရွှေကျင်ရေအားလျှပ်စစ်စီမံကိန်း	ပဲခူးတိုင်း၊ ရွှေကျင်မြို့နယ်	၇၅ မဂ္ဂါဝပ်
၁၁။	ရဲရွာရေအားလျှပ်စစ်စီမံကိန်း	မန္တလေးတိုင်း၊ကျောက်ဆည်မြို့နယ်	၇၉၀ မဂ္ဂါဝပ်



ဒေသတွင်းသုံးစွဲရန် အကောင်အထည်ဖော်လျက်ရှိသည့် လျှပ်စစ်စီမံကိန်းများ

ဒေသတွင်း သုံးစွဲရန် အကောင်အထည်ဖော် လျက်ရှိသည့် လျှပ်စစ်စီမံကိန်းများမှာ ကချင် ပြည်နယ်မှ တဘတ်ရန်ချောင်း စီမံကိန်းနှင့် မလိချောင်း စီမံကိန်း၊ စစ်ကိုင်းတိုင်း ကလေး မြို့နယ်မှ ရာဇဂြိုဟ်စီမံကိန်းတို့ဖြစ်ပြီး အဆိုပါ စီမံကိန်းသုံးခုမှ လျှပ်စစ်ဓာတ်အား ၃၈ဒသမ၅ မဂ္ဂါဝပ် ရရှိမည်ဖြစ်။

်အားလိုင်းအတွင်း ထည့်သွင်းရန် ာလအတွင်း တည်ဆောက်အကောင်အထည်ဖော်မည့် ာတ် လျှပ်စစ်စီမံကိန်းကြီးများ

ည်	တည်နေရာ	ရရှိမည့်လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ်
	စစ်ကိုင်းတိုင်း၊ဟုမ္မလင်းမြို့နယ်	၁၂၀၀မဂ္ဂါဝပ်
	စစ်ကိုင်းတိုင်း၊မော်လိုက်မြို့နယ်	၄၀၀မဂ္ဂါဝပ်
	စစ်ကိုင်းတိုင်း၊ဘုတလင်မြို့နယ်	၆၆၀မဂ္ဂါဝပ်
င်းစီမံကိန်း	မန္တလေးတိုင်း၊ပျဉ်းမနားမြို့နယ်	၈၄မဂ္ဂါဝပ်
	မန္တလေးတိုင်း၊ပျဉ်းမနားမြို့နယ်	၄၈မဂ္ဂါဝပ်
ကြီးစီမံကိန်း	မန္တလေးတိုင်း၊မတ္တရာမြို့နယ်	၆၅မဂ္ဂါဝပ်
း	မကွေးတိုင်း၊စေတုတ္တရာမြို့နယ်	၆၀မဂ္ဂါဝပ်
း	မကွေးတိုင်း	၆၀မဂ္ဂါဝပ်
	ရှမ်းပြည်နယ်၊နမ္မတူမြို့နယ်	၃၆မဂ္ဂါဝပ်
ိမံကိန်း	ရှမ်းပြည်နယ်	၇၁၁၀မဂ္ဂါဝပ်
	ရှမ်းပြည်နယ်၊နောင်ချိုမြို့နယ်	၆၀မဂ္ဂါဝပ်
	ရှမ်းပြည်နယ်၊နောင်ချိုမြို့နယ်	၁၆၀မဂ္ဂါဝပ်
မံကိန်း	ကယားပြည်နယ်၊လွိုင်ကော်မြို့နယ်	၄၈မဂ္ဂါဝပ်
	ပဲခူးတိုင်း၊ကျောက်ကြီးမြို့နယ်	၁၆၀မဂ္ဂါဝပ်
ိန်း	ကရင်ပြည်နယ်၊သံတောင်မြို့နယ်	၁၅၀မဂ္ဂါဝပ်
	ကရင်ပြည်နယ်၊ကမာမောင်းရွာ	ပထမအဆင့် ၄၀၀မဂ္ဂါဝပ် ဒုတိယအဆင့် ၂၀၀မဂ္ဂါဝပ်
	မွန်ပြည်နယ်၊ဘီးလင်းမြို့နယ်	၂၈၀မဂ္ဂါဝပ်
	တနင်္သာရီတိုင်း	၆၀၀မဂ္ဂါဝပ်
	ကချင်ပြည်နယ်၊မြစ်ကြီးနားမြို့နယ်	၃၁၀၀မဂ္ဂါဝပ်



မုန်းချောင်း

လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ရရှိမည့် မကွေးတိုင်း စေတုတ္တရာမြို့နယ် မုန်းချောင်း ရေအား လျှပ်စစ်စီမံကိန်း၏ ရေအားလျှပ်စစ်စက်ရုံ ပြီးစီးရေး ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-ကြေးမုံ)

ပေါင်းလောင်း

မန္တလေးတိုင်း ပျဉ်းမနားမြို့နယ် ရှိ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၁၂၀ ရရှိမည့် ပေါင်းလောင်း ရေလှောင်တမံ ရေယူအဆောက် အအုံတည်ဆောက်နေသည့် လုပ်ငန်း ခွင်မြင်ကွင်း။ (ဓာတ်ပုံ-ကြေးမုံ)

ထီးတော်တင်ပွဲနှင့် ရဟန်းခံ ရှင်ပြုပွဲကျင်းပမည်

ရန်ကုန် မေ ၂၇

ရန်ကုန် ထောက်ကြန့် ပုပ္ပားကျောင်းတိုက် နာယက ဘဒ္ဒန္တပဏ္ဍိစ္စ၏ ဩဝါဒဖြင့်၊ ဘုရင့်နောင်ပွဲရုံတန်း၊ ရေတမာလမ်း၊ သိမ်းပွဲရုံ၊ ဦးကြင်မောင်–ဒေါ်ခင်ဝင်း၊ ဦးကျော်မြင့်–ဒေါ်မြင့်မြင့်အေးတို့ အမှူးထား၍ ကိုလှအောင်(ခ)အကျွမ်း–မငြိမ်းငြိမ်းအေး မိသားစုတို့က ထောက်ကြန့် ပုပ္ပားကျောင်းတိုက်တွင်း၌ တည်ထားသော မြို့ထောင့်အေးငြိမ်းချမ်းသာ စေတီတော်မြတ်ကြီးအား ထီးတော်၊ စိန်ဖူးတော်တင်ပွဲ၊ ဌာပနာပိတ်ပွဲ၊ အနေကဇာတင်ပွဲ၊ ဘဒ္ဒန္တပဏ္ဍိစ္စအား (၁၂၆)ကြိမ် သိက္ခာထပ်ပွဲ၊ ဒုလ္လဘရဟန်းခံပွဲ၊ ရှင်ပြုပွဲကို (ကဆုန်လပြည့်နေ့) မေ ၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ (က–ပ)

သားငါးဖွံ့ဖြိုး ပြည့်အကျိုး

လျှပ်စစ်ဓာတ်အား ၇၅မဂ္ဂါဝပ် ရရှိမည့် မကွေးတိုင်း စေတုတ္တရာ မြို့နယ်ရှိ မုန်းချောင်းရေအားလျှပ်စစ် စီမံကိန်းလိုဏ်ဂူအဝင်ဝကို တွေ့ရစဉ်။ (ဓာတ်ပုံ–ကြေးမုံ)

ရေကြောင်းရဲညွန့်လောင်းသင်တန်းဖွင့် တိုင်းမှူးဗိုလ်ချုပ်စိုးနိုင်တက်ရောက်

ရန်ကုန် မေ ၂၇

ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ)နှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)တို့ ပူးပေါင်းဖွင့်လှစ်သော တပ်မတော်(ရေ) ရေကြောင်းရဲညွန့်လောင်း တန်းမြင့်နှင့် အခြေခံသင်တန်းအမှတ်စဉ်(၁/၂၀၀၄)ဖွင့်ပွဲအခမ်းအနားကို မေ ၂၆ရက် နံနက် ၇နာရီခွဲတွင် ပုသိမ်မြို့ ကန်သာယာသစ်တောပျိုးဥယျာဉ်၌ ကျင်းပရာအခမ်းအနားသို့ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်တင့်ဆွေ၊ ဟိုင်းကြီးတပ်နယ်မှ ဗိုလ်မှူးကြီးအေးဖေ၊ တိုင်းစစ်ဌာနချုပ်မှ ဦးစီးအရာရှိကြီးများ၊ တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးသိန်းလှိုင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ သင်တန်းသား၊ သင်တန်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှင်လင်းတင်ပြ

အစီအစဉ်အရ တိုင်းမှူးက သင်တန်းဖွင့်အမှာစကားပြောကြားပြီး ဟိုင်းကြီးတပ်နယ်မှ ဗိုလ်မှူးကြီးအေးဖေက သင်တန်းဖွင့်လှစ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သင်တန်းသို့ ဧရာဝတီတိုင်း ၂၆မြို့နယ်မှ အခြေခံသင်တန်းသား ၅၂ဦး၊ တန်းမြင့်သင်တန်းသား ၂၅ဦး စုစုပေါင်း ၇၇ဦးတို့တက်ရောက်ကြမည် ဖြစ်ပြီး သင်တန်းကာလမှာ ရက်သတ္တပါးပတ် ကြာမြင့်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

* စာမျက်နှာ ၉ မှ

ဘီးလင်းမြို့နယ်မှ ဘီးလင်းစီမံကိန်း၊ မဂ္ဂါဝပ် ၆၀၀ ရရှိမည့် တနင်္သာရီတိုင်းမှ တနင်္သာရီ စီမံကိန်းနှင့် မဂ္ဂါဝပ် ၃၁၀၀ ရရှိမည့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်မှ ဧရာဝတီမြစ်ဆုံ စီမံကိန်းတို့ဖြစ်သည်။ ဒေသတွင်း သုံးစွဲရန် အကောင်အထည်ဖော်လျက် ရှိသည့် လျှပ်စစ်စီမံကိန်းများမှာ ကချင်ပြည်နယ်မှ တဘတ်ရန်ချောင်း စီမံကိန်းနှင့် မလိချောင်းစီမံကိန်း၊ စစ်ကိုင်းတိုင်း ကလေးမြို့နယ်မှ ရာဇဂြိုဟ် စီမံကိန်းတို့ဖြစ်ပြီး အဆိုပါ စီမံကိန်းသုံးခုမှ လျှပ်စစ်ဓာတ်အား ၃၈ဒသမ၅ မဂ္ဂါဝပ် ရရှိမည်ဖြစ်သည်။

ဒေသတွင်းလျှပ်စစ်စီမံကိန်းများ

ဒေသတွင်းသုံးစွဲရန် ဆက်လက်အကောင်အထည်ဖော်သွားမည့်လျှပ်စစ်စီမံကိန်းများမှာ မကွေးတိုင်းမှ ပြင်သာ စီမံကိန်း၊ ပနိချောင်း(ရွှေချောင်း) စီမံကိန်းနှင့်မင်းတုန်းစီမံကိန်း၊ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ နမ့်လွေစီမံကိန်း၊ ရခိုင်ပြည်နယ်မှ သတဲချောင်းစီမံကိန်း၊ သံတွဲ စီမံကိန်း၊ ကျို့လီစီမံကိန်းနှင့် အမ်းချောင်းဖျားစီမံကိန်း၊ ကရင်ပြည်နယ်မှ ဒယိုင်းချောင်း(ပိုင်ကျုံ) စီမံကိန်း၊ တနင်္သာရီတိုင်းမှ အညာပြား စီမံကိန်း၊ နမ့်ခွိုင်စီမံကိန်း၊ သကျတ်(မြိတ်) စီမံကိန်းနှင့် သိမ်းခွန်စီမံကိန်းတို့ဖြစ်သည်။

၃၄၂မဂ္ဂါဝပ်

ဒေသတွင်း သုံးစွဲရန် ဆက်လက်အကောင်အထည်ဖော်သွားမည့်လျှပ်စစ်စီမံကိန်းများမှာ စုစုပေါင်း ၁၃ခု ဖြစ်ပြီး ပြီးစီးပါက လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၄၂ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

တပ်မတော်(လေ)လေကြောင်းရဲညွန့်လောင်း(အခြေခံ)သင်တန်းဖွင့်ပွဲများ တောင်ငူ၊ မြစ်ကြီးနားနှင့် မိတ္ထီလာမြို့တို့၌ တစ်ပြိုင်တည်းကျင်းပ

ရန်ကုန် မေ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(လေ)တို့ ပူးပေါင်းဖွင့်လှစ်သည့် တပ်မတော်(လေ) လေကြောင်းရဲညွန့်လောင်း(အခြေခံ) သင်တန်းအမှတ်စဉ်(၁/၂၀၀၄) သင်တန်းဖွင့်ပွဲများကို မေ ၂၆ရက် နံနက် ၉နာရီတွင် တောင်ငူ၊မြစ်ကြီးနားနှင့် မိတ္ထီလာမြို့များ၌ တစ်ပြိုင်တည်းကျင်းပသည်။

တက်ရောက်

ပဲခူးတိုင်း တောင်ငူမြို့ ခပေါင်းခန်းမ၌ ကျင်းပသော သင်တန်းဖွင့်ပွဲသို့ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင်နှင့် တပ်မတော် အရာရှိကြီးများ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်များမှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြ ဆရာများနှင့် သင်တန်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ တိုင်းမှူး ဗိုလ်ချုပ်ကိုကို၊ တောင်ငူတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်အောင်နှင့်ပဲခူးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းအတွင်းရေးမှူး ဦးစောမော်ထွန်းတို့က အမှာစကားပြောကြားကြသည်။

အထိမ်းအမှတ်အလံ

ထို့နောက် သင်တန်းဖွင့်ပွဲ အထိမ်းအမှတ်အလံများကို တိုင်းအသင်းအတွင်းရေးမှူး ဦးစောမော်ထွန်းက တိုင်းမှူးနှင့် တာဝန်ရှိသူများအား ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အမှာစကားပြောကြား

တပ်မတော်(လေ)လေကြောင်းရဲညွန့်လောင်း သင်တန်း(မိတ္ထီလာစခန်း) ဖွင့်ပွဲအခမ်းအနားတွင် အမှတ်(၉၉) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီး တင်ဦးလွင် အဖွင့်အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြစ်ကြီးနားမြို့

အလားတူ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်စံထွန်း၊ မြစ်ကြီးနား လေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးဇော်ထွန်းနှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးကိုယ်စား ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ် စံထွန်းနှင့် မြစ်ကြီးနားလေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးဇော်ထွန်းတို့က အမှာစကား ပြောကြားကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မိတ္ထီလာမြို့

ထို့အတူ မန္တလေးတိုင်း မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပသည့် သင်တန်းဖွင့်ပွဲသို့ အမှတ်(၉၉)ခြေမြန် တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီး တင်ဦးလွင်၊ မိတ္ထီလာတပ်နယ်မှူး ဗိုလ်မှူးချုပ် ခင်မောင်အေး၊ လေကြောင်း အတတ်သင်လေတပ်စခန်း လေတပ် စခန်းမှူး ဗိုလ်မှူးချုပ် ခင်မောင်တင့်၊ မြေပြင် အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီး သူရ ခင်မောင်ဝင်းနှင့် တပ်မတော် အရာရှိကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၊ သင်တန်းနည်းပြများ နှင့် သင်တန်းသားများ၊ ဖိတ်ကြား ထားသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ အမှတ်(၉၉)ခြေမြန် တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးကြီး တင်ဦးလွင်၊ မြေပြင် အတတ်သင် လေတပ်စခန်း လေတပ်စခန်းမှူး ဗိုလ်မှူးကြီး သူရ ခင်မောင်ဝင်းနှင့် မန္တလေးတိုင်း ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးအောင်တို့က အမှာစကား ပြောကြားကြပြီး ဖွင့်ပွဲအခမ်းအနား ကို ရုပ်သိမ်းလိုက်သည်။

အဆိုပါလေကြောင်းရဲညွန့်လောင်း (အခြေခံ) သင်တန်း(တောင်ငူ၊မြစ်ကြီး နား၊ မိတ္ထီလာ) စခန်းများတွင် သင်တန်းသား ၅၀စီ တက်ရောက်ကြ ပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်စီ ကြာမြင့်မည်ဖြစ်သည်။ (သတင်းစဉ်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

ပညာပေးရုပ်မြင်သံကြားလိုင်းသစ်(MRTV-4) မကြာမီထုတ်လွှင့်မည်

ဗဟုသုတအစီအစဉ်များအပြင် ဖျော်ဖြေရေးအစီအစဉ်များ ဝေဝေဆာဆာပါဝင်

ရန်ကုန် ဧပြီ ၂၇

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရုပ်မြင်သံကြားလိုင်းသစ် ထုတ်လွှင့်နိုင်ရေးအတွက် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

ညှိနှိုင်းအစည်းအဝေးသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်သိန်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေး၊ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးမြင့်သိန်း၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးစိုးဝင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဆန်းနှင့် Forever Group မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဝေဝေဆာဆာ

ညှိနှိုင်းအစည်းအဝေးတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမှာစကား ပြောကြားရာ၌ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ပညာပေးရုပ်မြင်သံကြားလိုင်း တစ်ခုအဖြစ် MRTV-4 ကို မကြာမီ ထုတ်လွှင့်တော့မည်ဖြစ်ရာ ထုတ်လွှင့်မည့်အစီအစဉ်များ၊ ထုတ်လွှင့်ရေးဆိုင်ရာ စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှုအခြေအနေ၊ MRTV-4 နှင့် ဖျော်ဖြေရေးအစီအစဉ်များ ဖမ်းယူနိုင်မည့်မြန်မာမီဒီယာစက် (MMBox) ဖြန့်ဖြူးနိုင်မည့်အခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို အသေးစိတ်တင်ပြညှိနှိုင်း ဆွေးနွေးကြစေလိုကြောင်း၊ MRTV-4 တွင် ထုတ်လွှင့်မည့်အစီအစဉ်များတွင် ပြည်သူများအတွက် ဗဟုသုတနှင့် သိကောင်းစရာများ ပါဝင်ရမည့်အပြင် ဖျော်ဖြေရေးအစီအစဉ်များလည်း ဝေဝေဆာဆာ ပါဝင်စေသင့်ကြောင်း ပြောကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးကMRTV-4 ထုတ်လွှင့်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် Forever Group မှ ဦးဝင်းမော်နှင့် တာဝန်ရှိသူများက MRTV - 4 ထုတ်လွှင့်နိုင်ရေးအတွက် စက်ပစ္စည်းများ တပ်ဆင်ပြီးစီးမှု အခြေအနေ၊ MMBox တွင် ပြည်တွင်း၊ ပြည်ပ ရုပ်ရှင်/ဗီဒီယိုဇာတ်ကားနှင့် ဇာတ်လမ်းတွဲများ၊ ကာရာအိုကေသီချင်းများ၊ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းများ ထည့်သွင်းမည့် အခြေအနေများ၊ MMBox ဖြန့်ဖြူးရောင်းချရန် စီစဉ်ထားရှိမှုများကိုတင်ပြသည်။ဆက်လက်၍ MRTV-4 အစီအစဉ်များကို သရုပ်ပြ ထုတ်လွှင့်ပြသရာ ဝန်ကြီးနှင့် တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြုဆွေးနွေးကြသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

မကြာမီ ထုတ်လွှင့်တော့မည့် MRTV-4 ရုပ်မြင်သံကြားလိုင်းတွင် ပြည်သူများ ဗဟုသုတကြွယ်ဝ စေမည့် သိကောင်းဖွယ်ရာ အစီအစဉ်များအပြင် ဖျော်ဖြေရေးအစီအစဉ်များ ဝေဝေဆာဆာပါဝင်မည်ဖြစ်သည်။ MRTV-4 ကို ဖမ်းယူကြည့်ရှုနိုင်မည့် မြန်မာမီဒီယာစက် (MMBox)တွင် နေ့စဉ် ပြည်တွင်းပြည်ပ ရုပ်ရှင်၊ ဗီဒီယို ဇာတ်ကား သုံးကား၊ နိုင်ငံခြားဇာတ်လမ်းတွဲများ၊တေးဂီတဖျော်ဖြေရေးအစီအစဉ်များ၊ ကာရာအိုကေ တေးသီချင်းများကို ထည့်သွင်းပေးထားမည်ဖြစ်သည်။

ဖတ်ရှုနိုင်

ထို့အပြင် ပရိသတ်များအနေဖြင့် နှစ်သက်ရာအချိန်တွင် ပြန်လည်ကြည့်ရှုနိုင်မည့် အစီအစဉ်များ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြား ကောက်နုတ်ချက် အစီအစဉ်များ၊ နေ့စဉ်ထုတ် သတင်းစာများ၊ အပတ်စဉ်ထုတ်ဂျာနယ်နှင့် လစဉ်ထုတ် မဂ္ဂဇင်းများကိုလည်း ဖတ်ရှုနိုင်မည်ဖြစ်သည်။ ထို့အပြင် မြန်မာ့အသံ ရေဒီယို အစီအစဉ်များ၊ တိုင်းရင်းသား အစီအစဉ်များအပါအဝင် Yangon City FM အစီအစဉ်များကိုလည်း အချိန်နှင့်တစ်ပြေးညီ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် MMBox ဖြင့် နားဆင်နိုင်ရန် စုံလင်စွာစီစဉ်ထားသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်း သဃ်န်းကျွန်းမြို့နယ် ကျိုက္ကစံဆံတော်ရှင်စေတီတော်အရှေ့ဘက် သုမင်္ဂလာ ရာမလယ်တီဝိပဿနာ ကျောင်းတိုက်ကြီး၌ သတ္တဌာန ဗုဒ္ဓါနုဿတိ ကမ္မဌာန်းကိုးရက်စခန်း အမိဌာန်ပွဲနှင့် ဓာတ်ကြီးလေးပါး ဆွမ်းကပ်လှူပွဲ အခမ်းအနားကို ဧပြီ ၂၄ရက်ကကျင်းပရာ ကျောင်းတိုက် ဦးစီးပဓာနနာယက ဆရာတော် ဘဒ္ဒန္တအာသဘ အရှင်သူမြတ်က အနုမောဒနာတရားချီးမြှင့်စဉ်။

(ဘဝ)

ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင် ကျေးလက်ဒေသဖွံ့ဖြိုးရေး ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်သည် ဧပြီ ၂၅ ရက် နံနက်ပိုင်းတွင် လှိုင်ကော်မြို့နယ် ဇကေ ၅၀၀ကျေးရွာရှိ မူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်အားပေးသည်။

ပေးအပ်

ဖွင့်ပွဲတွင် ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေက ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ဗဟိုအလုပ်အမှုဆောင် ဗိုလ်မှူးချုပ်သိန်းအောင်၊ ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးမြင့်ဦးနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

ထိုမှတစ်ဆင့်ဗဟိုအလုပ်အမှုဆောင် ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လေးမိုင် စံပြကျေးရွာရှိ မူလတန်းကျောင်း တိုးချဲ့ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ရာ ပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးကျော်ဆွေက အထိမ်းအမှတ်အလံများကို ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ပေးအပ်သည်။

တက်ရောက်

ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့သည် ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ် ချိုကယ်ကျေးရွာ ကျောက်ချောလမ်းဖွင့်ပွဲသို့ တက်ရောက်သည်။

ထိုမှတစ်ဆင့် ဗဟိုအလုပ်အမှုဆောင်နှင့်အဖွဲ့သည် လင်ဖုံလေးကျေးရွာသို့ရောက်ရှိပြီး ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံသစ်ဖွင့်ပွဲသို့ တက်ရောက်သည်။ ဖွင့်ပွဲအခမ်းအနားတွင် အဆောက်အအုံသစ်ကို ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ပြည်နယ်ဆေးရုံအုပ်ကြီး ဒေါက်တာအေးထွန်းနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းတင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဗဟိုအလုပ်အမှုဆောင်၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် ပြည်နယ်ဆေးရုံအုပ်ကြီးတို့ကအမှာစကားများ ပြောကြားသည်။

ထိုမှတစ်ဆင့် လင်ဖုံလေးကျေးရွာဘုန်းတော်ကြီးကျောင်းသို့ သွားရောက်၍ ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး ကျေးရွာလူထုအားတွေ့ဆုံကာ ဒေသလိုအပ်ချက်များနှင့် ပတ်သက်၍ ညှိနှိုင်းဖြည့်ဆည်းပေးသည်။

(သတင်းစဉ်)

ရွှေတိဂုံစေတီတော် ကဆုန်ညောင်ရေသွန်း ပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၇

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ကကြီးမှူးကျင်းပမည့် (၂၁)ကြိမ်မြောက် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲကို မေ ၃ရက် (ကဆုန်လပြည့်နေ့) နံနက် ၇နာရီတွင် စေတီတော်ရင်ပြင် အဂ္ဂိထောင့်ရှိမဟာဗောဓိပင်၌ ဩဝါဒစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးအသင်းအဖွဲ့များ၊ ဝန်ထမ်းများပါဝင်၍ အခမ်းအနားဖြင့် စည်ကားသိုက်မြိုက်စွာ ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို ကျင်းပမည်ဖြစ်ပြီး အခမ်းအနားပြီးဆုံးချိန်တွင် ရင်ပြင်တော်ထောင့်လေးထောင့်ရှိ မဟာဗောဓိပင်များ၌ ဘုရားဖူးလာ ပြည်သူများအနေဖြင့် ညောင်ရေသွန်းလောင်း ပူဇော်နိုင်သည်။

(သတင်းစဉ်)

တပ်မတော်(ရေ) ရေကြောင်း ရဲညွှန့်လောင်းသင်တန်း အခြေခံသင်တန်းနှင့် တန်းမြင့်သင်တန်းဖွင့်ပွဲ စစ်တွေ၌ကျင်းပ

ရန်ကုန် ဧပြီ ၂၇

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း(ဗဟို)နှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး(ရေ)တို့ ပူးပေါင်းဖွင့်လှစ်သော တပ်မတော်(ရေ) ရေကြောင်း ရဲညွှန့်လောင်း သင်တန်း(စစ်တွေစခန်း) အခြေခံ သင်တန်းအမှတ်စဉ်(၁/၂၀၀၄)နှင့် တန်းမြင့်သင်တန်း အမှတ်စဉ်(၁/၂၀၀၄) သင်တန်းများဖွင့်ပွဲအခမ်းအနားကို ဧပြီ ၂၆ ရက် နံနက် ၈ နာရီတွင် ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပရာအခမ်းအနားသို့ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်းအောင်၊ ကျောက်ဖြူတပ်နယ်မှ ဗိုလ်မှူးကြီးအောင်သော်နှင့် တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရခိုင်ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးနှင့် အလုပ်အမှုဆောင်များ၊ သင်တန်းနည်းပြများ၊ သင်တန်းသားများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ စစ်တွေတပ်နယ်မှ ဗိုလ်မှူးကြီးသန်းထွန်းအောင်နှင့် ကျောက်ဖြူတပ်နယ်မှ ဗိုလ်မှူးကြီးအောင်သော်တို့က သင်တန်းဖွင့်အမှာစကားပြောကြားကြသည်။

ထို့နောက် ကျောက်ဖြူတပ်နယ်မှ ဗိုလ်မှူးကြီးအောင်သော်က သင်တန်းဖွင့်ပွဲ အထိမ်းအမှတ်အလံကို ဗိုလ်မှူးကြီးသန်းထွန်းအောင်ထံ ပေးအပ်ပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ ရေကြောင်းရဲညွှန့်လောင်းသင်တန်း (စစ်တွေစခန်း)တွင် အခြေခံသင်တန်းသား၅၀နှင့် တန်းမြင့်သင်တန်းသား၂၀တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တပါတ်ကြာမြင့်မည်ဖြစ်သည်။

(သတင်းစဉ်)

မီးကို ကြိုတင်ကာကွယ်မှုဖြင့် အနိုင်ယူပါ

အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲဆက် စီးပွား/ကူးသန်းက တံခွန်ကိုဂိုးပြတ်နိုင်

ရန်ကုန် ဧပြီ ၂၇

၂၀၀၃-၂၀၀၄ ဘောလုံးရာသီ အဆင့်မြင့်တန်းအမှတ်ပေးဘောလုံးပြိုင်ပွဲကို အောင်ဆန်းအားကစားပြိုင် ကွင်း၌ ယနေ့ညနေပိုင်းက ဆက်လက်ကျင်းပရာ စီးပွား/ကူးသန်းအသင်းက တံခွန်အသင်းကို လေးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

စီးပွား/ကူးသန်းအသင်း **လေးဂိုး။**

(ဝင်းသိန်းဦး၊ မာလ၊ ကျော်ဇင်ဝင်းနှင့် မျိုးမင်းထွန်း-တစ်ဂိုးစီ)

တံခွန်အသင်း **ဂိုးမရှိ။**

အကောင်းဆုံးဆု-မျိုးမင်းထွန်း(စီးပွား/ကူးသန်း)

ဒိုင်လူကြီး **ဦးဝင်းချို။**

ပထမပိုင်းတွင် နှစ်သင်းစလုံး လူငယ်များပီပီ အမြန်နှုန်းတင်ကာ ဂိုးရရေးဖွင့်ကစားကြသည်။ သို့သော် တံခွန်ရှေ့တန်း၌ ထွန်းမင်းဦးမပါ၍ အားပျော့နေခဲ့သည်။ စီးပွား/ကူးသန်းကလည်း အခွင့်အရေးရသည် ဆိုသည်နှင့်တိုက်စစ်ကို တရစပ်ဆင်ရာ ငါးမိနစ်မှာပင် ဝင်းသိန်းဦးက အဖွင့်ဂိုးသွင်းယူလိုက်သည်။ ဆက်တိုက်ဆိုသလိုပင် စီးပွား/ကူးသန်းကဖိကစားရာ ၁၃မိနစ်တွင် မာလ၊ ၃၁မိနစ်တွင် ကျော်ဇင်ဝင်းတို့က တစ်ဂိုးစီထပ်မံသွင်းယူခဲ့သည်။

ဒုတိယပိုင်းတွင်လည်း စီးပွား/ကူးသန်းကပင် ဖိကစားပြီး စတုတ္ထနှင့်ပွဲသိမ်းဂိုးကို ၃၅မိနစ်တွင် မျိုးမင်းထွန်းက သွင်းယူခဲ့သည်။

စီးပွား/ကူးသန်းအသင်းသည် ယခုပွဲနိုင်လိုက်၍ ရမှတ် ၃၀ဖြင့် ဒုတိယနေရာတွင်ဆက်လက်ရပ်တည်လျက်ရှိသည်။ ထိပ်ဆုံးမှ ဘဏ္ဍာ/အခွန်နှင့် ပွဲတူကစားထားပြီးခြောက်မှတ်ပြတ်နေသည်။ ပို့ဆောင်ရေး(က)၊ဘဏ္ဍာ/အခွန်တို့နှင့် ကစားရန်ကျန်သေးသည်။

ဧပြီ ၂၈ရက် (ယနေ့)တွင် သုဝဏ္ဏကွင်း၌ စွမ်းအင်နှင့် သတ္တုတွင်း၊ အောင်ဆန်းကွင်း၌ ပြည်ထဲရေးနှင့် မလိခတို့ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ (ကြေးမုံ)

တနံ့ဆည်မြို့နယ် ကွဲဆွဲကျေးရွာ ရေအားလျှပ်စစ်စက်ရုံ ဖွင့်လှစ် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၇

အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မေ ၂၄ရက်တွင် ဝက်လက်မြို့နယ် အေးကုန်းရွာဘုန်းတော်ကြီးသင် မူလတန်းကျောင်း၌ ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း ဒုတိယအကြိမ်ဖွင့်လှစ်ပွဲသို့လည်းကောင်း၊ ရွှေဘိုမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း ဒုတိယအကြိမ်ဖွင့်ပွဲနှင့် ရွှေဘိုမြို့ ပညာအလင်း ခေတ်မီစာကြည့်တိုက်၌ ကျင်းပသည့် ကွန်ပျူတာသင်တန်း၊ အင်္ဂလိပ်စကားပြောသင်တန်းဖွင့်ပွဲသို့လည်းကောင်း၊ ခင်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း ဒုတိယအကြိမ် ဖွင့်လှစ်ပွဲသို့လည်းကောင်း တက်ရောက်အမှာစကားပြောကြားပြီး အားကစားပစ္စည်းများနှင့် သင်တန်းသား၊ သင်တန်းသူများ အသုံးပြုရန် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့သည်။

ကွဲဆွဲကျေးရွာ

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်သည် မေ ၂၅ရက် နံနက် ၁၀နာရီတွင် စစ်ကိုင်းတိုင်း တနံ့ဆည်မြို့နယ် ကွဲဆွဲကျေးရွာသို့ရောက်ရှိပြီး ကျေးလက်ဒေသ မီးလင်းရေးအစီအစဉ်အရ တည်ဆောက်ခဲ့သော ရေအားလျှပ်စစ်စက်ရုံ ဖွင့်ပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးကာ အမှာစကားပြောကြား၍ အားကစားပစ္စည်းများ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ရွှေနဂါးမင်းကုမ္ပဏီမှ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်းမိသားစုက ကွဲဆွဲကျေးရွာ ရေအားလျှပ်စစ်အတွက် ငွေကျပ်နှစ်သိန်းနှင့် တနံ့ဆည်မြို့နယ်နှင့် နဘက်ကြီးကျေးရွာ ဆက်သွယ်သော လမ်းကျောက်ချောခင်းရန် ငွေကျပ်သိန်း ၅၀ ကို လှူဒါန်းရာ ဝန်ကြီးက လက်ခံပြီး ဆက်လက် လွှဲပြောင်းပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်း၍ တက်ရောက်လာသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးသည်။

ကွဲဆွဲကျေးရွာ ရေအားလျှပ်စစ်စက်ရုံကို စစ်ကိုင်းတိုင်း တနံ့ဆည်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးဆောင်စီစဉ်မှုဖြင့် အလှူရှင်များနှင့် ဒေသခံပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေကျပ် ၃၁သိန်း အကုန်အကျခံ၍ ကင်းတပ်ဆည် လက်ယာတူးမြောင်း၊ လက်တံ(၂)မှ ရေကို အသုံးပြုတည်ဆောက်ထားခြင်းဖြစ်ပြီး လျှပ်စစ်ဓာတ်အား ၁၅ကီလိုဝပ် ထုတ်လုပ်နိုင်သဖြင့် ကျေးရွာရှိ အိမ်ခြေ ၁၀၀ကို တစ်နှစ်ပတ်လုံး နေ့စဉ် နေ့/ည လျှပ်စစ်မီး ပေးနိုင်ပြီဖြစ်သည်။

တနံ့ဆည်မြို့နှင့် နဘက်ကြီးကျေးရွာလမ်းသည် အရှည်လေးမိုင်ရှိပြီး မြေသားလမ်းအဖြစ်မှ ကျောက်ခင်းလမ်းအဖြစ် တိုးမြှင့်ဖောက်လုပ်မည်ဖြစ်၍ လမ်းပြီးစီးပါက နဘက်ကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၄ ရွာမှ တနံ့ဆည်မြို့သို့ ရာသီမရွေး လွယ်ကူစွာ သွားလာနိုင်မည်ဖြစ်သည်။

ထို့နောက် ဝန်ကြီးသည် တနံ့ဆည်မြို့ အားကစားကွင်းသို့ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကျေးလက်လမ်း

ဆက်လက်၍ တနံ့ဆည်မြို့ရှိ ကုန်းဘောင်ခေတ် ပညာရှိအမတ်ကြီး ဦးပေါ်ဦး တည်ထားခဲ့သော မြတ်လုမဥ္ဇူဘုရားကို ဖူးမြော်ကြည်ညို၍ အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့သည်။ ယင်းနောက် ဝန်ကြီးသည် ဒီပဲယင်းမြို့နှင့် ရေဦးမြို့နယ် တင်းတိန်ရုံကျေးရွာ ဆက်သွယ်သည့် ကျေးလက်လမ်းကို ကျောက်ချောလမ်းအဖြစ် အဆင့်မြှင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး တင်းတိန်ရုံကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပသည့် လမ်းဖြစ်မြောက်ရေး အလှူငွေ ပေးအပ်ပွဲသို့ တက်ရောက်အမှာစကားပြောကြားကာ ငွေကျပ်တစ်သိန်း ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ကုန်သည်/စက်မှုအသင်းချုပ်ဥက္ကဋ္ဌ ရွှေနဂါးမင်းကုမ္ပဏီမှ ဦးဝင်းမြင့်-ဒေါ်မြင့်မြင့်သန်း မိသားစုက ဒုတိယအကြိမ် အလှူငွေကျပ်ငါးသိန်း၊ ရေဦးမြို့ ဆန်စက်ပိုင်ရှင်များအသင်းက အလှူငွေကျပ် တစ်သိန်း၊ တနံ့ဆည်မြို့ ဆန်စက်ပိုင်ရှင်များအသင်းက အလှူငွေကျပ်တစ်သိန်းတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြသည်။ ဒီပဲယင်းမြို့နှင့် တင်းတိန်ရုံရွာ ဆက်သွယ်သည့် သုံးမိုင်နှစ်ဖာလုံအရှည်ရှိ ကျေးလက်လမ်းကို အလှူရှင်များ၊ ဒေသခံပြည်သူများ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ကျောက်ချောလမ်းအဖြစ် ပြုပြင်လျက်ရှိပြီး ယခုနှစ်တွင် အရှည်ပေ ၁၈၀၀ ကို ကတ္တရာလမ်းအဖြစ် အဆင့်မြင့် ပြုပြင်သွားမည်ဖြစ်သည်။

ဘုတလင်

ယင်းနောက် ဝန်ကြီးသည် ဒီပဲယင်းမြို့ အားကစားကွင်းကို ကြည့်ရှုစစ်ဆေးမှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။ ထိုမှတစ်ဆင့် ဝန်ကြီးသည် ဘုတလင်မြို့သို့ ထွက်ခွာပြီး အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း ဒုတိယအကြိမ်ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားပြီး အားကစားပစ္စည်းများနှင့် သင်တန်းအတွက် ဗလာစာအုပ်များ ပေးအပ်လှူဒါန်းခဲ့သည်။

ဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် မန္တလေးမြို့ အလေးမဆပ်ကော်မတီ လေ့ကျင့်ရေးစခန်း၌ ကျင်းပသည့် အလေးမ အားကစားပစ္စည်းများ လှူဒါန်းပွဲသို့ တက်ရောက်ကာ မျိုးဆက်သစ် အလေးမ အားကစားသမားများ ရှာဖွေရေးနှင့် အလေးမအားကစားဖြင့် နိုင်ငံဂုဏ် ဆောင်နိုင်ရေး မှာကြားပြီး ငွေကျပ် ၁၄၇၈၈၅၀ တန်ဖိုးရှိ အလေးမ ကီလိုဆက်(ပြည်ပ)နှစ်စုံနှင့် အလေးမ ကီလိုဆက် (ပြည်တွင်း) နှစ်စုံတို့ကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဝန်ကြီးသည် မန္တလေးမြို့ ဗထူးအားကစားကွင်းအတွင်း ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နေမှု၊ အောင်မြေမန္တလာ အားကစားရုံ ပြုပြင်ပြီးစီးမှု၊ အောင်မြေမန္တလာ အားကစားကွင်းအဆင့်မြင့် ပြုပြင်ပြီးစီးမှု၊ အားကစားနှင့် ကာယပညာသိပ္ပံ(မန္တလေး)ရှိ နှစ်ထပ်စာသင်ဆောင် ဆောက်လုပ်ပြီးစီးမှု၊ ဘောလုံးကွင်း ဆောက်လုပ်ပြီးစီးမှုနှင့် အမှတ်(၂) ပင်မစက်ပြင်အလုပ်ရုံရှိ ရေကူးကန်တို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားသည်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် ဝက်လက်မြို့နယ် အေးကုန်းရွာဘုန်းတော်ကြီးသင် မူလတန်းကျောင်း၌ ကျင်းပသည့် အမျိုးသားယဉ်ကျေးမှုနှင့် စာရိတ္တပညာသင်တန်း ဒုတိယအကြိမ်ဖွင့်ပွဲတွင် သင်တန်းသူ၊ သင်တန်းသားများအား အားကစားပစ္စည်းများ ပေးအပ်စဉ်။ (အား/ကာ)

လူမှုဝန်ထမ်းဦးစီးဌာန အကြိမ်(၄၀)မြောက် ရဟန်းခံ၊ ရှင်ပြု အလှူတော်မင်္ဂလာ ကျင်းပ

ရန်ကုန် မေ ၂၇

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွန်းနှင့် ဇနီး ဒေါ်ခင်အေးတို့အား အမှူးထား၍ လူမှုဝန်ထမ်းဦးစီးဌာန၏ အကြိမ် (၄၀) မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ အခမ်းအနားကို မေ ၂၄ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း အမှတ်(၆၄)ရှိ လူမှုဝန်ထမ်းဦးစီးဌာန၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွန်းနှင့် ဇနီး ဒေါ်ခင်အေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်နှင့် ဇနီး ဒေါ်ခင်နွယ်နွယ်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ အလှူရှင်များနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

လျှောက်ထား

ရှေးဦးစွာ အခမ်းအနားကို နမော တဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး ဆရာတော် သံဃာတော်များအား လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်က ရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ် အလှူတော်မင်္ဂလာ ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ လျှောက်ထားသည်။

ထို့နောက် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ကေသရထံမှ ပရိသတ်များက ရှစ်ပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်စိန်ထွန်းနှင့် ဇနီး၊ ဒုတိယဝန်ကြီးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များက သံဃာတော် အရှင်သူမြတ်များအား သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

(သတင်းစဉ်)

မေ ၁၄ရက်က ရန်ကုန်မြို့ ဗဟန်းမြို့နယ် တက္ကသိုလ်ရိပ်သာလမ်း အမှတ်(၉၃)နေ ဦးအောင်ကျော်-ဒေါ်စိန်စိန် မိသားစုတို့က ဆွမ်းပဒေသာပင်၊ ဆေးပဒေသာပင်နှင့် သုံးထပ် ဘိုးဘွားဆေးရုံသစ်ကြီး တည်ဆောက်ရန်အတွက် ငွေကျပ် သုံးသိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အလုပ်အမှုဆောင်အဖွဲ့ ဘဏ္ဍာရေးမှူး ဦးအောင်သန်းသို့ ပေးအပ်လှူဒါန်းစဉ်။

(က-ပ)

လေအေးပေးစက် မိတ်ဆက်ပွဲကျင်းပ

ရန်ကုန် မေ ၂၇

Matsushita Electric Industrial Co., Ltd. နှင့် ပြည့်စုံဝင်းနိုင်ကုမ္ပဏီလီမိတက်တို့ ကြီးမှူးကျင်းပသော Panasonic လေအေးပေးစက် မော်ဒယ်များ ပြည်တွင်းဖြန့်ချိရေးကုမ္ပဏီအသစ် မိတ်ဆက်ပွဲအခမ်းအနားကို ဂရင်းပလာဇာ ပတ်ရှိုင်ရယ်ဟိုတယ်၌ မေ ၂၅ရက်တွင် ကျင်းပသည်။ အခမ်းအနားတွင် Mr. Wong Kee Mun (Senior Executive) Asia Sale Department, Sales & Marketing Section **(အောက်ပုံ)**က အဖွင့်အမှာစကားပြောကြားပြီး ပြည့်စုံဝင်းနိုင် ကုမ္ပဏီဥက္ကဋ္ဌ ဦးဝင်းနိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

လေအေးပေးစက်များ အရောင်းမြှင့်တင်ရေးကာလကို မေ ၂၅ရက်မှ ဇွန် ၂၅ရက်အထိ ကျင်းပသွားမည်ဖြစ်ပြီး Panasonic O2 Shower လေအေးပေးစက်၏ ထူးခြားချက်မှာ အခန်းတွင်း လိုအပ်သော အောက်စီဂျင်ပြည့်ဝမှု ပမာဏ ၂၁ရာခိုင်နှုန်းထက်မနည်း ရှိနေစေပြီး သက်သောင့်သက်သာ အေးမြလန်းဆန်းမှုကို ဖြစ်စေကြောင်း သိရသည်။ (ကြေးမုံ)

ထူးခြားသည့် နေ့အပူချိန်များ

(၂၇-၄-၂၀၀၄)

မင်းဘူး-	၄၄ဒီဂရီစင်တီဂရိတ် (၁၁၁ဒသမ၂ဒီဂရီဖာရင်ဟိုက်)
မကွေး-	၄၄ဒီဂရီစင်တီဂရိတ် (၁၁၁ဒသမ၂ဒီဂရီဖာရင်ဟိုက်)
မန္တလေး-	၄၃ဒီဂရီစင်တီဂရိတ် (၁၀၉ဒသမ၄ဒီဂရီဖာရင်ဟိုက်)
ရမည်းသင်း-	၄၃ဒီဂရီစင်တီဂရိတ် (၁၀၉ဒသမ၄ဒီဂရီဖာရင်ဟိုက်)
ရန်ကုန် (ကမ္ဘာအေး)-	၄၂ဒီဂရီစင်တီဂရိတ် (၁၀၇ဒသမ၆ဒီဂရီဖာရင်ဟိုက်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၈-၄-၂၀၀၄ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ **အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**	၅း၀၀ ၅။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ရုက္ခဗေဒ၊သတ္တဗေဒ အထူးပြုများ) (ရုက္ခဗေဒ)
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့	၅း၁၅ ၆။ ပြည်ထောင်စု တိုင်းရင်းသား ရိုးရာတေးသံသာ
၇း၃၀ ၃။ နံနက်ခင်းသတင်း	၅း၃၀ ၇။ သီချင်းကြီးပဒေသာ
၇း၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး	၅း၄၅ ၈။ သက်တံရောင်သံစဉ်
၇း၅၅ ၅။ အဆိုပြိုင်ပွဲ	၆း၀၀ ၉။ ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၈း၀၀ ၆။ တေးသရုပ်ဖော်အစီအစဉ်	၆း၀၅ ၁၀။ Discovery.
၈း၁၅ ၇။ မြူးမြူးကြွကြွယဉ်ကျေးမှုအက	၆း၃၀ ၁၁။ ညနေခင်းသတင်း
၈း၂၀ ၈။ ဘော်ဘင်ရေလှောင်တမံ	၇း၀၀ ၁၂။ မိုးလေဝသအခြေအနေ
၈း၃၀ ၉။ International News.	၇း၀၅ ၁၃။ ဖွံ့ဖြိုးသာယာပါဒကြီးကျေးရွာ
၈း၄၅ ၁၀။ Happy and Educational English Summer Course (MRTV)	၇း၂၀ ၁၄။ တေးဂီတအစီအစဉ်
၉း၀၀ ၁၁။ အစီအစဉ်ပြီး၏။	၇း၃၅ ၁၅။ ကြံ့ခိုင်ကျန်းမာပြည်မြန်မာ
ညပိုင်း	၈း၀၀ ၁၆။ ပြည်တွင်းသတင်း
၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး	၁၇။ နိုင်ငံတကာသတင်းများ
၄း၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ	၁၈။ မိုးလေဝသအခြေအနေ
၄း၃၀ ၃။ Practice In Reading..	၁၉။ **နိုင်ငံခြားဇာတ်လမ်းတွဲ "အချစ်ဆိုသည်မှာ" (အပိုင်း-၂၈)**
၄း၄၅ ၄။ တေးဂီတအစီအစဉ်	၂၀။ နောက်တစ်နေ့အစီအစဉ်
	၂၁။ အစီအစဉ်ပြီး၏။

ရွှေဘုန်းပွင့်စေတီတော် ကဆုန်ညောင်ရေသွန်းပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၇

ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီတော်မြတ်ကြီး၏ ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို ကဆုန်လပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာကျင်းပမည်ဖြစ်သည်။

ကဆုန်လပြည့်နေ့ နံနက် ၆နာရီမှ စ၍ ည ၉နာရီအထိ လူမှုရေးအသင်းအဖွဲ့များ၊ ဘာသာရေးအသင်းအဖွဲ့များနှင့် ဘုရားဖူးလာသူများအဆင်ပြေစွာ ညောင်ရေ သွန်းလောင်းနိုင်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(၂၃)

သောက်သုံးရေဖြန့်ဝေ

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကော်မတီဝင်များ၊ ရေသန့်ဌာနမှူးများလိုက်ပါလျက် ဒလမြို့နယ်အတွင်းရှိ ရပ်ကွက်များသို့ မြို့နယ်ရေသန့်ဌာနမှ ရေသယ်ကားကြီးများဖြင့် ရပ်ကွက်ပြည်သူများအား သောက်သုံးရေဖြန့်ဝေပေးမှုကို ဧပြီ ၂၃ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးစဉ်။ (၁၂၉)

အီလက်ထရွန်နစ်နည်းစနစ်သုံးပညာရေးစီမံခန့်ခွဲမှုသင်တန်းအတွက်ထုတ်လွှင့်မည့်အစီအစဉ်
၃၀-၄-၂၀၀၄ (သောကြာနေ့)

Day -5

စဉ်	အချိန်	ပို့ချမည့်အကြောင်းအရာ	ကြာမြင့်ချိန်	မှတ်ချက်
၁။	[illegible]	[illegible]	၅မိနစ်	
၂။	[illegible]	[illegible]	၂၅မိနစ်	[illegible] DEPT
၃။	[illegible]	[illegible]	၅မိနစ်	
၄။	[illegible]	[illegible]	၂၀မိနစ်	[illegible] DEPT
၅။	[illegible]	[illegible]	၅မိနစ်	
၆။	[illegible]	[illegible]	၂၂မိနစ်	[illegible] MERD
၇။	[illegible]	[illegible]	၅မိနစ်	
၈။	[illegible]	[illegible]	၂၅မိနစ်	[illegible] MERD
၉။	[illegible]	[illegible]	၅မိနစ်	
၁၀။	[illegible]	- Post-Test [illegible]	၁၀မိနစ်	
၁၁။	[illegible]	နေ့လယ်စာစားချိန်		
၁၂။	[illegible]	[illegible]	၃၀မိနစ်	[illegible]
၁၃။	[illegible]	[illegible]	၅မိနစ်	
၁၄။	[illegible]	[illegible]	၂၀မိနစ်	[illegible] MERD
၁၅။	[illegible]	[illegible]	၅မိနစ်	
၁၆။	[illegible]	-ပညာရေးစီမံခန့်ခွဲမှု	၃၀မိနစ်	[illegible] DG,DHE(2)
၁၇။	[illegible]	[illegible]	၅မိနစ်	
၁၈။	[illegible]	-ပညာရေးစီမံခန့်ခွဲမှု အပိုင်း(၁)	၃၀မိနစ်	[illegible]
၁၉။	[illegible]	[illegible]	၅မိနစ်	
၂၀။	[illegible]	- ပညာရေးစီမံခန့်ခွဲမှု အပိုင်း(၂)	၃၀မိနစ်	[illegible]
၂၁။	[illegible]	[illegible]	၅မိနစ်	
၂၂။	[illegible]	-မြန်မာနိုင်ငံ[illegible]	၂၂မိနစ်	[illegible]
၂၃။	[illegible]	[illegible]	၅မိနစ်	
၂၄။	[illegible]	-Post-Test [illegible]	၁၅မိနစ်	
၂၅။	[illegible]	-Evaluation	၁၀မိနစ်	
၂၆။	[illegible]	[illegible]		

တိပိဋကဓရ အရှင်မြတ်များအား ချီးကျူးဂုဏ်ပြုပူဇော်မည်

ရန်ကုန် ဧပြီ ၂၇

မင်းကွန်း တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဦးဆောင်ပဓာနပြု ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက=နိကာယ ကျောင်းတိုက်ကြီးမှ (၅၆)ကြိမ်မြောက် တိပိဋကဓရ စာမေးပွဲကြီးတွင် အောင်မြင်တော်မူခဲ့ကြသော တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ဣန္ဒပါလနှင့် တိပိဋကဓရ အရှင်ဣန္ဒာစရိယ အပါအဝင် ပိဋကစာအောင်သံဃာတော် အရှင်သူမြတ် ၃၃ပါး တို့အား မေ စတုတ္ထပတ်တွင် ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် တိ=နိ နာယကကြီးများ၊ တိ=နိ အမှုဆောင်များ၊ တိ=နိသုဘဒ္ဒါ အမှုဆောင်များ၏ ညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်တော်မူခဲ့သည်။

သို့ပါ၍ တိ=နိ ရာသက်ပန်အဖွဲ့ဝင်များ၊ ဓမ္မမိတ်ဆွေများက ပူဇော်ပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဒါနအား၊ သီလအား၊ သဒ္ဓါအားတို့ဖြင့် ရပ်ဝေး၊ ရပ်နီးမှ မေ ၂၀ရက် နောက်ဆုံးထား၍ ပေးပို့လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ဘိန်းဖြူ ၁၀ ဒသမ ၁၄ ကီလို ကြူကုတ်(ပန်ဆိုင်း)၌ဖမ်းမိ

ရန်ကုန် ဧပြီ ၂၇

နယ်မြေခံထောက်လှမ်းရေးတပ်ဖွဲ့ဝင်များ၊ မူးယစ်(အထူး) တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ဧပြီ ၁၆ ရက်တွင် ကြူကုတ်(ပန်ဆိုင်း) မြို့မ (၄)ရပ်ကွက် ဈေးအနောက်ဘက်မြို့ပတ်လမ်း၌ သတင်းအရ စောင့်ဆိုင်းနေစဉ် ကျောပိုးအိတ် အကြီးနှစ်လုံးဖြင့် လမ်းလျှောက်လာသော ကွတ်ခိုင်မြို့နယ် ရောက်ဟော်ကျေးရွာနေ ဦးကျောက်စီရှင်း၏သား ကျောက်ရင့်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၁၀ ဒသမ ၁၄ ကီလိုဂရမ်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိတရားခံနှင့် မူးယစ်ဆေးဝါးများအား သက်ဆိုင်ရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိသည်။ (သတင်းစဉ်)

နိုင်ငံတော်ဩဝါဒါစရိယ စစ်ကိုင်းတိုင်း၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့နယ် လယ်တီကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ မာလာသိရိ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ)၏ ထေရုပ္ပတ္တိအကျဉ်း



ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ပဲနော့ရွာ၊ ခမည်းတော်ဦးမြင့်၊ မယ်တော် ဒေါ်လေးငယ်တို့မှ ၁၂၇၈ခုနှစ်၊ နယုန်လဆန်း ၇ရက်၊ ကြာသပတေးနေ့တွင် ဖွားမြင်တော်မူသောသားရတနာဖြစ်ပါသည်။

ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော် လောင်းလျာသည် ၁၂၉၄ခုနှစ်၊ တပို့တွဲလဆန်း ၁၀ရက်နေ့တွင် ပဲနော့ရွာဦးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ကုမာရကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူတော်မူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့ပါသည်။

၁၂၉၉ခုနှစ် ဝါဆိုလဆန်း၅ရက် မွန်းလွဲ ၁နာရီအချိန်တွင် ချမ်းသာကြီးကျောင်း ခဏ္ဍသိမ်၌ လေသာကျောင်းဆရာတော် ဘဒ္ဒန္တ ဇယန္တ သီရိကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်၊ မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့်ပင် မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့ပါသည်။

ပရိယတ္တိစာပေသင်ယူဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ပဲနော့ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တ ကုမာရ၊ မြင်းမူမြို့ လေသာကျောင်းဆရာတော် ဘဒ္ဒန္တ ဇယန္တ သီရိ၊ မုံရွာမြို့ အရှေ့လယ်တီတိုက် ဆရာတော် ဘဒ္ဒန္တ ကေဝလာဘိဝံသ၊ မန္တလေးမြို့ မစိုးရိမ်တိုက် ဂန္ဓကုရကျောင်းဆရာတော် ဘဒ္ဒန္တ ကောသလ္လာဘိဝံသ၊ ဘီလူးကျွန်းဆရာတော် ဘဒ္ဒန္တ ဉာဏဝံသ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ဆရာတော်တို့ထံတွင် ပိဋကတ်အခြေခံကျမ်းစာများနှင့်ပါဠိ၊ အဋ္ဌကထာ၊ ဋီကာတို့ကို ဆရာနည်းရအောင် သင်ယူဆည်းပူးတော်မူခဲ့ပြီး အစိုးရ ဓမ္မာစရိယစာမေးပွဲကို ဂုဏ်ထူးခုနစ်ကျမ်းနှင့်တကွ အောင်မြင်တော်မူခဲ့ပါသည်။

စာပေပို့ချခြင်းနှင့်သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မုံရွာမြို့ အရှေ့လယ်တီတိုက်၌ တပည့်ရဟန်း၊ သာမဏေများအား နေ့စဉ်ဓမ္မာစရိယစာချတန်း စာဝါများကို သင်ကြားပို့ချတော်မူခဲ့ပြီး ပထမအကြိမ်၊ ဒုတိယအကြိမ်၊ တတိယအကြိမ်တို့၌ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်အဖြစ်လည်းကောင်း၊ စတုတ္ထအကြိမ်၊ ပဉ္စမအကြိမ် တို့၌ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်အဖြစ်လည်းကောင်း သာသနာရေးတာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်အလှူခံရရှိတော်မူခြင်း

ဆရာတော်၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်၊ ခမာဇာဂရိယ စသောဂုဏ်များနှင့် သာသနာရေးအားပေးဆောင်ရွက်တော်မူခြင်းများကို ကြည်ညိုလေးစားလျက် နိုင်ငံတော်အစိုးရက ၂၀၀၂ခုနှစ်တွင် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း ပူဇော်ခဲ့ပါသည်။

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်သည် သာသနာတော်အကျိုး သယ်ပိုးထမ်းဆောင်တော်မူရင်းမှ သက်တော်(၈၈)နှစ်၊ သိက္ခာတော်(၆၈)ဝါအရ ၁၃၆၆ခုနှစ် ကဆုန်လဆန်း ၇ရက်၊ ၂၅-၄-၂၀၀၄၊ တနင်္ဂနွေနေ့ နံနက် ၇နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

ကျောက်ရင့်အား ဘိန်းဖြူ ၁၀ ဒသမ ၁၄ ကီလိုနှင့် အတူ ကြူကုတ် (ပန်ဆိုင်း)၌ ဖမ်းမိစဉ်။ (သတင်းစဉ်)



ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ရွှေတောင်မြို့နယ်မှ ထူးခြားသော သိမ်၏ မဟာရုံတံတိုင်းပတ်လည်မှ ရဟန္တာရုပ်တုများ တူးဖော်တွေ့ရှိရစဉ်။ (ယဉ်ကျေးမှု)

ရွှေတောင်မြို့နယ်၌ သိမ်ဟောင်းပြုပြင် ရဟန္တာရုပ်တုများ တူးဖော်တွေ့ရှိ

ရန်ကုန် မေ ၂၇

ပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ) ရွှေတောင်မြို့နယ် ဖိုးသိန်းတန် ကျေးရွာအနီး သိမ်ဟောင်းတစ်ခုကို ရွှေနတ်တောင် မှဲ့ရှင်ဆရာတော် ဦးခေမာစာရက ဦးစီး၍ ပြန်လည်ပြုပြင်ရန် သိမ်၏ မဟာရုံတံတိုင်းပတ်လည်ကို ဧပြီလအတွင်းတွင် တူးဖော်ရာမှ တံတိုင်းတစ်ဖက်လျှင် ရဟန္တာရုပ်တု ၂၀၊ တံတိုင်းလေးဘက်တွင် စုစုပေါင်း ရဟန္တာရုပ်တု၈၀ တူးဖော်တွေ့ရှိရသည်။ ရဟန္တာရုပ်တုတို့ကို အုတ်မြေ သရွတ်တို့ဖြင့် ပြုလုပ်ထားပြီး ရုပ်တုအမြင့်မှာ နှစ်ပေ သုံးလက်မခန့်ရှိသည်။ အနောက်တောင်ဘက်ရှိ ရဟန္တာရုပ်တု တစ်ဆူသာလျှင် ဘူမိဖဿမုဒြာ ပုံတော်ဖြစ်ပြီး ကျန်ရဟန္တာ ရုပ်တုတော်များမှာ ဈာနမုဒြာပုံတော်များ ဖြစ်ကြသည်။

သိမ်တော်မှာ အလျား ၃၂ပေ ခြောက်လက်မ၊ အနံ ၂၆ပေရှိပြီး လက်ရှိအမြင့် ၁၂ပေ ခြောက်လက်မ ကျန်ရှိပြီး အုတ်နံရံများ အက်ကွဲ ပျက်စီးလျက်ရှိသည်။ သိမ်၏မဟာရုံတံတိုင်းမှာ အရှေ့ အနောက်၁၁၅ပေ၊ တောင်မြောက် ၁၀၈ပေရှိသည်။ အားလုံးပြိုကျပြီး အုတ်ကုန်းများဖြစ်ကုန်၍ ဆရာတော်သည် မဟာရုံတံတိုင်းကို ပြန်လည်တည်ဆောက်ရန် တူးဖော်စေရာမှ ရဟန္တာ ရုပ်တုများ ပေါ်ထွက် တွေ့ရှိရခြင်းဖြစ်သည်။

ရှေးမှုမပျက်

ဤ သိမ်တော်ကြီးမှာ ကုန်းဘောင်ခေတ် ပုဂံမင်းလက်ထက် ရွှေတောင်မြို့ဝန် ဦးမှုံ တည်ထားကိုးကွယ်ခဲ့သော ရှေးဟောင်း သိမ်ဖြစ်ကြောင်း သိရှိရသည်။ သိမ်တော်ကြီး၏ ထောင့်လေးထောင့်ရှိ စေတီ လေးဆူမှာလည်း ပြိုကျပျက်စီးလျက်ရှိသည်ကိုတွေ့ရှိရသည်။ဤရှေးဟောင်းသိမ်နှင့်မဟာရုံတံတိုင်းပတ်လည်ရှိ ရဟန္တာရုပ်တုတို့အား ရွှေနတ်တောင် မှဲ့ရှင်ဆရာတော်နှင့် တပည့် ဒါယကာ၊ဒါယိကာမများက ရှေးဟောင်းသုတေသန ဦးစီးဌာန ပြည်ဌာနစု၏ ကြီးကြပ်မှုဖြင့် ရှေးမှုမပျက်ပြုပြင် တည်ဆောက်သွားမည် ဖြစ်သည်။

(သတင်းစဉ်)

မသက်ဆိုင်တော့ပါကြောင်း

ကျွန်တော်၏ ဇနီးဖြစ်သူ မှတ်ပုံတင်အမှတ် [၁၂/လမန(နိုင်) ၀၅၈၁၉၇] ကိုင်ဆောင်သူ မခင်ခင်ကြူသည် ၂၇-၃-၂၀၀၄ရက်နေ့ည ၈နာရီတွင် နေအိမ်မှ မိမိသဘောအတိုင်း ဆင်းသွားခဲ့ပါသည်။ ကျွန်တော်ခွင့်မလွှတ်နိုင်သည့် ကိစ္စရပ်များကို လုပ်ဆောင်သည့်အပြင် အဖိုးတန်ပစ္စည်းများကိုလည်း ယူသွားပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် ကိစ္စရပ်များကို လုံးဝတာဝန်မယူကြောင်း သိစေအပ်ပါသည်။

မောင်တင်ညွန့်
[၁၂/အစန(နိုင်)၁၆၃၃၄၆]။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးစန်းကိုကို-ဒေါ်ဇာဇာဇင်ဝါ
တို့၏သားကြီး
မောင်သုကိုကို
(B.A. Economics)
နှင့်
ရန်ကုန်မြို့နေ ဦးမြင့်မောင်ထွန်း-ဒေါ်မြတ်ခိုင်ဦး
တို့၏ သမီးငယ်
မမြတ်ကေခိုင်မောင်
(B.A. Business Management)

၂၄-၄-၂၀၀၄ ရက် မင်္ဂလာနေ့အိမ်၌ တရားရုံးချုပ်ညွှန်ကြားရေးမှူး ဦးညဏ်ဝင်းရှေ့မှောက်၌ လက်မှတ်ရေးထိုးပြီး Traders Hotel Myanmar Ballroom ၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဝိုင်းဝန်းကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်သုကိုကို-မမြတ်ကေခိုင်မောင်။

တိမ်အတင့်အသင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အတင့်အသင့်ဖြစ်ထွန်းမည်။

မြန်မာဟော်ကီကိုယ်စားလှယ်များ ပါကစ္စတန်သို့ ထွက်ခွာ

ရန်ကုန် မေ ၂၇

ဂျပန်နိုင်ငံ အာရှဟော်ကီအဖွဲ့ချုပ် DCC ဥက္ကဋ္ဌ Mr. Fumioogura ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ ဟော်ကီအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ၊ ပြည်ပရေးရာတာဝန်ခံနှင့် ကမ္ဘာ့ဟော်ကီအဖွဲ့ချုပ်(FIH)၊ အာရှ ဟော်ကီအဖွဲ့ချုပ်(AHF)ဟော်ကီ အားကစား ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင် ဦးကျော်နိုင်နှင့် ဟော်ကီအဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ဦးမြင့်နိုင်တို့သည် အာရှဟော်ကီအဖွဲ့ချုပ်(AHF) ဖွံ့ဖြိုးတိုးတက်ရေးကောင်စီ အစည်းအဝေးသို့ တက်ရောက်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပါကစ္စတန်နိုင်ငံ ကရာချိမြို့သို့ ထွက်ခွာသွားသည်။

အဆိုပါ အဖွဲ့အား မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ တပ်မတော် မှတ်တမ်းရုံး တပ်မှူး ဗိုလ်မှူးချုပ်မျိုးမြင့်၊ အထွေထွေအတွင်းရေးမှူး ဗိုလ်မှူးမြင့်ထွန်း၊ တွဲဖက်အတွင်းရေးမှူး ဗိုလ်ကြီးအောင်ကြည်ဝင်း၊ တွဲဖက် ပြည်ပရေးရာတာဝန်ခံ ဦးကျော်ဌေးသိန်းနှင့် အမှုဆောင်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

မြန်မာဟော်ကီကိုယ်စားလှယ်အဖွဲ့သည် ပါကစ္စတန်နိုင်ငံတွင် ကျင်းပလျက်ရှိသော (၅)ကြိမ်မြောက် အာရှလူငယ် ဟော်ကီပြိုင်ပွဲများကိုလည်း ကြည့်ရှုလေ့လာကြမည်ဖြစ်သည်။

ထို့အပြင် အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဦးကျော်နိုင်သည် ပါကစ္စတန်နိုင်ငံ အားကစားဝန်ကြီးဌာနမှ အဆင့်မြင့် အရာရှိကြီးများနှင့် ပါကစ္စတန်နိုင်ငံ အကူအညီဖြင့် မြန်မာနိုင်ငံတွင် မြက်ခင်းတု ဟော်ကီအားကစားကွင်း တည်ဆောက်နိုင်ရေး အတွက်တွေ့ဆုံ ဆွေးနွေးမည်ဖြစ်သည်။

(သတင်းစဉ်)

မင်္ဂလာဆုတောင်း

သားကြီးမောင်သုကိုကိုနှင့် သမီး မမြတ်ကေခိုင်မောင်တို့၏ မင်္ဂလာဦးမှသည် နှစ်တစ်ရာတိုင်ပျော်ရွှင်ချမ်းမြေ့ပါစေ။

ဦးဦး ဇင်နိုင် (ဒုအကောက်ခွန်မှူး)၊ အန်တီအိ
ညီမလေး - အိဥ္ဇာ၊ ညီလေး- ခန့်ညား။





VeVe® နှင့် ကျားခေါင်းဘိလပ်မြေ မှ

ကျေးဇူးတင်ရှိကြောင်း နှင့် သတင်းလက်ဆောင်

မန္တလေးမဟာသင်္ကြန်တွင် VeVe® သင်္ကြန်မဏ္ဍပ်ကို IC (သူရဲကောင်းလေးများတေးဂီတ)ဖြင့် ညွှဲ့ခံဖျော်ဖြေခဲ့ရာ အဘက်ဘက် မှ ဝိုင်းဝန်းကူညီကြသော ဂုဏ်သရေရှိ လူကြီးမင်းများ၊ မိတ်ဆွေ သင်္ဂဟ အပေါင်းနှင့် လာရောက်အားပေးကြသော ရပ်နီး ရပ်ဝေးမှ ကုန်သည်များအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း VeVe® မှ ပြောကြားအပ်ပါသည်။

နှစ်သစ်ကူး အထူးကြော်ငြာအရောင်း အနေနှင့် သွင်းကုန်အစားထိုး WHALE (TIN) သံဘူးအားဖြည့်အချိုရည်နှင့် VeVe® မလိုင်နို့ခဲ (၅၀)လုံးပါ တစ်ထုပ်လျှင် (၁၅၀)ကျပ် အသီးသီးဖြင့် ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

တစ်ဘူး ၁၅၀ ကျပ်

တစ်ထုပ် ၁၅၀ ကျပ်

ကျားခေါင်းဘိလပ်မြေကိုလည်း အထူးလျှော့ဈေးဖြင့် ရောင်းချပေးလျက်ရှိပါသည်။
အထူးအရောင်းကာလသတ်မှတ်ချက်ကို ထပ်မံကြေညာပေးမည်။

အားပေးကြသော မိတ်ဆွေ ဖောက်သည်များ၊ သူအပေါင်းနှင့် ကုန်သည်ကြီးများကို အထူးကျေးဇူးတင်လျက်...
VeVe® နှင့် ကျားခေါင်းဘိလပ်မြေ မိသားစု (ဖုန်း-၅၄၂၄၈၀ ၊ ၅၄၃၂၄၄ ၊ ၅၅၇၁၃၁)

EFFECTIVE PRESENTATION SKILLS
ထိရောက်စွာ တင်ဆက်ပြောဆိုမှု သင်တန်း
သင်တန်းကာလ၊ သင်တန်းချိန် နှင့် သင်တန်းနေ့ရက်
၃ လ (Thur & Fri 7:00-8:45 a.m.) 29/4/04
အသေးစိတ်သိလိုပါက MENTOR BMC
Business & Management School
ဖုန်း ၂၉၁၃၅၈ သို့ဆက်သွယ်ပါ။

ကွန်ပျူတာအရောင်းဆုံးဈေး
... Note Book Computer ... King Don Computer Center ...
"King Don Computer Center"No. 25, 5th Street (Lower), Lanmadaw Tsp, Ph: 222948.

ခရုသင်း(၆)မျိုး အထူးကုသမားတော်ကြီး ဦးကျော်ဟိုး

ဆရာကြီး ဦးကျော်ဟိုးသည် သထုံမြို့ ဘင်လိုင်ရပ်မှ ရန်ကုန်သို့ ပြောင်းရွှေ့ပြီး မပျောက်ကင်းနိုင်သော ခရုသင်း(၆)မျိုးနှင့် အတက်ရောဂါ၊ ဝက်ရူးပြန်(၇)မျိုးတို့ကို ကုသပေးနေပြီဖြစ်ကြောင်း ရပ်နီး၊ ရပ်ဝေးမှ ဝေဒနာရှင်များကို သိရှိရန် ကြေညာအပ်ပါသည်။

ယခုတစ်ဖန် နေရောင်လင်းဆေးတိုက်မှ နနွင်းခါး၊ ဘုမ္မရာဇာ၊ ဆင်တုံးမနွယ် သုံးမျိုးဖြင့် သွေးတိုး၊ ဆီးချို၊ လေငန်းရောဂါကို ဖိတ်ခေါ်လိုက်ပါသည်။

ဥပုသ်နေ့ပိတ်သည်
သမားတော်ကြီးဦးကျော်ဟိုး
အမှတ်(၃၇/၂)၊ ဇင်ယော်လမ်း၊ (၁၄)ရပ်ကွက်၊ မြင်သာအိမ်ရာ-၂၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်(၆က/၃၂၅၇)မော်တော်ယာဉ်လက်ဝယ်ရှိသူက ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)မိတ္တူ ပျောက်ဆုံးလာသဖြင့် ကန့်ကွက်လိုသူများသည် (၁၅)ရက်အတွင်း ကညန၊ ခရိုင်ရုံး(သရက်)သို့ လာရောက်ဆက်သွယ်ပါရန်။

ကညန(သရက်)။

နေ့စဉ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့နေ ဦးသိန်းကျော် (အငြိမ်းစား) +ဒေါ်တင်တင်ဝင်း တို့၏သား
ဗိုလ်ကြီး မင်းမင်းထွန်း
B.Sc (D.S.A), M.Sc (Physics) Final Part I နှင့်
ရန်ကုန်မြို့နေ ဦးစော်ဖေ (ကျောက်ဖြူ) +ဒေါ်ခင်မေညို တို့၏ တစ်ဦးတည်းသောသမီး
မဝင့်သူသူခင် Final Part I (Sr), IM-II
တို့သည် နှစ်ဖက်သောမိဘဆွေမျိုးများနှင့် ... နေ့စဉ်ကြောင်းလမ်းပြီးစီးကြောင်း။
နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးမင်းမင်းထွန်း-မဝင့်သူသူခင်

ပစ္စည်းပျောက်
အလက (၁) ရန်ကင်း၊ TTC သတ္တမတန်း(ဂ)မှ မောင်တင်အောင်ဇော်၏ ဖစ်အမည်မှန်မှာ ဦးဇော်လွင် ထွေး ဖြစ်ပါသည်။

ဟာစီးယပ်းအေမည်
MT&K Tourism Co., Ltd
Ph:663161, 666220, 440166
09-5043915, 09-5034637

မင်္ဂလာညစာစားပွဲ ကျေးဇူးတင်လွှာ

တောင်ငူမြို့၊ ကံ့ကူရိုးတန်းလမ်း၊ အမှတ် (၄၀)နေ
(ဦးလှမောင်)-(ဒေါ်ခင်မြ)တို့၏ သားထွေး
ဗိုလ်ကြီးစိန်ဝင်း B.Sc (Chemistry)
တပ်မတော် (ရေ)
နှင့်
ရန်ကုန်မြို့၊ ရွှေတိဂုံဘုရားလမ်း၊ အမှတ် (၂၈၄-၂၈၆)၊ အခန်း(3F-4)နေ
ဦးဝင်းမြင့်-ဒေါ်ခင်မြင့်မြင့် (ခ) ဒေါ်နောင်းတို့၏သမီးဦး
မသက်စုမြင့်(ခ)စုစု B.Sc (Botany)

တို့၏ ၂၄-၄-၂၀၀၄ရက် Yuzana Garden Hotel၌ ကျင်းပသော မင်္ဂလာညစာစားပွဲ အခမ်းအနားသို့ ကြွရောက်ချီးမြှင့်ပေးသော ... The Aces ... Yuzana Garden Hotel မှ မန်နေဂျာနှင့် ဝန်ထမ်းများ အားလုံးတို့အား လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ရှိပါကြောင်း။
နှစ်ဖက်သော မိဘများနှင့် ဗိုလ်ကြီးစိန်ဝင်း-မသက်စုမြင့်။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ကြခင်းစုရပ်ကွက်၊ မေတ္တာလမ်း၊ အမှတ်(၃၆)နေ
(ဦးအုန်းသန်း)(လေကြောင်းထိန်းသိမ်းရေးအရာရှိ-၃)-ဒေါ်ရွှေကြယ်တို့၏သား
ဗိုလ်ကြီးကျော်လင်းထွေး B.A(History)တေ(၂၅)
နှင့်
ရန်ကုန်မြို့၊ မင်္ဂလာဒုံမြို့နယ်၊ ၂(က)ခဲပြရပ်ကွက်၊ သပြေလမ်း၊ အမှတ်(၆)နေ
ဒုအရာခံဗိုလ်အောင်ပန်-ဒေါ်ဆွေဆွေမြင့်တို့၏သမီး
မသန္တာအောင် B.Sc(Maths)Q(Credit)
M.Sc(Engineering Maths Final Part II)Y.U
တို့အား ၂၂-၄-၂၀၀၄ရက်နေ့၌ ... I.B.C၌ ကျင်းပပြုလုပ်သည့် မင်္ဂလာညစာစားပွဲတွင် ... Sky Blue ... I.B.C အဖွဲ့သားများနှင့် အဘက်ဘက်မှ ကူညီပံ့ပိုးပေးကြသော သူငယ်ချင်း မိတ်ဆွေအားလုံးတို့အား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။
နှစ်ဖက်သောမိဘများနှင့် ဗိုလ်ကြီးကျော်လင်းထွေး-မသန္တာအောင်။

"အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်"
Must, All Adults, Be Able to Drive

စက်ချုပ်သင်တန်း

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
(အင်ဂျင်နီယာဌာန)
အောက်ပါသင်တန်းများ ၄-၅-၂၀၀၄နေ့တွင် ဖွင့်လှစ်ပါမည်။ ...
အခြေစိုက်အလုပ်ရုံအမှတ်(၁)(၂)
၁။ အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း ... TIG နှင့် MIG ဂဟေဆက်)
၂။ အခြေခံဒီဇယ်အင်ဂျင်ပြုပြင်ထိန်းသိမ်းမှုသင်တန်း။
၃။ တွင်ခုံ/ဖောက်ခုံသင်တန်း။
၄။ ယန္တရားကိုင်တွယ်ထိန်းသိမ်းမှုသင်တန်း။
တည်နေရာ-ကုန်းလမ်းပို့ဆောင်ရေး အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်။
တယ်လီဖုန်း-၀၁-၂၉၁၃၃၁၊ ၀၁-၂၉၁၃၃၄၊ ၇၂၆၅၇၂

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာကျွမ်းကျင်မှုသင်တန်းဖွင့်မည်

S.M.H International Education and Language Centre မှ Basic Four Skills (BFS) အခြေခံအင်္ဂလိပ်စာ သင်တန်းများကိုလည်းကောင်း၊ Pre-Intermediate English Course (PIEC) သင်တန်းများကိုလည်းကောင်း၊ Intermediate English Course (IEC) သင်တန်းများကို ခေတ်မီ စာသင်ခန်းမသစ်ကြီးတွင် တစ်တန်းလျှင် သင်တန်းသား (၂၀)ဦးသာ လက်ခံ၍ ထိရောက်သော စနစ်များ အသုံးပြုသင်ကြားပေးမည် ဖြစ်ပါသည်။

အထက်ပါသင်တန်းများအပြင် နိုင်ငံတကာ အင်္ဂလိပ်စာ စာမေးပွဲများဖြစ်သော I.E.L.T.S, T.O.E.F.L နှင့် F.C.E တို့ကိုလည်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပါသည်။ အသေးစိတ် သိလိုပါက ဆရာ Prin Chan အမှတ်-၁၆၇/၁၇၃၊ ဆိပ်ကမ်းသာလမ်း (အလယ်)၊ ဆိပ်ကမ်းသာရိပ်မွန်၊ A-4၊ ရန်ကုန်၊ ဖုန်း-၃၇၆၇၁၅သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

MCC & JAVA Professional သင်တန်းများ
Professional Java Programmer Course
-Java Fundamentals
-Thread
-AWT & Swing
-Applet & JAVA Security
-Collection API
-JavaI/O
-RMI & Socket Programming
-JDBC

Professional Enterprise Java Developer Course
-J2EE Framework
-N-Tier Application Architecture
-Servlet & JSP
-Enterprise JAVA Beans (EJB)
-JAVA Message Service (JMS)
-JDBC -XML
-UML & Design Patterns
-Oracle 9i Application Server

50% Off

JAVA Programming ... Developer Course ...
Sun Certified Enterprise Architect

လီလီ Li Li

အမှတ်(၁)စက်မှုဝန်ကြီးဌာန
မြန်မာ့အထည်အလိပ်လုပ်ငန်း
ရွှေတောင်အဆင့်မြင့်ချည်မျှင်အထည်နှင့်အချောကိုင်စက်ရုံ
အဝယ်တင်ဒါ (၂/၂၀၀၄-၂၀၀၅)
ပစ္စည်းများဝယ်ယူလိုခြင်း

၁။ ဤစက်ရုံတွင် အောက်ဖော်ပြပါလုပ်ငန်းအတွက် ပစ္စည်းများဝယ်ယူလိုပါသဖြင့် ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

Renovation of Water Supply – ဆိုင်ရာပစ္စည်းများ

၂။ **တင်ဒါပေးသွင်းရမည့်နေရာ** – ဤစက်ရုံစီမံရေးဌာန

၃။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** – ၄-၅-၂၀၀၄ (အင်္ဂါနေ့) (၁၂း၃၀)နာရီ

မှတ်ချက်။ ။အသေးစိတ်အကြောင်းအရာများကို ဤစက်ရုံစီမံရေးဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပြီး တင်ဒါပုံစံတစ်စောင်လျှင် (၅၀၀၀ိ/)ကျပ်နှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။
ဆက်သွယ်ရန် ဖုန်းနံပါတ် – ၀၅၃-၂၄၇၀၀၊
၀၅၃-၂၄၀၄၈။

စက်ရုံမှူး။

ENGLISH (U.M.N)

GRAMMAR

— 708503, 286154

ဆာနူးကြီး

တရားမဝင်အသိအမှတ်မပြုကြောင်းကြေညာခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်သက်လင်းဝင်း(ခ) SONNY [၁၂/မရက(နိုင်)၁၂၆၄၉၅]သည် မိဘများသဘောတူညီမှုမရှိဘဲ တစ်ဖက်သတ်ပြုလုပ်မှုများအပေါ် တရားမဝင်အသိအမှတ်မပြုပါကြောင်း ကြေညာအပ်ပါသည်။

ဖခင်-ဦးထွန်းဦး-မိခင်-ဒေါ်သီတာဝင်း။

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော်၊ ကျွန်မတို့၏သားဖြစ်သူ မောင်သက်လင်းဝင်း(ခ) SONNY [၁၂/မရက(နိုင်)၁၂၆၄၉၅]သည် မိမိဆန္ဒအလျောက် တစ်ဖက်သက်ပြုလုပ်သွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စမျှ တာဝန်ယူမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဖခင်-ဦးထွန်းဦး – **မိခင်-ဒေါ်သီတာဝင်း**
[၁၂/ဗဟန(နိုင်)၀၇၄၆၂၄] **[၁၂/ဗဟန(နိုင်)၀၇၄၆၂၅]**

တော်ဝင်လင်း

APRIL-30
MAY-13/27

Hotel
Restaurant
Aircon Express

5 % Discount

Ph-09-5924512, 09-5012031, 549505

MYANMAR RYOKO

Ph: 09-5002659
(Off) 704229, (Res) 614464

CRANE

တိုက်ခန်းရောင်းမည်

၁၃' X ၅၀' ၊ ဖြေလွှာ ထပ်ခိုးပါ
ရေ၊ မီး ကိုယ်ပိုင်
အရှေ့လှည့်၊ ပြင်ဆင်ပြီး။
၉၃ လမ်း၊ ကန်တော်လေး
ဖုန်း-၂၄၉၁၀၇။

Yamin ယမင်း

HIACE

Transport Service

☎ 296770, 09 80 23333

PC Workshop
660174, 720301
Desktop, Laptop, Notebook

☎ 380183

MRS Computer & Network

Used PC Sales
This Week Special

PentiumII 300MHz,64MB,4.3GB,FDD,CD
14" Monitor,K/B & Mouse.......Ks-130000

PentiumII 333MHz,64MB,6.4GB,FDD,CD
14" Monitor,K/B & Mouse.......Ks-140000

PentiumII 350MHz,64MB,4.3GB,FDD,CD
14" Monitor,K/B & Mouse.......Ks-145000

296836/298566
E-mail Address------ mrs.sales@yangon.net.mm

1.5.2004
31.7.2004

GOLDEN CITY
SHOPPING CENTRE

- VCD
- MEMBER Card
- MEMBER Card 2% မှ 5% Discount

ပရမတ္ထအလင်းပြ (ဥက္ကဋ္ဌ) ဆရာကြီး ဆရာသင်၏မြေး ၊ သမားတော်ကြီး ဦးသန်းလှိုင်နှင့် ဆရာမကြီး ဒေါ်သိန်းမြိုင်(ဒ-ဘ-န)၏သမီး ၊ ဆရာမ ဒေါ်မိမိသက် (ဒ-ဘ-ဗ-ဝ) ထုတ်လုပ်သော

အပူများနေသူတွေအတွက်

ပန်းဝတ်မှုန် အပူငြိမ်းဆေး

စားကောင်း၊ အိပ်ပျော်၊ အမူးအမောပြေစေ၍ အသားအရေပူခြင်း၊ ခေါင်းကိုက်ခြင်း၊ ပါးစပ်နံခြင်း၊ ချွေးထွက်လွန်ခြင်းများကို သက်သာပျောက်ကင်းစေပါသည်။

တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် - ၀၁၀၄ ဝိုင် ၅၀၉၄ • ထုတ်လုပ်ခွင့်လိုင်စင်အမှတ် - ၁/၂၀၀၂၊ တဆထလ (၁၀၅၈)

ပင်ရင်း • ဆရာမ ဒေါ်မိမိသက်

အမှတ်(၄၄)၊ ဓမ္မရာဇာ(၂)လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပ။ ☎ ၇၁၀၀၆၁၊ ၀၉-၈၀၃၂၆၆၀

ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေးလုပ်ငန်း ပင်မရေနံ သိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ ဓနိတောရှိ မီးထိုးဆီပျက် အဆင့်ချရေနံချေး (၁၇၈၃၂)ဂါလန် (ပီပါခွံအပါအဝင်)အား မျက်မြင်အခြေအနေအတိုင်း ရောင်းချမည်ဖြစ်ပါသဖြင့် ချိပ်ပိတ်တင်ဒါများ ပေးသွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းပုံစံရောင်းချမည့်-

(က) **နေ့ရက်** – ၄-၅-၂၀၀၄
(ခ) **နေရာ** – ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (က)အဆင့်၊ ဓနိတော၊ အထွေထွေမန်နေဂျာရုံး
(ဂ) **တင်ဒါတစ်စောင်ဈေးနှုန်း** – ၅၀၀၀ိ/-(ကျပ်ငါးထောင်)
(ဃ) **တင်ဒါပိတ်မည့်ရက်** – ၁၂-၅-၂၀၀၄ (ဗုဒ္ဓဟူးနေ့) (၁၄း၀၀)နာရီ

၃။ တင်ဒါတင်သွင်းသူသည် တင်ဒါဆွဲယူခွင့် စပေါ်ငွေ(၅၀၀၀၀ိ/-) (ကျပ်ငါးသိန်းတိတိ)ကို ငွေသားဖြင့် ပေးသွင်းရမည်။

၄။ ဝယ်ယူခွင့်ရရှိပြီးပါက (၇)ရက်အတွင်း မိမိအစီအစဉ်ဖြင့် ပြီးစီးအောင် ထုတ်ယူရမည်။

ချိပ်ပိတ်တင်ဒါရောင်းချရေးကော်မတီ
မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း
ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး(က)အဆင့်၊ ဓနိတော။

Golden Hope Int'l Ltd.
☎ 202377, 703220

ကျေးဇူးဆပ်ပါမည်

ကျွန်တော်များ Shin Hwa Trading Co., Ltd.၏ ကုမ္ပဏီမှတ်ပုံတင်လက်မှတ် (အမှတ်-၄၄၄) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါလိပ်စာသို့ ဆက်သွယ်ပေးပါရန်။

New Aye Yar Hotel
170/176, Bo Aung Kyaw St, Yangon.
Ph: 256938. 095007385.

သတိပေးကြေညာချက်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ အိုလံပစ်တာဝါ(၂)၊ အာရှဓနဘဏ်လီမိတက် (ရုံးချုပ်) ကတ်ဌာနမန်နေဂျာ ဦးစန်းတင့်အောင်၏ လွှဲအပ်ညွှန်ကြားချက်အရ သတိပေးကြေညာအပ်ပါသည်။

အာရှဓနဘဏ်လီမိတက် ကတ်ဌာနတွင် (Credit Card)သုံးစွဲခွင့်လျှောက်ထားပြီး သုံးစွဲခဲ့ရာ ဘဏ်သို့ပြန်လည်ပေးဆပ်ရန် ကျန်ရှိသော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား သိစေအပ်ပါသည်။

စဉ်	အမည်	မှတ်ပုံတင်နံပါတ်	နေရပ်လိပ်စာ	လုပ်ငန်း
၁။	ဒေါ်ခင်နှင်းသက်	[၁၂/ဗဟန(နိုင်) ၀၄၅၈၇၃]	အမှတ်(၃၃၃)၊ အခန်း(၂)၊ (၅)ရပ်ကွက်၊ ရန်ကင်း (အနောက်) ရန်ကုန်။	Myanmar Smile Land Travel&Tour(Director)
၂။	ဦးလွင်ထွန်း	[၁၂/ဗဟန(နိုင်) ၀၀၀၄၁၃]	အမှတ်(၄၄)၊ အခန်း(၁၀၂)၊ ပိတောက်ရွှေဝါလမ်း၊ကျန်စစ်သားအိမ်ရာ၊လှိုင်သာယာမြို့နယ်၊ရန်ကုန်။	Summit Park View (F & B Supervisor)
၃။	ဒေါ်တင်တင်လှိုင်	[၁၂/မဂဒ(နိုင်) ၀၃၆၉၁၅]	အမှတ်(၁၀၀၈)ဘီ၊ ၁၀-ထပ်၊ ယုဇနတာဝါ ရွှေဂုံတိုင်၊ဗဟန်းမြို့နယ်။	RoyalPrincess Co;(MD)
၄။	ဒေါ်နန္ဒာဝင်း	[၁၂/ဗဟန(နိုင်) ၀၈၂၉၁၄]	အထက်ပန်းဆိုးတန်းလမ်း (အောင်ဆန်းကွင်းအရှေ့ဘက်တန်း)။	Time Printing Centre (Director)
၅။	ဒေါ်သီတာချစ်ဆိုင်	[၁၂/ပတထ(နိုင်) ၀၁၁၇၁၁]	အမှတ်(၂၀)၊ ၁၂-လမ်း၊ လမ်းမတော်မြို့နယ်။	Wontoll Company Ltd; (Director)
၆။	ဒေါ်လတ်လတ်သိန်း	[၁၂/တမန(နိုင်) ၀၀၅၉၈၅]	အခန်း(၁၀၁)၊ ဒီ-၂၊ Delta Plaza၊ ဗဟန်းမြို့နယ်။	Super Lucky Joss-stick (Owner)
၇။	ဦးအေးဝင်း	(LPN-၁၃၀၀၂၇)	အမှတ်(၆၀၂)၊ ကံ့ကော်လမ်း၊ ၄၁-ရပ်ကွက်၊ မြောက်ဒဂုံ	Pansea Hotel (Supervisor)
၈။	ဦးဇော်ဌေး	[၁၂/ပဘတ(နိုင်) ၀၀၈၈၉၁]	အမှတ်(၄၄၄)၊ အခန်း(၁၆)၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်	Seven Mountain Co., Ltd; (MD)
၉။	ဦးနိုင်မျိုးလွင်	[၁၂/ရကန(နိုင်) ၀၀၀၄၄၂]	အမှတ်(၃၀)ဘီ၊ အခန်း(၇)အေ၊ ယောမင်းကြီးလမ်း၊ ဒဂုံမြို့နယ်	Business Consultancy &Coordination Service Co.,Ltd; (MD)
၁၀။	ဦးဇော်မြင့်လှိုင်	[၁၂/လမန(နိုင်) ၁၀၇၈၀၆]	အမှတ်(၃၅)၊ သီရိမင်္ဂလာလမ်း၊ ကုန်မြင့်သာရိပ်သာ၊ မရမ်းကုန်းမြို့နယ်၊(off;)136,36 st;KTD Tsp;	AimsMyanmar Co;Ltd; (Director)
၁၁။	ဦးဝင်းကျော်ထူး	[၁၂/ဗဟန(နိုင်) ၀၈၄၄၆၇]	အမှတ်(၉)ဒီ၊ ဗိုလ်ချိုလမ်း၊ ဗဟန်းမြို့နယ်	Hub Marine Pte;Ltd; (2nd Officer)
၁၂။	ဦးစိုးအောင်	[၁၂/လမန(နိုင်) ၀၁၇၇၃၈]	အမှတ်(၂၁)၊ ဓမ္မာရုံ(၁)လမ်း၊ ခြောက်မိုင်ခွဲ၊ လှိုင်မြို့နယ်	Myat Won Yeik Studio (Director)

ဖော်ပြပါပုဂ္ဂိုလ်တို့သည် ကတ်လျှောက်ထားရာ၌ အာရှဓနဘဏ်လီမိတက်နှင့် ကတ်လျှောက်ထားသူတို့သည် ဘဏ်မှခွင့်ပြုငွေပမာဏထက် ကျော်လွန်၍သုံးစွဲခွင့်မရှိကြောင်း၊ လစဉ်သုံးစွဲငွေကို လကုန်ရက်တွင် ဘဏ်ရှိမိမိ၏စာရင်းမှ ခုနှိမ်သွားမည်ဖြစ်ကြောင်း၊ ၎င်းလကုန်ရက်တွင် ငွေလုံလောက်မှုမရှိပါက နောက်လ(၁၅)ရက်အတွင်း ပေးချေမည်ဖြစ်ကြောင်း၊ သတ်မှတ်ထားသောငွေပမာဏထက် ကျော်လွန်သုံးစွဲပါက ၎င်းငွေကို (၇)ရက်အတွင်း ပေးသွင်းရမည်ဖြစ်ကြောင်း ဝန်ခံသဘောတူလက်မှတ်ရေးထိုးခဲ့ပါသည်။

အထက်ဖော်ပြပါပုဂ္ဂိုလ်တို့သည် ဘဏ်မှသတ်မှတ်ခွင့်ပြုငွေထက် ပိုမိုသုံးစွဲပြီး သတ်မှတ်ကာလထက် ကျော်လွန်သော်လည်း လာရောက်ပေးဆပ်ခြင်းမရှိသဖြင့် အာရှဓနဘဏ်လီမိတက်(ရုံးချုပ်)ကတ်ဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များသည် လူကိုယ်တိုင်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ သုံးစွဲငွေများ ပြေကျေစွာပေးဆပ်ရန် အကြိမ်ကြိမ်အကြောင်းကြား သတိပေးခဲ့ပါသည်။ သို့သော် အထက်ဖော်ပြပါပုဂ္ဂိုလ်တို့သည် ဘဏ်သို့ငွေများပြေကျေစွာ ပေးသွင်းခြင်းမရှိဘဲ ပျက်ကွက်နေကြပါသည်။

သို့ပါ၍ အထက်ပါပုဂ္ဂိုလ်များသည် အာရှဓနဘဏ်လီမိတက်(ရုံးချုပ်) ကတ်ဌာနသို့ ၃၀-၄-၂၀၀၄နေ့ နောက်ဆုံးထား၍ သုံးစွဲသည့်ငွေများလာရောက်ပေးဆပ်ရန် အကြောင်းကြားသိစေအပ်ပါသည်။

အကယ်၍လူကြီးမင်းတို့သည် ကျွန်ုပ်၏တိုက်တွန်းနှိုးဆော်အကြောင်းကြားခြင်းကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက လူကြီးမင်းတို့သည် ပဋိညာဉ်သဘောတူညီချက်များကို ချိုးဖောက်နေကြသဖြင့် တရားဥပဒေအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားသိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်မြို့ **ရာစိုး**
၂၀၀၄ခုနှစ်၊ မတ်လ(၃၀)ရက် **တရားလိုအကျိုးဆောင်**
တရားရုံးချုပ်ရှေ့နေအမှတ်-၁၁၈၄။

ပြည်ထောင်စုမြန်မာနိုင်ငံတော်
စာရင်းစစ်ချုပ်ရုံး
လျှောက်လွှာခေါ်ယူခြင်း

ရက်စွဲ၊ ၂၀၀၄ခုနှစ် ဧပြီလ(၂၈)ရက်။

၁။ စာရင်းစစ်ချုပ်ရုံးနှင့်ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်စာရင်းရုံးအသီးသီးတွင် လစာနှုန်းကျပ်၄၈၀၀-၁၀၀-၅၃၀၀ရှိသော စာရင်းစစ်ရာထူးနေရာများအတွက် လျှောက်လွှာများခေါ်ယူပါသည်။

၂။ လျှောက်ထားသူသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) စီးပွားရေးတက္ကသိုလ်များမှ ပေးအပ်သည့် Bechlor of Commerce (သို့)Bechlor of Accounting (သို့)မြန်မာနိုင်ငံစာရင်းကောင်စီက ပေးအပ်သည့် Diploma in Accountancyဘွဲ့/လက်မှတ်ရရှိသူဖြစ်ရမည်။
(ဂ) ၂၀၀၄ခုနှစ် မတ်လ၃၁ရက်နေ့တွင် ဝန်ထမ်းမဟုတ်ပါက အသက်၃၀နှစ်ထက်မကြီးသူ၊ ဝန်ထမ်းဖြစ်ပါက ၃၅နှစ်ထက်မကြီးသူဖြစ်ရမည်။
(ဃ) မိမိလျှောက်ထားချက်အရ ခန့်အပ်ခံရသည့်ရုံးတွင် အနည်းဆုံး(၅)နှစ် မပြောင်းမရွှေ့တာဝန်ထမ်းဆောင်နိုင်ကြောင်း ခံဝန်ချက် ချုပ်ဆိုနိုင်သူဖြစ်ရမည်။

၃။ လျှောက်လွှာပုံစံများကို စာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာ(ဝန်ထမ်း-၁)ဌာနစုနှင့် ပြည်နယ်/တိုင်းစာရင်းရုံးများတွင် ဝယ်ယူနိုင်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲတင်ပြလျှောက်ထားရမည်။
(က) ဘွဲ့လက်မှတ်မိတ္တူ(မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ခ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်လက်မှတ်၊ အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူ (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)၊
(ဂ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ပြည်သူ့ရဲစခန်း၏ ထောက်ခံစာမူရင်း၊
(ဃ) ပါတီနိုင်ငံရေးကင်းရှင်းကြောင်း ပြန်တမ်းဝင်အရာရှိတစ်ဦး၏ ထောက်ခံစာမူရင်း၊
(င) လိပ်စာဖော်ပြပါဒေသတွင် အမှန်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ထောက်ခံစာမူရင်း၊
(စ) အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ(ဝန်ထမ်းမဟုတ်သူများ)၊

၅။ ဦးစားပေးအစီအစဉ်အရ ပြည်နယ်/တိုင်း/ခရိုင်/မြို့နယ်စာရင်းရုံးသို့ လျှောက်ထားသူများသည် လျှောက်လွှာများကို သက်ဆိုင်ရာပြည်နယ်/တိုင်းစာရင်းစစ်အရာရှိထံ လိပ်မူ၍ ၁၄-၅-၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ ထိုသို့ လျှောက်ထားသူများအား လူတွေ့စစ်ဆေးမှုကို ပြည်နယ်/တိုင်းစာရင်းရုံးများတွင် ပြုလုပ်မည်ဖြစ်သည်။ စာရင်းစစ်ချုပ်ရုံးသို့ လျှောက်ထားသူများသည် လျှောက်လွှာများကို စာရင်းစစ်ချုပ်ရုံး၊ စီမံရေးရာ(ဝန်ထမ်း-၁)ဌာနစုသို့ ၁၄-၅-၂၀၀၄နေ့ နောက်ဆုံးထား၍ အရောက်ပေးပို့ရမည်။ ထိုသို့ လျှောက်ထားသူများအား လူတွေ့စစ်ဆေးမှုကို စာရင်းစစ်ချုပ်ရုံးတွင် ပြုလုပ်မည်ဖြစ်သည်။

၆။ ဝန်ထမ်းဖြစ်လျှင် လျှောက်လွှာတစ်စောင်ကို မိမိတာဝန်ထမ်းဆောင်သည့်ဌာနဆိုင်ရာမှတစ်ဆင့် ဝန်ကြီးဌာန၏ ခွင့်ပြုချက်ရယူပေးပို့ရန်ဖြစ်ပြီး လျှောက်လွှာတစ်စောင်ကို ကြိုတင်မိတ္တူဟု ရေးသားပေးပို့နိုင်ပါသည်။

မှတ်ချက်။ ။ ပြည်နယ်နှင့်တိုင်းအချို့ရှိ စာရင်းရုံး၁၀ရုံးတွင် ဒေသခံအခြားဘွဲ့ရများအား စိစစ်ခန့်ထားရန် သီးခြားအစီအစဉ်ရှိပါသည်။ ဆိုင်ရာပြည်နယ်/ တိုင်းစာရင်းရုံးများတွင် စုံစမ်းနိုင်ပါသည်။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ဆွေစိုး
ဦးဆောင်ညွှန်ကြားရေးမှူး
(သမဝါယမပို့ကုန်သွင်းကုန်ဌာန)

ဦးခင်မောင်ဝင်း (ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၏ဇနီး ဒေါ်ခင်ဆွေစိုး အသက်(၅၉)နှစ်သည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားသည့်အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

B.D.S (10 / E) သင်တန်းသားများ
နိုင်ငံခြားရေးဝန်ကြီးဌာန။

ဝမ်းနည်းကြေကွဲခြင်း

C.P.Aများ၏ ဆရာ၊ ဆရာ ဦးမော်သန်း(ရန်ကုန်စီးပွားရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ငြိမ်း)၏ ဇနီး ဒေါ်သန်းသန်းအေး(ခ) မာလွင် C.P.Aသည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

တပည့် မအေးသီတာ C.P.A (ငွေအဥ္စလီစာရင်းစစ်အဖွဲ့)
အမှတ်(၁၀၅)၊ ၃၈လမ်း၊ ကျောက်တံတားမြို့နယ်။

ကျေးဇူးတင်ရှိခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ သီရိမာလာလမ်းသွယ်၊ ၇မိုင်ခွဲ၊ ပြည်လမ်း၊ အိမ်အမှတ်၅၆(F)နေ ကွယ်လွန်သူ ဒေါ်ခင်ကြည်(၈၄)နှစ်၊ (အငြိမ်းစား) အကြီးတန်းလက်ထောက် အုပ်ချုပ်ရေးမှူး၊ ကုလသမဂ္ဂပြန်ကြားရေးဌာန၏ ဈာပနတွင် အဘက်ဘက်မှ လိုလေသေးမရှိ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော မွေး/ရေဝန်ကြီးဌာန၊ မွေးမြူရေးနှင့်ရေလုပ်ငန်းညွှန်ကြားမှု ဦးစီးဌာနနှင့် ဦးစီးဌာနလုပ်ငန်းများမှ အရာထမ်း၊ အမှုထမ်းများ၊ Myanmar Seafood Co.,Ltd.၊ အပြည်ပြည်ဆိုင်ရာ တနင်္သာရီရေလုပ်ငန်း၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းအသီးသီးမှ မိတ်ဆွေများ၊ ဝမ်းနည်းကြောင်းသတင်း ပေးပို့သော ကုလသမဂ္ဂပြန်ကြားရေးဌာန၊ ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟတို့အား ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု။

သမီးအဖြစ်မှ စွန့်လွှတ်ခြင်း

ဖြူးမြို့၊ ရုံးရပ်ကွက်၊ (၃)လမ်းနေ ကျွန်မ ဒေါ်တန်ကျင်တွီ၏ သမီး မမြင့်မြင့်ထွေးသည် အုပ်ထိန်းသူ လူကြီးများ၏စကားကို နားမထောင်ဘဲ မိမိသဘောအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ၎င်းနေအိမ်မှဆင်းသွားသော ၂၈-၃-၂၀၀၄နေ့မှစ၍ မွေးစားသမီးအဖြစ်မှ စွန့်လွှတ်ကြောင်း ကြေညာအပ်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအတွက် လုံးဝတာဝန်မယူကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်တန်ကျင်တွီ [၇/ဖမန(ပြု) ၀၀၀၀၀၉]
(၃)လမ်း၊ ရုံးရပ်ကွက်၊ ဖြူးမြို့။



ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်းဌ်သာခန့်ထားရန်)

၁။ **Human Resource Manager** ကျား၊ မ (၁) ဦး
လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၅)နှစ်ရှိရမည်။

၂။ **Senior Accountant** မ (၁) ဦး
B.Com(CPA)(သို့)D.A အောင်မြင်ပြီးသူဖြစ်ရမည်။

၃။ **Junior Accountant** မ (၁) ဦး
LCCI Level (III) အောင်မြင်ပြီးသူဖြစ်ရမည်။

၄။ **Secretary** (၁) ဦး
ဘွဲ့တစ်ခုခုရရှိပြီး သက်ဆိုင်ရာအတွေ့အကြုံလုပ်သက်အနည်းဆုံး (၃)နှစ်ရှိရမည်။

၅။ **Site Engineer** ကျား၊ မ (၁) ဦး
B.E/A.G.T.I (Civil) အောင်မြင်ပြီး
လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၃)နှစ်ရှိရမည်။

၆။ **Technical Co-Ordinator/ Project Engineer**
B.E/A.G.T.I (Civil) ကျား၊ မ (၂) ဦး
ဆောက်လုပ်ရေးပစ္စည်းအရောင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းတာဝန်ယူနိုင်သူဖြစ်ရမည်။

၇။ **Operation Staff(cum)** ကျား၊ မ (၂) ဦး
Computer Operator

၈။ **Driver** ကျား (၂) ဦး
အိမ်ကားနှင့်(၂)တန်အထက်ကားကြီးကျွမ်းကျင်စွာမောင်းနိုင်ရမည်။

၉။ **Security (Dayship/ Nightship)** ကျား (၂) ဦး
အသက်(၄၅)နှစ်နှင့်အထက်ဖြစ်ရမည်။

လျှောက်ထားသူသည် လျှောက်လွှာနှင့်အတူ အလုပ်သမားမှတ်ပုံတင်မိတ္တူ၊ (၁)လအတွင်း ရိုက်ထားသောဓာတ်ပုံ(၂)ပုံ၊ အကျင့်စာရိတ္တကောင်းမွန်ကြောင်းထောက်ခံစာတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း စာတိုက်သေတ္တာအမှတ်(၆၁၂)သို့ (အရည်အချင်းပြည့်မီသူများသာ)လျှောက်ထားနိုင်ပါသည်။

ရောင်းချရန်ကြော်ငြာစာ
တရားမကျင့်ထုံးဥပဒေ၊ အမိန့်-၂၁၊ နည်း-၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ခုနှစ်၊ တရားမဇာရီမှုအမှတ်(၉၅)

ဦးသန်းနိုင် **နှင့်** မြားစက္ကူဝန်ဆောင်မှုလီမိတက်
(Arrow Paper Service Co., Ltd.)
တရားနိုင် **တရားရှုံး**

ရန်ကုန်တိုင်းတရားရုံး၊ တရားမကြီးမှုအမှတ်(၈၈၁/၀၃)တွင် ၂၇-၂-၂၀၀၄ရက်စွဲပါ ငွေဒီကရီအတည်ပြုဆောင်ရွက်ရန်အတွက် ရန်ကုန်တိုင်းတရားရုံး၊ ဘီလစ်ရုံးခန်းတွင် ၂၀၀၄ခုနှစ် မေလ(၁၄)ရက်နေ့၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

လေလံတင်ရောင်းချမည့်ပစ္စည်းစာရင်း

ယာဉ်အမှတ်- ၅ခ/၄၆၆၄ (SUZUKI CARRY) (၁)စီး
ကြမ်းခင်းဈေး ကျပ် (၅၄)သိန်း

မှတ်ချက် (က) အထက်ဖော်ပြပါ ကားသည် တရားရှုံးကုမ္ပဏီပိုင်ဖြစ်သည်။
(ခ) ဖော်ပြပါကားသည် ရန်ကုန်တိုင်းတရားရုံးဘီလစ်လက်ဝယ်တွင် ရှိနေပါသည်။

လေလံတင်ရောင်းချသည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရှိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးမှ တာဝန်ယူမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂၀၀၄ခုနှစ် ဧပြီလ ၂၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။ **လှဝင်း(တွဲဖက်တိုင်းတရားသူကြီး-၈)**
ရန်ကုန်တိုင်းတရားရုံး။

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်၊ ဘ/၅၉၇၈ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာထည့်သည့်ရက်မှစ၍ (၁၅)ရက်အတွင်း ကညန၊ တိုင်းရုံး(ရန်ကုန်)သို့ လာရောက် ဆက်သွယ် ဆောင်ရွက်ပါရန်။ **ကညန၊ ရန်ကုန်တိုင်း။**

ကျေးဇူးဆပ်ပါမည်

ကျွန်တော်၏ မှတ်ပုံတင်နှင့် ယာဉ်မောင်းလိုင်စင် ၁၅-၄-၂၀၀၄ အင်းလျားလမ်း၌ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါ။ **မောင်စံထွန်း**
၀၉-၈၀ ၂၂၇၀၅။

ကျေးဇူးတင်ရှိခြင်း
ဗိုလ်ဇော်ဇော်အောင်
B.E(Mech)

ဈာပနကိစ္စအဝဝတွင် ဝိုင်းဝန်းပံ့ပိုး ကူညီကြသော အင်းတကော်တပ်မှ တပ်ရင်းမှူးနှင့် ဇနီးအား လည်းကောင်း၊ အရာရှိ၊ အရာခံ၊ အကြပ်၊ တပ်သားများနှင့် မိသားစုများအားလည်းကောင်း၊ သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

Cosmic Engineering Group

အီလက်ထရောနစ်သင်တန်းနှင့် အဲယားကွန်းသင်တန်းများကို ဆိုင်ဖွင့်နိုင်သည်အထိ သင်ပေးမည်။ နယ်ဘော်ဒါရှိသည်။

အမှတ်(၃၁)၊ ဓမ္မဝိဟာရလမ်း(ကျောက်မြောင်းဈေးအနီး)၊
ကျောက်မြောင်း၊ တာမွေမြို့နယ်၊ ရန်ကုန်။ ဖုန်း-၅၄၉၈၉၇။

မြို့တော်ဂေါက်ကွင်းရေကူးကန်

နေ့စဉ်ကြော်ငြာများနှင့် VCD, Karaoke များတွင် မြင်တွေ့နေကျလှပသော ရေကူးကန်တွင် အသင်းဝင်မဟုတ်သော ပြင်ပဧည့်သည်များပါ လာရောက် ရေကူးအပန်းဖြေနိုင်ပါပြီ။

*** သီရိမင်္ဂလာလမ်း၊ အင်းစိန်၊ ဖုန်း-၆၄၃၅၀၈။**



ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ဈ/၅၃၁၀ မော်တော်ယာဉ် လက်ဝယ်ရှိသူမှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည် သတင်းစာတွင် ကြော်ငြာထည့်သည့်နေ့မှစ၍ (၁၅)ရက်အတွင်း ကညန၊ ခရိုင်ရုံး၊ မင်းဘူးသို့ လာရောက် ဆက်သွယ်ပါရန်။ **ကညန၊ ခရိုင်ရုံး၊ မင်းဘူး။**

တိုက်ခန်းငှားရန်ရှိသည်

တာမွေမြို့နယ်လမ်းမကြီးဘေးတွင် (မြေညီ) ၁၈'X၄၅' အဆင့်မြင့်ပြင်ဆင်ပြီး၊ Air-con ပါ၊
ဆက်သွယ်ရန် (ရုံးချိန်)
ဖုန်း-၀၉ ၈၀ ၂၂၄၉၃။



ကျေးဇူးဆပ်ပါမည်

ကျွန်တော် ခင်မောင်မောင်ကျော် (CDC-40983)၏ EDHလက်မှတ် No. 9247/02 ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက အကြောင်းကြားပါ။
ဖုန်း-၇၀၉၂၅၀။

---

(၁)နှစ်ပြည့်အလွမ်း
ကိုဇော်လင်း
မြတ်ရွှေဇော် ဗီဒီယိုဖြန့်ချိရေး
တိုက်ကြီး-ပြည်

ကိုဇော် ကိုယ်တို့နှင့် ခွဲခွာသွားသည်မှာ ၂၈-၄-၂၀၀၄တွင် (၁)နှစ်ပြည့်သော်လည်း လုံးဝမမေ့ရပါ။ ကောင်းရာသုဂတိရောက်စေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ကိုအောင်ကြိုင်
အောင်မင်း ဗီဒီယိုမိသားစု၊
ဥက္ကံမြို့။

ဇနီးအဖြစ်မှစွန့်လွှတ်ခြင်း

ကျွန်တော်၏ဇနီးဖြစ်သူ မခိုင်ခိုင်သန်း[၁၁/စတန(နိုင်)၀၂၂၀၈၂]သည် ကျွန်တော်၏ သွန်သင်ပြုပြင်ပေးမှုကို မနာခံဘဲ ကျွန်တော်မရှိစဉ် ၂၅-၆-၂၀၀၃နေ့က မိမိသဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားပါသဖြင့် ယနေ့မှစ၍ ကျွန်တော်၏ ဇနီးမယားအဖြစ်မှ (လုံးဝ)ရာသက်ပန် စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝ လုံးဝတာဝန်မယူပါ။

စုံစမ်းမေးမြန်းခြင်း သည်းခံပါ။

ကိုထွန်းလှိုင်
[၁၂/မဂတ(နိုင်)၀၃၆၃၇၀]။

ကျေးဇူးတင်ရှိခြင်း

၂၂-၄-၂၀၀၄နေ့တွင် ကွယ်လွန်သွားခဲ့သော သမီးလေး မေသွယ်ခိုင်(ခ) မိုနီအား ဆေးဝါးကုသပေးခဲ့သော ကလေးဆေးရုံမှ တာဝန်ကျဆရာဝန်၊ ဆရာမများအားလည်းကောင်း၊ သမီးလေး၏ ဈာပနကိစ္စအဝဝတွင် မေတ္တာစေတနာအပြည့်အဝဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့သော မိတ်ဆွေ သူငယ်ချင်း အပေါင်းအသင်းများအား လည်းကောင်း၊ သမီးလေး၏ ဈာပနသို့ လိုက်ပါ ပို့ဆောင်ပေးခဲ့သော အထက (၁)ဒဂုံမှ ဆရာ၊ ဆရာမများ၊ သမီးလေး၏ သူငယ်ချင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အားလည်းကောင်း၊ ဝတ်ရွတ်ပူဇော်ပေးသော ဗျိုင်းရေအိုးစင် ရွာမရပ်ကွက်မှဝတ်အသင်းအားလည်းကောင်း၊ ဝမ်းနည်းကြောင်း နှစ်သိမ့်အားပေးခဲ့ကြသူများနှင့် လွမ်းသူ့ပန်းခြင်း၊ လွမ်းသူ့ပန်းခွေပို့ပေးခဲ့ကြသူများအားလုံးတို့အား ကျေးဇူးတင်ရှိပါကြောင်း။

ကျန်ရစ်သူမိသားစု။

ကသာခရိုင်အသင်း(ရန်ကုန်)
ဒေါ်သောင်းသောင်း
အသက်(၈၈)နှစ်
(ကသာ)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အမှတ်(၂၇-ဘီ)၊ အောင်ဇေယျလမ်းသွယ်(၂)၊ ရွှေတောင်ကြား (၁)ရပ်ကွက်နေ (ဒေါက်တာဦးသိန်း)၏ဇနီး၊ ဒေါက်တာဒေါ်ခင်ဝင်းသိန်း၊ ဦးကျော်မြင့်သိန်း၊ ဦးဝင်းမြင့်သိန်း၊ ဒေါ်ချိုချိုသိန်း၊ ဒေါ်ခင်ကြည်ကြည်သိန်းတို့၏ မိခင်ကြီးသည် ၂၄-၄-၂၀၀၄ရက်တွင် ကွယ်လွန်၍ ၂၆-၄-၂၀၀၄(တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီး ဖြစ်ပါကြောင်း အသင်းဝင်မိသားစုများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဘုရား၊ကျောင်း၊တန်ဆောင်း၊
ဇရပ်၊ရေတွင်း၊ရေကန်၊ရဟန်း
ဒါယိကာမကြီး
ဒေါ်ခင်ကြည် (၇၂)နှစ်
(ရွှေတောင်မြို့)(မြပိုးထည်တိုက်)

ရွှေတောင်မြို့နေ (ဦးခင်မောင်-ဒေါ်ထားပု)တို့၏သမီးငယ်၊ ရန်ကုန်မြို့၊ လမ်း(၃၀)၊ အမှတ်(၂၃၇)၊ ဒုတိယထပ်နေ (ဦးမြ)-ဒေါ်ညွန့်ညွန့်ခင်တို့၏ညီမ၊ မောင်လှသောင်း၊ မောင်မြင့်ကြည်တို့၏ အစ်မ ဒေါ်ခင်ကြည်သည် ၂၀-၄-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၂-၄-၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးချစ် အသက်(၈၀)
မြန်မာ့မီးရထား(ငြိမ်း)
လွှတ်လပ်ရေးမော်ကွန်းဝင်(ဒုတိယဆင့်)

သာကေတမြို့၊ (၂)မြောက်ရပ်ကွက်၊ အနော်မာ(၁၉)လမ်း၊ အိမ်အမှတ်(၁၃)နေ(ဦးစ-ဒေါ်မမ)တို့၏သား၊ ဒေါ်တင်အေး၏ခင်ပွန်း၊ ဦးကြည်ထွေး-ဒေါ်ရင်၊ ဦးချစ်သိန်း-မစန်းတို့၏ဦးလေး၊ ဦးပြုံးချို၊ မခင်အုံးချစ်၊ မတင်တင်ချစ်၊ မခင်မြချစ်၊ မသန်းသန်းအေးတို့၏ဖခင်၊ မြေး(၄)ယောက်တို့၏အဘိုးသည် ၂၅-၄-၂၀၀၄ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ယင်းနေ့တွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

မြိတ်အသင်း
ဒေါ်တင်တင်အေး(ခ)ဒေါ်ကြက်မ
အသက်(၅၇)နှစ်
(မြိတ်)

မြိတ်မြို့၊ တလိုင်းစုရပ်နှင့် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ (၈၉)၊ သိပ္ပံလမ်းနေ ဦးယုစိုက်-(ဒေါ်ရှုတင်)တို့၏ သမီးကြီး ဒေါ်တင်တင်အေး(ခ)ဒေါ်ကြက်မသည် ၂၄-၄-၂၀၀၄ရက်တွင် အကယ်ဒမီဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၆-၄-၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း
ဒါယကာကြီး
ဦးသိန်းရွှေ (၆၇)နှစ်
(ဟင်္သာတ)

ရန်ကုန်မြို့၊ အမှတ်(၁၄)၊ မဂ္ဂင်လမ်း၊ ကျောက်ကုန်း၊ ရန်ကင်းမြို့နယ်နေ (ဦးလှမောင်-ဒေါ်အေးကြည်)တို့၏သား၊ (ဦးအုန်းမောင်)-ဒေါ်သိန်းခတို့၏ သားသမက်၊ ဦးစိန်ထွန်း-ဒေါ်ခင်ငြိမ်း (ဟင်္သာတ)၊ ဦးကျော်ရှိန်-ဒေါ်စန်းစန်း (ဟင်္သာတ)တို့၏ညီမောင်၊ (ဗိုလ်မှူးမြင့်မောင်)-ဒေါ်တင်တင်အေး(ဟင်္သာတ)၊ ဦးသိန်းစိုး၊ ဗိုလ်ကြီးကံညွန့်-ဒေါ်သန်း သန်းအေး၊ ဦးဌေးဝင်း-ဒေါ်ဝါဝါကိုတို့၏ အစ်ကို၊ ဒေါ်သင်းသင်း၏ခင်ပွန်း၊ဒေါ်မြတ်မြတ်မိုး (ပြည်တွင်းအခွန်များဦးစီးဌာန)၊ဒေါ်အေးအေးစိုး၊ဦးရဲဦး၊ဦးထွန်းလင်းတို့၏ မွေးသဖခင် ဦးသိန်းရွှေသည် ၂၆-၄-၂၀၀၄ (တနင်္လာနေ့)နံနက် ၇နာရီ၁၅မိနစ်တွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍၂၈-၄-၂၀၀၄(ဗုဒ္ဓဟူးနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ရန်ကင်း၊ ကျောက်ကုန်းနေအိမ်မှ ကားများမွန်းလွဲ၂နာရီတွင် ထွက်ပါမည်)။ကျန်ရစ်သူမိသားစု။

စစ်တောင်းအသင်း
ဒေါ်တင်အောင် (၆၃)နှစ်

ကျိုက်ထိုမြို့နယ်၊ စစ်တောင်း(ဆရာဦးဖေအောင်-ဆရာမဒေါ်ငွေတင်)တို့၏ သမီးကြီး၊ ဦးဝင်းကြည်(ရပက၊ ငြိမ်း၊ လက်ပံတန်း)၏ဇနီး၊ ကိုအောင်မျိုး၊ မအေးအေးချို၊ မလွင်မာချို၊ မသီတာချို၊ မသန္တာချို၊ မဥမ္မာချိုတို့၏မိခင်သည် ၂၂-၄-၂၀၀၄ရက်တွင် လက်ပံတန်းနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၄-၂၀၀၄ရက်တွင် လက်ပံတန်း အရှေ့သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ အမှုဆောင်အဖွဲ့။

ဝမ်းနည်းကြေကွဲခြင်း

ဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ ဇနီး ဒေါ်ခင်ဆွေစိုး ကွယ်လွန်အနိစ္စရောက်သွားခြင်းအတွက် မြန်မာသံရုံး၊ ဘာလင်မြို့မှသံအမတ်ကြီးနှင့်ဇနီး၊ သံရုံးဝန်ထမ်းများနှင့် မိသားစုများမှ ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ကြေကွဲဝမ်းနည်းကြပါကြောင်း။

သံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများ၊ မြန်မာသံရုံး၊ ဘာလင်မြို့။

ဝမ်းနည်းကြေကွဲခြင်း

နိုင်ငံခြားရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဦးခင်မောင်ဝင်း၏ဇနီး သမဝါယမဝန်ကြီးဌာန သမဝါယမပို့ကုန်သွင်းကုန်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်ခင်ဆွေစိုး အသက်(၅၉)နှစ်သည် ၂၀–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

Linpo Co., Ltd. မိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးတင်ဝင်း(၂၀)
အသက်(၄၆)နှစ်

ဒု–အကောက်ခွန်မှူး၊ အကောက်ခွန်ဦးစီးဌာန

၂၅–၄–၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်းသိရ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။ **အမှုထမ်းများ(၁၉၈၄)။**

ဘုရား၊ရဟန်း၊ ကျောင်းဒါယကာကြီး
ဦးခင်လှ(၈၄)နှစ်
(အကောက်ခွန်ဦးစီးမှူး–ငြိမ်း)

သထုံမြို့နေ (ဦးအုန်းကြည်–ဒေါ်ချစ်သိန်း–ဒေါ်ခင်ကြည်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးမြဒင်)–ဒေါ်ရီတို့၏ သားသမက်၊ ရန်ကုန်မြို့ အမှတ်(၉၇)၊ ဗိုလ်မင်းရောင်လမ်း မင်္ဂလာတောင်ညွန့်ရပ်ကွက်နေ ဒေါ်တင်အေး(နာယက–ရွှေတိဂုံစေတီတော်အင်္ဂါသမာဓိအသင်း)၏ ချစ်လှစွာသောခင်ပွန်း၊ သတင်းထောက် ဦးမောင်မောင်လှအေး–ဒေါ်စမ်းစမ်းလှ(အမက–၉၊မတည)၊ (ဦးသက်တင်)၊ ဦးစောဝင်း(ရန်ကုန်နှင်းနှင်းအလှပြုပြင်ရေးမိတ္တီလာ)၊ ဦးမြင့်သိန်း(ခ)ဦးချို–ဒေါ်အေးအေးသန်း၊ ဦးစန်းလွင်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏ ချစ်လှစွာသောဘိုးဘိုးကြီးသည် ၂၆–၄–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၈–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့)ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများမွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးလှ (၇၁)နှစ်
B.S. (Hons.), M.S (Electrical Power), Lehigh University, U.S.A
လက်ထောက်အင်ဂျင်နီယာချုပ်(ငြိမ်း) MEPE

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃)ရပ်ကွက်၊ အမှတ်(၁၄၂)၊ အနော်ရထာလမ်းနေ (ဦးသန်းဖေ–ဒေါ်စောရင်)တို့၏ သား၊ ဒေါ်အုန်းကြည်၏ချစ်လှစွာသော ခင်ပွန်း၊ မောင်ဉာဏ်စိုးလှ[နောက်ဆုံးနှစ်အပိုင်း(က)၊ ဆေးတက္ကသိုလ်–၁]၏ ကျေးဇူးရှင်မွေးသဖခင်၊ ဒေါက်တာရွှေထူး- Anne Htoo၊ (ဒေါက်တာမြသာ)–Gerlind Tha၊ ဒေါက်တာအောင်ကျော်–ဒေါက်တာခင်သန်းတင်တို့၏ ညီ၊ (ဦးတင်ထွန်း၊ ပုလဲနှင့်ငါးမွေးမြူရေးလုပ်ငန်း၊ ငြိမ်း)–ဒေါ်တင်ဌေး(အထက်တန်းပြဆရာမ Ruamrudee International School,)၊ ဒေါ်တင်တင်အေး၊ (ဦးပဋ္ဌင်းဦးပညိန္ဒ)၊ ဒေါက်တာစောဂျေသာ–ဒေါက်တာမခင်ထွေးတို့၏ အစ်ကိုသည် ၂၆–၄–၂၀၀၄ရက်တွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၈–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်အေးအေးသွင် (၆၉)နှစ်

ရန်ကုန်မြို့နေ (ဦးခင်မောင်လတ်–ဒေါ်မကြီး)၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၄၀)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၁၄၅)နေ ဦးအုံးသွင်(ဗိုလ်မှူးလျှပ်စစ်တပ်ဖွဲ့၊ ညွှန်ကြားရေးမှူး၊ မြန်မာ့အထည်အလိပ်လုပ်ငန်း၊ အငြိမ်းစား)၏ ချစ်လှစွာသော ဇနီး၊ ဗိုလ်မှူးတင်မောင်သွင်(ယာယီဒု–စက်ရုံမှူး)–ဒေါ်စန္ဒာ(ဦးစီးအရာရှိ၊ မကွေးတိုင်းတရားရုံး)၊ ဦးကျော်စိုးသွင်–ဒေါ်စိုးစိုးသွင်၊ ဗိုလ်မှူးမင်းသူသွင်(တပ်မတော်–ရေ)–ဒေါ်စိုးစိုးသန်း၊ ဒေါ်မေမြတ်သွင်၊ ဦးသူရသွင်–ဒေါ်မီမီကို၊ ဦးသီဟသွင်တို့၏ ကျေးဇူးရှင်မွေး သမိခင်၊ မခိုင်ဇာသွင်၊ မရည်ဇာသွင်၊ မရည်မွန်မင်းခင်၊ ဖိုးသား၊ ဖိုးညီလေးတို့၏ အဘွားသည် ၂၆–၄–၂၀၀၄ရက် ည ၁၁နာရီတွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၈–၄–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန် သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ဇရပ်၊ရဟန်းဒါယကာ
ဦးလှမောင်(ခ)ဦးပါ
အသက်(၉၂)နှစ်
(ကော့ဘိန်း)

မော်လမြိုင်မြို့၊ အမှတ်(၁၂)၊ တရုတ်တန်းရပ်၊ ဒိုင်းဝန်ကွင်းနေ (ဦးဟုတ်–ဒေါ်ရိန်လန်)တို့၏ သား၊ (ဒေါ်သိန်း)၏ ခင်ပွန်း၊ ဒေါ်သိန်းလှ(ပေါင်မြို့၊ စာရင်းရှုံး)၊ [ဦးလှတင်(ခ)မောင်မောင်]–ဒေါ်စန်းရီ၊ ဒေါ်လှမြင့်(မြန်မာ့ပုလဲ)၊ ဦးစိုးသောင်း–ဒေါ်လေးလေးမြင့်(မိုးဇလ၊ ငြိမ်း)၊ ဒေါ်ဟန်တင်(ကလျာဏီအမက)၊ ဒေါ်လွင်လွင်အေး၊ ဒေါ်လှလှသိန်း(ပညာရေးကောလိပ်မော်လမြိုင်)၊ ဒေါ်ယဉ်ယဉ်ထွေး(အမက၊ ထန်းနှစ်ပင်၊ သန်လျင်)၊ ဦးညီညီမောင်၊ ဒေါ်သန္တာအေး၊ (ဦးဇော်ဇော်အောင်)၊ ဒေါ်အေးအေးခိုင်တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဇင်မင်းဦး၊ မောင်သက်နိုင်ဦး(တပ်မတော်နည်းပညာတက္ကသိုလ်)၊ မမြဆုစံ၊ မဂျူးသန္တာမောင်၊ မောင်ရဲဝင်း၊ မောင်ဝေယံ၊ မောင်ကောင်းမြတ်သူတို့၏အဘိုးသည် ၂၇–၄–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉–၄–၂၀၀၄ရက်တွင် မော်လမြိုင်မြို့ ဝဲဂလာသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်အမာ (၈၇)နှစ်
(ရွှေကျင်)

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ သီရိရတနာရိပ်သာ၊ အမှတ်(၁၀)သီရိရတနာလမ်းနေ (ဦးဘသိန်း–ဒေါ်သိန်းရွှေ)တို့၏သမီး၊ (ဦးအောင်မြတ်)၏ဇနီး၊ ဒုတိယဗိုလ်မှူးကြီးအေးလွင်(ငြိမ်း)–ဒေါ်ဝင်းမြင့်တို့၏အစ်မ၊ ဒေါက်တာယုယုလွင်၊ ဒေါ်ဖြူဖြူလွင်–ဦးသက်ခိုင်ရင်၊ ဗိုလ်မှူးသင်းလွင်(ငြိမ်း)–ဒေါ်ခင်ဆွေဝင်း၊ ဦးအောင်အောင်လွင်–ဒေါ်မြမော်သင်းတို့၏ကြီးကြီး၊ မသူဇာလွင်၊ မဖြိုးသီရိလွင်၊ မောင်သန့်ဦးလွင်တို့၏ ဘွားဘွားသည် ၂၆–၄–၂၀၀၄(တနင်္လာနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အသိပေးအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယကာကြီး
ဦးသန်းထွန်း (၆၉)နှစ်
ဦးစီးဌာနမှူး၊ လဝက(ငြိမ်း)

ဒေးဒရဲမြို့နေ (သခင်ဇော်ဖေ–ဒေါ်မငြိမ်း)တို့၏သား၊ မြစ်ကြီးနားမြို့၊ အောင်နန်းရပ်၊ အမှတ်(၃၅၃)နေ ဒေါ်မမလေး(ဈေး–၂၊ အထည်ဆိုင်)၏ ခင်ပွန်း၊ မဣန္ဒြာစာရီ(လေးထပ်ကျောင်း၊ မကွေး)၊ ဦးအောင်သူ–ဒေါ်ချိုချို၊ ဦးညီညီ–ဒေါ်အေးအေးခိုင်၊ မမေသူ၊ မမာသူ–(ကိုထွန်းမင်း)၊ အရှင်နရိန္ဒ(လေးထပ်ကျောင်း၊ မကွေး)၊ (ကိုဇော်သူ)တို့၏ ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၂၄–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၅–၄–၂၀၀၄ရက် မွန်းလွဲ ၂နာရီတွင် မြစ်ကြီးနားမြို့ ရာဒါကောင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

မောင်မျိုးမင်းထွဋ် (၃၇)နှစ်

ရန်ကုန်တိုင်း၊ လှည်းကူးမြို့နယ်၊ ဈေးကြီးရပ်ကွက်၊ သင်္ဂဟလမ်းနေ (ဦးအုန်းမြင့်)–ဒေါ်ခင်မြင့်တို့၏ သားကြီး၊ မအေးအေးမိုး၊ မောင်ညီညီထွဋ်၊ ဗိုလ်ကြီးကျော်စိုးအောင် – မခတ္တာ၊ မောင်မျိုးမင်းသိန်းတို့၏ အစ်ကိုကြီးသည် ၂၇–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉–၄–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊ရဟန်းဒါယိကာမကြီး
ဒေါ်အေး (၇၃)နှစ်
ရခိုင်ရိုးကြီးရွာ

ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ်(ခ/၁၂၉၅)နေ (ဦးညွှန့်လှိုင်)၏ ဇနီး၊ ဦးကြည်ငွေ–ဒေါ်စိုးကြည်၊ဦးလှစိုး–ဒေါ်မိုးလှိုင်၊ ဒေါ်တင်တင်ဝင်း၊ (ဦးအေးကျော်)–ဒေါ်ဖြူဖြူ၊ ဦးဇော်လေး–ဒေါ်လှဲ့လှဲ့ဝင်း၊ မယမင်းလှိုင်(ရွှေလမင်းအထည်ဆိုင်၊ အင်စိန်ဈေး)၊ မဝင်းဒါလီအေးတို့၏ မွေးသမိခင်၊ မြေး၊ မြစ် ၁၅ယောက်တို့၏ အဘွားသည် ၂၇–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉–၄–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးစိုးမြင့် (၆၉)နှစ်
ရေယာဉ်မှူး (ငြိမ်း)

ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နေ (ဦးမျှင်–ဒေါ်ကြင်မြ)တို့၏သား၊ (ဦးစုရှက်–ဒေါ်ကြင်အုံ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၂)ရပ်ကွက်၊ လက်ဝဲသုန္ဒရလမ်း၊ အမှတ်(၈၃)နေ (ဒေါ်ခင်ဝင်း)၏ ခင်ပွန်း၊ ဦးသောင်းထွန်း–(ဒေါ်ဌေး)၊ ဦးနီထွန်း(မြဝတီရပ်သံ)၊ ဒေါ်တီတို့၏ အစ်ကို၊ ကိုသန်းစိုး(JSM. Co)၊ မလှဲ့မွန်သင်း(ပြည်တွင်းရေကြောင်း)၊ ကိုကျော်ခိုင်စိုး(ကြယ်ငါးပွင့်)–မယုယုထွန်းတို့၏ ဖခင်၊ မစုစံနှင်း(TTC)၏ အဘိုးသည် ၂၅–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉–၄–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သိန်းရှင် (၆၈)နှစ်

ပဲခူးမြို့နေ(ဦးရွှေပိန်–ဒေါ်ငွေရီ)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(၂၈)နေ (ဦးမောင်မောင်)၏ ဇနီး၊ ဦးလှရွှေ–ဒေါ်စန်း၊ မသီသီအေး၊ မစန်းစန်းလွင်(လဝက)၊ မောင်စိုးလင်းထွန်း၊မောင်စိုးဝင်းထွန်း(MPPE)–မလေးလေးနွယ်၊ မောင်နေမျိုးကျော်(မြန်မာမေဖလားဝါးဘဏ်လီမိတက်)–မစန်းရီ(ဗဟိုဘဏ်)၊ မောင်သာဝင်းစိန်–မခင်ဇာဇာသိန်း၊ မောင်စုပိုင်စိုးတို့၏မွေးသမိခင်၊ မြေး၁၁ယောက်၊ မြစ်လေးယောက်တို့၏ အဘွားသည် ၂၆–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၈–၄–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ၃း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကြည်နိုင်(ခ)ပါစီတူး
အသက်(၄၁)နှစ်
ပြည်တွင်းအခွန်ဦးစီးဌာန(ငြိမ်း)

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ ခိုင်ရွှေဝါလမ်း(ဗဟိုလမ်း)၊ လှည်းတန်း၊ အမှတ်(၇၁)နေ ဦးဘိုနီ–ဒေါ်သန်းသန်းတို့၏သားလတ်၊ ဦးအောင်နိုင်–ဒေါ်အေးအေးမြင့်၊ ဦးစံနိုင်(ခ)ဘာဘူ၊ ဦးခင်ဇော်–ဒေါ်မြင့်မြင့်နိုင်တို့၏ ညီ/မောင်၊ မစိုးစိုးနီ၊ ကိုမျိုးခိုင်–မပိုပိုနီ၊ ကိုတိုးတိုးလှိုင်–မထက်ထက်ဇော်တို့၏ အစ်ကို၊ တူ၊တူမ ငါးယောက်တို့၏ ဦးလေးသည် ၂၇–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉–၄–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀း၃၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉း၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယိကာမကြီး
ဒေါ်ကြင်ညွန့် အသက်(၉၀)
(ပန်းတိုင်) ကြည့်မြင်တိုင်မြို့နယ်

ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ နတ်စင်လမ်း၊ အမှတ်(၄၄)နေ (ဦးပြားအုံ–ဒေါ်အေးခင်)တို့၏သမီး၊ (ကြံတိုင်းအောင်–ဦးဘသောင်း)၏ ဇနီး၊ ဦးတင်စိုး–ဒေါ်အေးအေးမြတ်၊ ဦးတင်ဝင်း–ဒေါ်သင်းသင်းရီ၊ (ဒေါ်တင်တင်ဝင်း)၊ ဒေါ်ခင်ချိုသောင်း၊ ဦးအောင်မြင့်စိန်–ဒေါ်ခင်မြင့်သောင်း၊ ဒေါ်ခင်အုန်းမြင့်၊ ဦးတင်ဦးမောင်–ဒေါ်သန်းသန်းဦးတို့၏ မိခင်ကြီး၊ မြေးကိုးယောက်တို့၏ အဘွားသည် ၂၇–၄–၂၀၀၄ရက်တွင် ဆာကူရာဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၂၉–၄–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန်းကြည် (၇၈)နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အမှတ်(၃၁)၊ ဦးဖိုးထွန်းလမ်း၊ ဘိုကုန်းရပ်ကွက်နေ (ဦးစိန်လွန်း–ဒေါ်သိန်းချစ်)တို့၏ သမီး၊ (ဦးထွန်းလှ)၏ ဇနီး၊ ဒေါ်စန်းကြည်၊ ဦးဂျင်မီထွန်းလှ–ဒေါ်စံပါယ်၊ ဦးထွန်း နေအောင်–ဒေါ်နီရင်းထွန်းလှ၊ ဦးရောဘတ်ထွန်းလှ – ဒေါ်လှသန်း၊ ဦးစန်းနိုင် – ဒေါ်ဘာနရင်းထွန်းလှ၊ ဒေါ်အိုင်ရင်းထွန်းလှ၊ ဦးဂလင်းထွန်းလှ–ဒေါ်ဥမ္မာဟန်၊ (ဦးပက်ထရစ်ထွန်းလှ)–ဒေါ်အေးမာတို့၏မိခင်၊ မြေး ၁၆ယောက်၊ မြစ်ရှစ်ယောက်တို့၏ အဘွားသည် ၂၇–၄–၂၀၀၄ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၉–၄–၂၀၀၄(ကြာသပတေးနေ့)တွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းအမကြီး
ဒေါ်အုန်းညွန့် (၆၅)နှစ်
ကျောင်းဆရာမ(ငြိမ်း)
အလက(၃) အလုံ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ်(၉၅)၊ ဈေးကြီးလမ်းနေ၊ ဦးကျင်စိုး၏ ဇနီး၊ ဒေါ်ဌေးဌေးဝင်း(အထက–၁၊ ကျောက်တံတား)၊ ဒေါ်ချိုချိုမြင့်(အထက–၃၊ မြောက်ဥက္ကလာပ)၊ မောင်သက်နိုင်၊ မဝေဝေလွင်၊ မောင်စန်းယု–မအေးအေးမူတို့၏ ချစ်လှစွာသော မိခင်၊ မြေး သုံးယောက်တို့၏အဘွားသည် ၂၆–၄–၂၀၀၄ (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၈–၄–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်လှကြည်(ခ)ဒေါ်ကြည်
အသက်(၈၆)နှစ်
(ဟသ်ာတ၊ ဒေါင့်ကြီး)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မုန့်/မြောက်ရပ်ကွက်၊ ဝေဠုဝန်အိမ်ရာသစ်၊ တိုက်(၃)၊ အခန်း(၂၉)နေ (ဦးထွန်းဖြူ–ဒေါ်ခင်ပု)တို့၏သမီး၊ (ဒေါ်မြသီ)၏ ညီမ၊ (ဦးစိုးမြင့်)–ဒေါ်စိန်တင်၊ ဒေါ်တိုးယဉ်၊ ဦးတင်ဝင်း(K.G.S Co.,)– ဒေါ်ခင်ခင်ဆွေတို့၏ အစ်မ၊ ဦးအောင်ခိုင်ဇင်(စမ်းချောင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး)၊ (ဦးအောင်မြတ်စိုး)၊ ဦးအောင်မြတ်မိုး၊ ဦးအောင်စံဖြိုး၊ ဒေါ်အောင်ယဉ်ယဉ်စိုးနှင့် ဒေါ်သဲဖြူဝင်းတို့၏အဒေါ်သည် ၂၆–၄–၂၀၀၄ ရက်တွင် ကွယ်လွန်ပါ၍ ၂၈–၄–၂၀၀၄ ရက် နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်းဒါယကာကြီး
ဦးတင်ရွှေ (၆၆)နှစ်
(ထိန်တော)

ပဲခူးတိုင်း၊ မိုးညိုမြို့နယ်၊ ထိန်တောနေ (ဦးမောင်လှ–ဒေါ်မိ)တို့၏သား၊ ရန်ကုန်မြို့နေ ဦးကြမ်း– ဒေါ်လုံးတင်တို့၏သားသမက်၊ ရန်ကုန်မြို့၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၅၀၁)နှင့် မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိလမ်း၊ မဥ္ဇူလမ်းသွယ်အမှတ်(၉)နေ ဒေါ်ကျင်အေး၏ ခင်ပွန်း၊ ဗိုလ်ကြီးဝင်းဦး–ဒေါ်ခေါ်နန်၊ ကိုသိန်းဌေး၊ ဦးထွန်းကျော်–ဒေါ်နွယ်နွယ်ဝင်း၊ ဦးကိုကိုအောင်–ဒေါ်ခင်မာချို၊ ဒေါ်ခင်မာခိုင်တို့၏ ချစ်လှစွာသောဖခင်၊ မင်းဇာနည်၏အဘိုးသည် ၂၇–၄–၂၀၀၄ ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉–၄–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (မရမ်းကုန်းနေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးထွေးမောင် (၆၅)နှစ်
မြတ်ကျော်ငါးခြောက်လုပ်ငန်း
(အုန်းချောင်းရွာ)

အုန်းချောင်းရွာနေ ဦးဖိုးတုတ်–ဒေါ်ပုတို့၏သား၊ ဦးအောင်သိန်း–ဒေါ်ကျင်စိန်တို့၏သားသမက်၊ ရန်ကုန်မြို့၊ လှိုင်သာယာစက်မှုဇုန်၊ အမှတ်(၇)၊ အကွက်အမှတ်(၃)နေ ဒေါ်သန်းမြင့်၏ခင်ပွန်း၊ ကိုတင်နိုင်မြင့်၊ ကိုတင်နိုင်ထွန်း၊ ကိုမြင့်ထူး၊ မစန်းစန်းမြင့်တို့၏ မွေးသဖခင်သည် ၂၆–၄–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၂၈–၄–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
သက်တော်ရှည်ဆရာတော်
ဘဒ္ဒန္တ ကုဏ္ဍက
အောင်သိဒ္ဓိကုန်း၊
ရွှေစေတီကျောင်းတိုက်
သိက္ခာတော်(၄၂)ဝါ၊
သက်တော်(၁၀၂)နှစ်
မြင်းထရိန်နာ ဦးထွန်းတင်၊
(သရက်တောရပ်၊ မြစ်ခြေ၊ ပခုက္ကူ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ်(၄၅)၊(၁၆၆)လမ်း၊ တာမွေကြီး(ခ)ရပ်ကွက်နေ(ဒေါ်သိန်းညွန့်)၏ခင်ပွန်း၊ ဦးမောင်မောင်–ဒေါ်မြရှင်၊ ဦးအောင်ရွှေ–ဒေါ်မြင့်မြင့်၊ ဦးတင်အေး–ဒေါ်ကျင်လှ၊ ဒေါ်အောင်ငွေ၊ ဦးတိုးလူ–ဒေါ်ဌေးဌေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ ဦးသန်းကြိုင်(အတွင်းရေးမှူး၊ ဒလမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ)၊ ဦးမြင့်သိန်း(ဆက်သွယ်ရေး)တို့၏ဦးလေး၊ ဒေါ်မြင့်ရွှေ(အမက–၁၊ ဗဟန်း)၊ ဒေါက်တာအေးမြင့်ဦး၊ ဦးတင်မြင့်ဦး၊ ဒေါ်မာမာဦး၊ ဦးကျော်ကျော်ဦး၊ ကပ္ပတိန်ဦးစိုးနိုင် (M.T.M)၊ ဒေါ်နီနီ(အမက–၁၄၊တာမွေ)၊ ဒေါ်ညိုညို(အထက–၂၊ တာမွေ)၊ ဒေါ်ဝါဝါခိုင်၊ ဦးရဲရန်အောင်(ရိုးမဘဏ်)၊ ဒေါ်ခင်သီတာအေး (အထက–၃၊ တာမွေ)၊ ဒေါ်အေးအေးမြင့်၊ ဦးဆန်းထွန်း (M.T.M)၊ ဦးဇော်မင်းထွန်း၊ ဒေါ်မြသီတာခိုင် (MGS)၊ ကိုလှိုင်မျိုးထွန်း၊ မခိုင်မာမာထွန်း၊ မမိုးစန္ဒာထွန်း၊ မောင်ဟိန်းဇေယျာထွန်းတို့၏အဘိုး၊ မြစ်ခြောက်ယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၄–၄–၂၀၀၄ရက်တွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၂၈–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့) မွန်းလွဲ၂နာရီ တွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပနအခမ်းအနား ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ချန်ဖွန်ကြည် (၈၅)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၃၉)လမ်း၊ အမှတ်(၂၀၈)နေ (ချင်ငုတ်ကွေး)၏ ခင်ပွန်း၊ ဒေါ်လှလှရီ–ဦးညွှန့်စိန်၊ အသဲန်း(ခ)ဦးလှထွန်း–မမြင့်မြင့်လှိုင်၊ အဖောင်(ကျော်ဝင်း)၊ အစိန်း(ခ)ဦးလှဝင်း–မအေးအေးသွယ်၊ မငုတ်ထွေး(ခ)မထွေးထွေး–ခင်မောင်ဝင်းတို့၏ ဖခင်၊ မြေးကိုးယောက်တို့၏ အဘိုးသည် ၂၆–၄–၂၀၀၄ရက်တွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၃၀–၄–၂၀၀၄ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါက်တာခင်မာဝေ(ခ)
ROSE MARIE
အသက်(၅၄)နှစ်
အချိန်ပိုင်းတွဲဖက်ပါမောက္ခ၊
ဇီဝနည်းပညာမဟာဌာန
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ရန်ကုန်မြို့၊ ပါရမီရိပ်သာ၊ မြစ်ပယ်လမ်း၊ အမှတ်(၃၀)နေ၊ အငြိမ်းစား သံအမတ်ကြီး ဦးခင်မောင်လေး–(ဒေါ်ခင်မမေ)တို့၏ သမီးကြီး၊ ဒေါက်တာခင်မာဆွေ–ဦးသန့်ဇင်(ဒု–အင်ချုပ်၊ ဗိသုကာ၊ ပဆင)၊ ဦးခင်မောင်ထွန်း(ကျောက်မျက်၊ ငြိမ်း)–ဒေါ်မြင့်မြင့်သန်း(ပါမောက္ခ–သတ္တဗေဒ၊ မြိတ်တက္ကသိုလ်)၊ ဒေါ်ခင်မာအေး၊ ဒေါ်ခင်မာထွေး၊ ဦးသန်းဌေး–ဒေါ်မိုးဆန်းတို့၏ အစ်မကြီး၊ မောင်ကျော်သန့်ဇင်၊ မစုနန္ဒာ၊ မောင်ရဲလင်းမြတ်(T.T.C)တို့၏ ကြီးကြီးသည် ၂၇–၄–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၁၂း၀၅နာရီတွင် ရန်ကုန်ဆေးရုံကြီးတွင် ခရစ်တော်၌ အိပ်ပျော်သွားပါ၍ ၂၉–၄–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၁၀း၃၀နာရီတွင် St-Jude ဘုရားရှိခိုးကျောင်း(ရန်ကင်း)၌ ဝတ်ပြုဆုတောင်းပြီး ရေဝေးခရစ်ယာန်သင်္ချိုင်း၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးကျော်ငြိမ်း (၄၈)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ လှည်းတန်း(၆)လမ်း၊ အမှတ်(၁၇)နေ (ဦးကြည်မောင်)–ဒေါ်ခင်ညွန့်(ခ)မရှမ်းတို့၏သား၊ ဦးညိုထွန်း– ဒေါ်ခင်အုန်းမြင့်(မြန်မာ့နှစ်ရှည်ပင်)၊ ဦးမောင်မောင်ဦး၊ ဒေါ်ခင်မြဝင်း(နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံး)တို့၏ ညီ/မောင်၊ ဦးသန်းအောင်စိန်(နိုင်ဂရုဆောက်လုပ်ရေး)–ဒေါ်ခင်မြစိန်(ကမာရွတ်မြို့နယ် စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး)၏ အစ်ကို၊ မရွှန်းလဲ့ဖြိုး(TTC)၊ လုံးလုံးပြည့်တို့၏ ဘကြီး ဦးကျော်ငြိမ်းသည် ၂၇–၄–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၂၉–၄–၂၀၀၄ရက် ညနေ ၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃း၄၅ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ဝိမလ
သိက္ခာတော်(၆၇)ဝါ၊ သက်တော်(၈၇)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကုဋ္ဌာရာမကျောင်းတိုက်၊ ကြို့ကုန်း–အောင်မြေရွှေဂူကျောင်းတိုက်၊ ဟသ်ာတခရိုင်၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်း၊ ဇေယျာသိဒ်မြို့မကျောင်းတိုက်ကြီးတို့၏ ဦးစီးပဓာနနာယက ဖြစ်တော်မူသော ဘဒ္ဒန္တ ဝိမလ မဟာထေရ်မြတ်ကြီးသည် ၁၃၆၆ ခုနှစ်၊ ကဆုန်လဆန်း၇ရက်၊ ၂၅–၄–၂၀၀၄(တနင်္ဂနွေနေ့) နံနက် ၇း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူပါ၍ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို ၁၃၆၆ခုနှစ်၊ ကဆုန်လဆန်း၁၁ရက်၊ ၂၉–၄–၂၀၀၄ (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်သုသာန်၌ အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအသိပေးအပ်ပါသည်။

တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ ကုသလ(နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)
သိက္ခာတော်(၅၈)ဝါ၊ သက်တော်(၇၈)နှစ်

ဧရာဝတီတိုင်း၊ ဖျာပုံခရိုင်၊ ဒေးဒရဲမြို့နယ်၊ အမှတ်(၁)ရပ်ကွက်၊ တောကျောင်းတိုက်ကြီးနှင့် စိန္တာမုနိဘုရားကြီးကျောင်းတိုက်ကြီး၏ ဦးစီးပဓာန၊ မဟာနာယက၊ တောကျောင်းပဝါရဏာဂိုဏ်းကြီး၏ ဂဏာဓိပတိ၊ လဒ္ဓိပေသလ သိက္ခာကာမ ဝိနယဂရုက၊ သံသာရဘီရုက၊ ပရိယတ္တိဆေက ဂဏာဝိရောခနေ၊ ကမ္မဋ္ဌာနာစရိယ နယ်လှည့်သာသနာပြုဆရာတော်ကြီးသည် (၁၃၆၆ခုနှစ် ကဆုန်လဆန်း ၅ရက်)၊ (သောကြာနေ့) ည ၁၂း၁၅နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူပြီးဖြစ်ပါ၍ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်တော်ကို (၁၃၆၆ခု၊ ကဆုန်လပြည့်နေ့၊ ၃–၅–၂၀၀၄)ရက် မွန်းလွဲ ၂နာရီတွင် ထီးဖြူတော်ဖွင့် ကြာကလာပ်တင်စံကျောင်းချအခမ်းအနား ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ဈာပနရက်ထပ်မံကြေညာပါမည်။)

တောကျောင်းတိုက်၊ စိန္တာမုနိဘုရားကြီးကျောင်းတိုက်
တပည့်သံဃာတော်များနှင့် ဈာပနကော်မတီ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ မုနိန္ဒမဟာထေရ်
သိက္ခာတော်(၅၁)ဝါ၊ သက်တော်(၇၁)နှစ်

စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်၊ စက္ကုပါတင်းကုတ်ကြီးရွာ၊ ရေတွင်းကုန်းကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တ မုနိန္ဒသည် (၁၃၆၆ခုနှစ် ကဆုန်လဆန်း ၃ရက်)၂၁–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁၂း၄၀နာရီတွင် စက္ကုပါတင်းကုတ်ကြီးရွာ ရေတွင်းကုန်းကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပါကြောင်း တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းအား အကြောင်းကြားပါသည်။ (ဈာပနရက်ကို ထပ်မံကြေညာပါမည်။) တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ။

ဘုရား၊ရဟန်း၊ကျောင်း၊သိမ်ဒါယိကာမကြီး
ဒေါ်ငွေရှင်(၆၅)နှစ်
မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ၊ ကျွန်းစု

ကျိုက္ခမီမြို့၊ ရွှေပိတောက်ရပ်နေ ဦးကျန်သာ–ဒေါ်အေးထိန်တို့၏ သမီးထွေး၊ ကျွန်းစုမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးသန်းကြွယ်၏ဇနီး၊ ဦးအောင်သန်းဦး–ဒေါ်အေးဝင်း၊ ဦးအောင်ကျော်မိုး–ဒေါ်စီစီသန်း၊ မောင်ကျော်မိုးထွန်းတို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏အဘွားသည် ၂၄–၄–၂၀၀၄ရက်ည ဝ၈း၃၀နာရီတွင် ကျွန်းစုမြို့နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၈–၄–၂၀၀၄ (ဗုဒ္ဓဟူးနေ့)တွင် ကျွန်းစုမြို့သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယိကာမကြီး
အင်ဖိတ်ကရောင်း(ခ)ဒေါ်ခင်စိန်
အသက်(၉၁)နှစ်
(ဆင်မလိုက်–ကွမ်းခြံ)

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ဆင်မလိုက်–အုန်းတော၊ စံပယ်မာဃလမ်း၊အမှတ်(၅)နေ (ဦးဟုတ်ခင်)၏ဇနီး၊ ဦးသန်းဇော်–ဒေါ်မြင့်မြင့်အေး၊ဒေါ်ရီရီမြင့်(ထွေ/အုပ်၊ ကမာရွတ်)–ဦးကျော်တင့်(ဥက္ကဋ္ဌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၊ပန်းတောင်း)၊ ဦးသိန်းဇော်–ဒေါ်သီတာထွေး၊ ဒေါ်မြင့်မြင့်ရီ–(ဦးကျော်ဝင်း)၊ ဒေါ်ခင်ခင်မြင့်၊ ဒေါ်ခင်မြင့်ကြည်–ဦးမျိုးအောင်၊ ဦးဝင်းဇော်–ဒေါ်စန္ဒာလင်း၊ ဦးမင်းဇော်၊ ဦးမျိုးဇော်၊ ဒေါ်ခင်မြသိန်း၊ ဒေါ်ခင်မြတ်ဝါ၊ ဦးဇော်ဝင်းထွန်း – ဒေါ်သန်းသန်းအေး၊ ဒေါ်စန်းစန်းဌေး–ဦးလှသွင်၊ ဦးမြင့်သိန်း၊ ဦးအေးလွင်၊ မသက်ရွှေဇင်၊ မခင်ကြူကြူခိုင်၊ မအိဆွေမြင့်၊ မောင်အောင်ကျော်စိုး၊ မသီတာစိုး၊ မောင်အောင်ကျော်တိုး၊ မောင်ကျော်မျိုးခိုင်တို့၏ အဘွား၊ မြစ်၁၉ယောက်တို့၏ အဘွားသည် ၂၆–၄–၂၀၀၄ရက်တွင် ကွယ်လွန်ပါ၍ ၂၈–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင်ထွက်ပါမည်။)ကျန်ရစ်သူမိသားစု။

ယူစိန်ထွန်း(ခ)ဦးစိန်ထွန်း
အသက်(၄၈)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ် ရွှေတောင်တန်းလမ်း၊ အမှတ်(၁၀၄) ပထမထပ်နေ [ယူဟုန်စိန်–ဒေါ်အေးစိန်(ခ)အင်ရောက်လမ်း]တို့၏ သားလတ်၊ (ယူကျန့်ကော)၊ ယူအိုက်တင်၊ ယူတင်တင်၊ ယူတင်ကြည်တို့၏ ညီ/မောင်၊ (ယူတင်အေး)၏ အစ်ကိုသည် ၂၆–၄–၂၀၀၄ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၂၈–၄–၂၀၀၄ရက် နံနက် ၁၁နာရီတွင် ရန်ကုန်ဆေးရုံကြီးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဒေါ်ချိုချို(ခ)ဒေါ်သန်းစီ
အသက်(၈၂)နှစ်

(ဦးဖိုးကွယ်–ဒေါ်မေရှင်)တို့၏သမီး၊ အင်းစိန်မြို့နယ်၊ နံ့သာကုန်းရပ်ကွက်၊ အဝေယာလမ်း၊ (၅၃၆/ဂ)နေ ဦးရဲဝင်း(လ/ထညွှန်ကြားရေးမှူး၊ငြိမ်း၊အကောက်အခွန် ဦးစီးဌာန)၏ဇနီး၊ ဦးထွန်းစီ(ဒု–အကောက်ခွန်မှူး၊အကောက်ခွန်ဦးစီးဌာန)–ဒေါ်ဝင်းဝင်း၊ ဦးအောင်ထွန်း–ဒေါ်မာမာချိုတို့၏ မွေးသမိခင်၊ မြေးခုနစ်ယောက်၊ မြစ်နှစ်ယောက်တို့၏အဘွား ဒေါ်ချိုချိုသည် ၂၇–၄–၂၀၀၄ရက် နေအိမ်တွင် ခရစ်တော်၌ အိပ်ပျော်သွားပါ ၍ ၂၉–၄–၂၀၀၄ (ကြာသပတေးနေ့) နံနက် ၉နာရီတွင် ရေဝေးခရစ်ယာန် သင်္ချိုင်း၌ ဝတ်ပြုဆုတောင်းပြီး သင်္ဂြိုဟ် ပါမည်။ (နေအိမ်နှင့်ရွာမနစ်ခြင်းခရစ်ယာန်အသင်းတော်ရှေ့မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်း၊ ကျောင်းအမကြီး
ဒေါ်ညိုညို (၅၅)နှစ်
(စစ်တွေ)

စစ်တွေမြို့၊ မြို့သူကြီးရပ်ကွက်နေ (ဦးမောင်လှအောင်–ဒေါ်မွှေးခိုင်ဦး) တို့၏ သမီး၊ ဦးအောင်ထွန်းမြ–ဒေါ်သတင်းဖြူတို့၏ သမီးချွေးမ၊ ဦးကျန်းသီးအောင်(ဒုတိယညွှန်ကြားရေးမှူး၊ လဝက၊ သာယာဝတီ)–ဒေါ်ချစ်မေဆန်း၊ ဒေါ်ကွန်မဖြူတို့၏ ညီမ၊ ဦးဟန်ထွန်းမောင်–ဒေါ်မခင်သာတို့၏ အစ်မ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ နာဂလိုဏ်ဂူကုန်သွယ်/လယ်ယာဝင်းနေ ဦးထွန်းမောင် (ဌာနစုမန်နေဂျာ၊ တကခ–၄၊ ကုန်သွယ်လယ်ယာ)၏ ချစ်လှစွာသောဇနီး၊ မောင်မောင်မြင့်၊ မမြတ်မွန်စိုး (2nd. Year Physics)တို့၏ မွေးသမိခင် ကျေးဇူးရှင်သည် ၂၆–၄–၂၀၀၄(တနင်္လာနေ့) ညနေ ၄း၀၅နာရီတွင် ရွှေဂုံတိုင် အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၂၈–၄–၂၀၀၄(ဗုဒ္ဓဟူးနေ့) ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

လျှပ်စစ်စွမ်းအားကဏ္ဍသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့်ကဏ္ဍဖြစ် လျှပ်စစ်စီမံကိန်းများကို သက်ဆိုင်ရာဌာနအားလုံး စုစည်းပူးပေါင်း အကောင်အထည်ဖော်ရန် လိုအပ်

☆ ရွှေ့ဖုံးမှ

အမှတ်(၁) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း၊ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်လွန်းသီ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်းနှင့် လုပ်ငန်းကော်မတီ အတွင်းရေးမှူး လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဒုတိယဗိုလ်မှူးကြီးဖေငြိမ်းက ဆောင်ရွက်သည်။

ညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပဏာမ အမှာစကားပြောကြားရာ၌ ယနေ့ အစည်းအဝေးသည် နိုင်ငံတော်၏ လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများနှင့် စပ်လျဉ်းပြီး ရှေ့ဆက် မည်သို့အကောင်အထည်ဖော်သွားမည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးရန် ခေါ်ယူသည့် အစည်းအဝေးဖြစ်ကြောင်း။

လျှပ်စစ်စွမ်းအားကဏ္ဍသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် **စာမျက်နှာ ၈ ကော်လံ ၁ သို့** ❁

မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်း

မကြာမီကာလအတွင်း တည်ဆောက်ပြီးစီး ဖွင့်လှစ်မည့် မကွေးတိုင်း စေတုတ္တရာမြို့နယ်မှ လျှပ်စစ်ဓာတ်အား ၇၅ မဂ္ဂါဝပ် ရရှိမည့် မုန်းချောင်းရေအားလျှပ်စစ်စီမံကိန်းတွင် သံမဏိပိုက်ကြီးများ တပ်ဆင်နေစဉ်။ (ဓာတ်ပုံ-ကြေးမုံ)

ဖိဖိစီးစီး ကြိုးစားအကောင်အထည်ဖော်

- ☆ လျှပ်စစ်စွမ်းအား တိုးတက်ဖွံ့ဖြိုးမှုနှင့် နိုင်ငံတော်၏ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်မှုတို့သည် ဆက်စပ်ဆက်နွယ်လျက်ရှိ၊
- ☆ လျှပ်စစ်စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများကို အကောင်အထည်ဖော်ရာ၌ ဖြစ်ပေါ်နေသော အခြေအနေများအပေါ် တည်မှီ၍ အဆင့်ဆင့် အကောင်အထည် ဖော်သွားကြရမှာဖြစ်၊
- ☆ ယင်းသို့ အကောင်အထည်ဖော်ရာ၌ မဟာဓာတ်အားလိုင်းအတွင်း အကျုံးဝင်သည့် လျှပ်စစ်စီမံကိန်း လုပ်ငန်းကြီးများရှိသကဲ့သို့ နယ်မြေဒေသအလိုက် ဒေသတွင်းသုံးစွဲရန်အတွက် အကောင်အထည်ဖော်မည့် လျှပ်စစ်စီမံကိန်းလုပ်ငန်းများဟူ၍ နှစ်ပိုင်းရှိ၊
- ☆ ယင်းလုပ်ငန်းနှစ်ပိုင်းလုံးကို ဟန်ချက်ညီညီ အကောင်အထည်ဖော်နိုင်ရန် Integrated Plan ရေးဆွဲရမည်ဖြစ်၊
- ☆ သို့မှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စက်မှုနိုင်ငံတော်ကို ပီပြင်စွာ အမြန်အကောင်အထည် ဖော်နိုင်မှာဖြစ်၊
- ☆ ယခုကဲ့သို့ လျှပ်စစ်စီမံကိန်းလုပ်ငန်းများကို အကောင်အထည်ဖော်သည့်အခါ သက်ဆိုင်ရာဌာနအားလုံး စုစည်းပူးပေါင်း အကောင်အထည်ဖော်ရန် လိုအပ်၊
- ☆ စီမံကိန်းလုပ်ငန်းများအပါအဝင် အခြေအနေအရပ်ရပ်ကို တညီတညွတ်တည်း နားလည်သဘောပေါက်ပြီး တာဝန်ခံဌာနများက ဖိဖိစီးစီး ကြိုးကြိုးစားစား အကောင်အထည်ဖော်ရမှာဖြစ်၊
- ☆ ပံ့ပိုးအထောက်အကူပြုရမည့် ဝန်ကြီးဌာနများကလည်း လိုအပ်သည်များကို ထိထိမိမိ ပံ့ပိုးအထောက်အကူ ပြုရမှာဖြစ်၊
- ☆ သို့မှသာ လျှပ်စစ်ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများသည် လေးနှစ် ငါးနှစ်အတွင်း အကောင်အထည်ဖော် ပြီးစီးပြီး ဖွံ့ဖြိုးသွားမှာဖြစ်၍ မိမိတို့တိုင်းပြည်သည် အရှိန်အဟုန်ဖြင့် ဆက်လက်ဖွံ့ဖြိုးတိုးတက်တော့မှာဖြစ်၊

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



ပေါင်းလောင်း ရေအားလျှပ်စစ်စီမံကိန်း

မကြာမီကာလအတွင်း တည်ဆောက်ပြီးစီးဖွင့်လှစ်မည့် မန္တလေးတိုင်း ပျဉ်းမနားမြို့နယ်မှ လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၈၀ ရရှိမည့် ပေါင်းလောင်းရေအားလျှပ်စစ်စီမံကိန်းတွင် ရေအားလျှပ်စစ်ထုတ်လုပ်ရန်အတွက် ရေယူဥမင်လိုဏ်ခေါင်း ဖောက်လုပ်ထားသည်ကို ဤသို့ တွေ့ရသည်။ (ဓာတ်ပုံ-ကြေးမုံ)

(28-4)KM.P65 20 28/4/04, 1:42 AM